# ကြေးမုံ

**The Mirror Daily**

၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။

Established in 1957


### ယောက်ျားအာဇာနည်

ယောက်ျားအာဇာနည်မျိုးသည် ဖြစ်ထွန်းပေါ်ပေါက်နိုင်ခဲ၏။ ထိုယောက်ျားအာဇာနည်မျိုးသည် ခပ်သိမ်းသော အရပ်ဒေသ၊ ခပ်သိမ်းသော အမျိုးအနွယ်တို့၌ မဖြစ်ထွန်းနိုင်၊ ပညာရှိသော အာဇာနည်ယောက်ျားမျိုးသည် အကြင်အမျိုးအနွယ်၌ ဖြစ်၏။ ထိုအမျိုးအနွယ်သည် ချမ်းသာခြင်းသို့ ရောက်၏။

ဗုဒ္ဓဝဂ်(ဓမ္မပဒ-၁၉၃)


၁၃၈၇ ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၁၀ ရက်၊ စနေနေ့။ Saturday, 19 July 2025 ၁၁၈၈၃




ကြေးမုံ

# အာဇာနည်ခေါင်းဆောင်များကိုမမေ့ အားလုံးကြိုးစားအလုပ်လုပ်ကြဖို့လို

ယနေ့သည် ၂၀၂၅ ခုနှစ် (၇၈)နှစ်မြောက် အာဇာနည်နေ့ဖြစ်သည်။ အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းအပါအဝင် တိုင်းပြည်ခေါင်းဆောင်များကို မသမာသူ အကြမ်းဖက်သမားများက ရက်ရက်စက်စက် လုပ်ကြံသတ်ဖြတ်ခဲ့သည့် တစ်တိုင်းပြည်လုံး ပူဆွေးသောကယူကျုံးမရဖြစ်ကြရသောနေ့ဖြစ်သည်။

အာဇာနည်ခေါင်းဆောင်ကြီးများ ကျဆုံးခဲ့သည်မှာ ယခုအခါ (၇၈)နှစ်ပြည့်ပြီဖြစ်သည်။ ပြည်သူများအားလုံး အာဇာနည်ခေါင်းဆောင်များကို မမေ့နိုင်သေးပေ။ အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ ခေါင်းဆောင်ကြီးများ၊ အမျိုးသားခေါင်းဆောင်များ၊ သူရဲကောင်းများအားလုံး နိုင်ငံနှင့်လူမျိုးအတွက် အသက်ပေး၍ တိုက်ပွဲဝင်ခဲ့ပြီး တိုင်းရင်းသားပြည်သူလူထုတစ်ရပ်လုံး၏ ပေါင်းရုံးညီညာစွာလှုပ်ရှားခဲ့သောကြောင့် (၁၈၂၄-၁၉၄၈) ၁၂၄ နှစ်တိတိ ဆုံးရှုံးခဲ့သော မြန်မာ့လွတ်လပ်ရေးကို ပြန်လည်ရယူနိုင်ခြင်းဖြစ်သည်။ မြန်မာ့လွတ်လပ်ရေးအောင်ပန်းကို အောင်ဆန်း-အက်တလီစာချုပ်ချုပ်ဆိုပြီး ရယူပေးခဲ့သည့် လွတ်လပ်ရေးဗိသုကာကြီး ဗိုလ်ချုပ်အောင်ဆန်း၏ နိုင်ငံရေးဦးဆောင်မှု သမိုင်းမော်ကွန်းကို ကမ္ဘာတည်သရွေ့ မေ့နိုင်မည်မဟုတ်ပေ။

ယခုအခါ ဗိုလ်ချုပ်ကို သိမီလိုက်ကြသူများ မရှိသလောက်နည်းပါးသွားပြီဖြစ်သော်လည်း ဗိုလ်ချုပ်နှင့် မကြုံဆုံလိုက်ရသည့် မျိုးဆက်များအားလုံးမှာ ဗိုလ်ချုပ်၏ပွင့်လင်းစွာပြောကြားခဲ့သည့် မိန့်ခွန်းစကားများအရ ယနေ့ထက်တိုင် မမေ့နိုင်ကြခြင်းဖြစ်ပေသည်။ ဗိုလ်ချုပ်၏ တိုင်းပြည်အပေါ်ထားရှိသည့် စေတနာ၊ သဒ္ဓါနှင့် ကိုယ်ကျိုးစွန့် အနစ်နာခံစိတ်ဓာတ်များမှာ မြန်မာပြည်သူ ပြည်သားများအားလုံးအတွက် မမေ့နိုင်စရာအချက်များသာဖြစ်သည်။ မျက်မှောက်ကာလတွင် ဗိုလ်ချုပ်မိန့်ကြားခဲ့သောအမှာစကားများကို မှတ်သားလိုက်နာကြမည်ဆိုပါက ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ အာဇာနည်ခေါင်းဆောင်များအားလုံးကို ပြန်လည်ကျေးဇူးဆပ်ရာ ရောက်ပေမည်။

လွတ်လပ်ရေးရပြီးသည့်အခါ တိုင်းပြည်ကာကွယ်ရေးတာဝန်သည် မြန်မာများ၏တာဝန်ဖြစ်သည်။ တိုးတက်သည့်နိုင်ငံများလို ဖြစ်ချင်လျှင် အလုပ်လုပ်ရမည်ဖြစ်သည်။ လွတ်လပ်ရေးရသော်လည်း လွတ်လပ်ရေး၏တာဝန်များကို မထမ်းဆောင်ချင်လျှင် ရရှိသည့်လွတ်လပ်ရေးသည် ပြန်လည်ဆုံးရှုံးသွားမည်ဖြစ်သည်။ လွတ်လပ်ရေးရသည့်အခါ စီမံကိန်းအမျိုးမျိုးဖြင့်လုပ်မှ၊ ရုန်းကန်လုပ်နိုင်မှ အနှစ် ၂၀ ကြာသည့်အခါ တန်းတူညီတူဖြစ်နိုင်သည်။ တန်းတူညီတူမဖြစ်သမျှကာလပတ်လုံး တိုင်းပြည်လွတ်လပ်သည်ဆိုသော်လည်း သူတစ်ပါးကို မျက်နှာချိုသွေးရသလိုဖြစ်မည်ဟု ဗိုလ်ချုပ်က ပွင့်ပွင့်လင်းလင်း အတိအလင်းပြောကြားထားသည်။

လွတ်လပ်ရေးရသည့်အခါ တိုင်းရင်းသားအချင်းချင်း ညီညွတ်ရေး၊ တိုင်းသူပြည်သား လူထုညီညွတ်ရေး ညီညွတ်ရေးနှစ်ခုမရှိသမျှ ကာလပတ်လုံး တိုင်းပြည်သည် လွတ်လပ်ပင် လွတ်လပ်သော်ငြားလည်း ဘယ်ပါတီတက်တက်၊ ဘယ်အစိုးရတက်တက် အောက်ကျနောက်ကျတိုင်းပြည်ဖြစ်နေမည်။ မြန်မာအချင်းချင်း တိုက်ခိုက်သည့်အလုပ်သည် တိုင်းပြည်ကို မည်သည့်အခါမှ ပြန်လည်ထူထောင်နိုင်မည်မဟုတ်၊ တိုင်းပြည် မည်သည့်အခါမှ လွတ်လပ်မည်မဟုတ်၊ လွတ်လပ်လျှင်လည်း မည်သည့်အခါမှ ကျကျနနလွတ်လပ်ရေးမဖြစ်နိုင်။ လွတ်လပ်ရေးကို လိုချင်လျှင် လွတ်လပ်ရေးရနိုင်လောက်သည့် စည်းကမ်းရှိရန်၊ လွတ်လပ်ရေးရနိုင်သည့် ညီညွတ်မှုကို ထိန်းသိမ်းရန်၊ လွတ်လပ်ရေးရနိုင်သည့် ထူထောင်မှုကို လုပ်ကြရန်၊ လွတ်လပ်ရေးအရသာကို ခံစားချင်လျှင် အလုပ်လုပ်ကြရန်၊ စည်းကမ်းရှိကြရန်၊ ယခုကတည်းက အကျင့်ဆိုး၊ အကျင့်ဟောင်းများကို ပြင်ကြရန် ဗိုလ်ချုပ်အောင်ဆန်းက နောက်ဆုံးမှာကြားခဲ့သည်။

မျက်မှောက်ကာလတွင် အာဇာနည်ခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်း လေးလေးနက်နက် မှာကြားခဲ့သည့်အတိုင်း တိုင်းပြည်ပြန်လည်ထူထောင်ရေးကို လုပ်ကိုင်နေကြသည်။ တိုင်းပြည်တိုးတက်ရေး၊ ကြီးပွားရေး၊ တည်ငြိမ်အေးချမ်းရေး၊ ဖွံ့ဖြိုးတိုးတက်ရေး၊ ကာကွယ်ရေးတို့ကို လုပ်ကိုင်နေကြသည်။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးလိုလားသည့် စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရန်နှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နေကြသည်။ ပြည်သူလူထု၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်လျက်ရှိသည်။

သို့ဖြစ်ရာ ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ အာဇာနည်ခေါင်းဆောင်ကြီးများအား မမေ့နိုင်သလို၊ ချစ်မြတ်နိုးသလို တိုင်းရင်းသားအချင်းချင်းညီညွတ်ရေး၊ တိုင်းသူပြည်သား လူထုညီညွတ်ရေးကို ခိုင်မာအောင်တည်ဆောက်ပြီး အခြားနိုင်ငံများနှင့် တန်းတူရင်ပေါင်တန်းအမီလိုက်နိုင်ရန် အစွမ်းကုန်ကြိုးပမ်းအလုပ်လုပ်ကြရန် အလေးအနက်တိုက်တွန်းအပ်ပါကြောင်း။ ။

## ရောဝတီမြစ်၊ စစ်တောင်းမြစ်နှင့် ငဝန်မြစ်ကမ်းအနီးနေထိုင်သူများ မြစ်ရေမြင့်တက်လာပါက အချိန်မီရှောင်ရှားနိုင်ရန် သတိပေးနှိုးဆော်

နေပြည်တော် ဇူလိုင် ၁၈

ယနေ့နံနက် ၆ နာရီခွဲ တိုင်းထွာချက်အရ ဧရာဝတီမြစ်ရေသည် ဇလွန်မြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက် သုံးလက်မခန့်တွင် ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်သို့ ရောက်ရှိနိုင်သည်။

ယနေ့နံနက် ၆ နာရီခွဲ တိုင်းထွာချက်အရ စစ်တောင်းမြစ်ရေသည် တောင်ငူမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက် ပေဝက်ကျော်တွင် ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်သို့ ရောက်ရှိနိုင်သည်။

ယနေ့နံနက် ၆ နာရီခွဲ တိုင်းထွာချက်အရ ငဝန်မြစ်ရေသည် ငါးသိုင်းချောင်းမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက် ပေဝက်ခန့်တွင် ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်နှစ်ရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်သို့ ရောက်ရှိနိုင်သည်။

ယနေ့နံနက် ၆ နာရီခွဲ တိုင်းထွာချက်အရ တိုးမြစ်ရေသည် မအူပင်မြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက် တစ်ပေခွဲကျော်တွင် ရောက်ရှိနေသည်။ အဆိုပါ မြစ်ရေသည် နောက်တစ်ရက်အတွင်း ဒီရေမြင့်တက်ချိန်တွင် စိုးရိမ်ရေမှတ်သို့ ရောက်ရှိနိုင်သည်။

သို့ဖြစ်ပါ၍ ဇလွန်မြို့နယ်၊ တောင်ငူမြို့နယ်၊ မအူပင်မြို့နယ်နှင့် ငါးသိုင်းချောင်းမြို့တို့အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် ကြိုတင်သတိပြုနိုင်ပါရန်နှင့် မြစ်ရေမြင့်တက်လာပါက အချိန်မီရှောင်ရှားနိုင်ပါရန် သတိပေးနှိုးဆော်အပ်ပါသည်။

မိုး/ဇလ

## ဟင်္သာတမြို့နယ်၊ ဆိပ်သာမြို့နှင့် မဒေါက်မြို့အတွင်း မြစ်ကမ်းအနီးနေထိုင်သူများ ရေဘေးလွတ်ရာနေရာများသို့ ရှောင်ရှားနိုင်ပါရန် သတိပေးနှိုးဆော်

နေပြည်တော် ဇူလိုင် ၁၈

ယနေ့နံနက် ၆ နာရီခွဲ တိုင်းထွာချက်အရ ဧရာဝတီမြစ်ရေသည် ဆိပ်သာမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ပေဝက်ကျော် ကျော်လွန်နေပြီး နောက်တစ်ရက်အတွင်း နှစ်လက်မခန့် မြင့်တက်လာနိုင်ကာ ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

ယနေ့နံနက် ၆ နာရီခွဲ တိုင်းထွာချက်အရ ဧရာဝတီမြစ်ရေသည် ဟင်္သာတမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ပေဝက်ခန့် ကျော်လွန်နေပြီး နောက်တစ်ရက်အတွင်း သုံးလက်မခန့် မြင့်တက်လာနိုင်ကာ ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

ယနေ့နံနက် ၆ နာရီခွဲ တိုင်းထွာချက်အရ စစ်တောင်းမြစ်ရေသည် မဒေါက်မြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ တစ်ပေခန့် ကျော်လွန်နေပြီး နောက်တစ်ရက်အတွင်း သုံးလက်မခန့် မြင့်တက်လာနိုင်ကာ ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

သို့ဖြစ်ပါ၍ ဟင်္သာတမြို့နယ်၊ ဆိပ်သာမြို့နှင့် မဒေါက်မြို့တို့အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် ရေဘေးလွတ်ရာနေရာများသို့ ရှောင်ရှားနိုင်ပါရန်သတိပေးနှိုးဆော်အပ်ပါသည်။မိုး/ဇလ

**နိုင်ငံ့ဝန်ထမ်းများအား မည်သည့်နည်းလမ်းဖြင့်မဆို ခြိမ်းခြောက်ခြင်း၊ တာဝန်ထမ်းဆောင်မှုအား နှောင့်ယှက်ခြင်းများ ဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

## ၁၈ - ၇ -၂၀၂၅ ရက်နေ့ ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေတစ်ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်)၏ **ဈေးနှုန်းမှာ ငွေကျပ် ၅၈၈၀၀၀၀** ဖြစ်သည်။

ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

၁၈- ၇ - ၂၀၂၅

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၇,၀၀၀ | ၇,၁၀၀ | ၅၁၈ | ၃,၆၇၆,၈၀၀ |
| MTSH | ၃,၂၅၀ | ၃,၃၅၀ | ၃၀၈ | ၁,၀၁၅,၀၀၀ |
| MCB | ၇,၄၀၀ | ၇,၅၀၀ | ၁၅၁ | ၁,၁၁၉,၇၀၀ |
| FPB | ၂,၀၀၀ | ၂,၀၀၀ | ၁၁ | ၂၂,၀၀၀ |
| TMH | ၂,၆၀၀ | ၂,၆၀၀ | ၁,၂၆၀ | ၃,၂၇၆,၀၀၀ |
| EFR | ၁,၇၀၀ | ၁,၆၀၀ | ၅၉၅ | ၉၅၈,၃၅၀ |
| AMATA | ၃,၇၀၀ | ၃,၆၀၀ | ၄၄၉ | ၁,၆၂၆,၅၀၀ |
| MAEX | ၃,၃၀၀ | ၃,၃၀၀ | ၁၀ | ၃၃,၀၀၀ |
| MADPL(PLB) | ၃,၀၅၀ | ၃,၀၅၀ | ၁,၀၅၀ | ၃,၂၀၂,၅၀၀ |

ရန်ကုန်စတော့အိတ်ချိန်းမှရယူသည်။

ကြေးမုံ

**စာတည်းမှူးချုပ်** - ဦးဝင်းနိုင်
**ခေတ္တ စာတည်းမှူး** - ဦးအေဝမ်းစိုး
**စာတည်းများ** - ဦးစန်းအောင်၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး၊ ဒေါ်စန်းယဉ်ဥ
**ဘာသာပြန် စာတည်းများ** - ဦးနိုင်လင်းကြည်၊ ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ
**အကြီးတန်း သတင်းထောက်များ** - ဦးစိုးအောင်၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး၊ ဒေါ်ခိုင်သန္တာရွှေ
**အငယ်တန်း သတင်းထောက်များ** - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင်
**သုတေသန** - ဒေါ်ဇင်မာဝင့်
**စာပြင်** - ဒေါ်ခင်နှင်းယုနှင့်အဖွဲ့
**စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း** - ဒေါ်နွယ်နွယ်ထွန်းနှင့်အဖွဲ့
**အီးမေးလ်နှင့် အွန်လိုင်း** - ဦးစိုးချစ်ဦးနှင့်အဖွဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

Gmail themirror.npt@gmail.com
https://www.moi.gov.mm/km

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

# ဝန်ကြီးများရုံး(အတွင်းဝန်ရုံး) အဆောက်အအုံသည် တန်ဖိုးဖြတ်၍မရသည့် ရှေးဟောင်းသမိုင်းဝင်အဆောက်အအုံဖြစ်သဖြင့် ရေရှည်တည်တံ့ခိုင်မြဲနေစေရေး ပြုပြင်ထိန်းသိမ်းမှုများ မူလလက်ရာအတိုင်း စဉ်ဆက်မပြတ်ဆောင်ရွက်


နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဗိုလ်ချုပ်အောင်ဆန်းပြတိုက်(ရန်ကုန်)တွင် ပြင်ဆင်ခင်းကျင်းပြသထားရှိမှုများကို ကြည့်ရှုစစ်ဆေးစဉ်။

**နေပြည်တော် ဇူလိုင် ၁၈**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် သည် ခရီးစဉ်တွင် လိုက်ပါလာသည့် ကောင်စီတွဲဖက်အတွင်းရေးမှူး၊ ကောင်စီဝင်များ၊ ပြည်ထောင်စုဝန်ကြီးများနှင့်အဖွဲ့ဝင်များ၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများ လိုက်ပါ၍ ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး ဗဟန်းမြို့နယ်ရှိ ဗိုလ်ချုပ်အောင်ဆန်းပြတိုက် (ရန်ကုန်)နှင့် ဗိုလ်တထောင်မြို့နယ်ရှိ ဝန်ကြီးများရုံး (အတွင်းဝန်ရုံး) ပြင်ဆင်ခင်းကျင်း ပြသထားရှိမှုများကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်သည် ဗဟန်းမြို့နယ်ရှိဗိုလ်ချုပ်အောင်ဆန်းပြတိုက်(ရန်ကုန်)သို့ရောက်ရှိပြီး ဗိုလ်ချုပ်အောင်ဆန်းစီးနင်းခဲ့သည့် မော်တော်ယာဉ်နှင့် မှတ်တမ်းဓာတ်ပုံများပြခန်း၊ ပန်းခြံ၊ ဗိုလ်ချုပ်အောင်ဆန်း၏ ပုံတူ၊ ဗိုလ်ချုပ်၏ ငယ်ဘဝ၊ တက္ကသိုလ်ကျောင်းသားဘဝ၊ နိုင်ငံရေး လောကဘဝ၊ တပ်မတော်ခေါင်းဆောင်ဘဝ၊ နိုင်ငံခေါင်းဆောင်ဘဝ၊ မိသားစုဘဝမှတ်တမ်းများနှင့် မှတ်တမ်းဓာတ်ပုံများ၊ အသုံးပြုခဲ့သည့် အသုံးအဆောင်ပစ္စည်းများ၊ ဗိုလ်ချုပ်အောင်ဆန်းပြတိုက်၏ နောက်ခံသမိုင်းအကျဉ်း၊ ဧည့်ခန်း၊ အိပ်ခန်း၊ ဘုရားခန်း၊ စာကြည့်တိုက်နှင့် အထူးအစည်းအဝေးခန်းများအတွင်း ခင်းကျင်းပြသထားသည့် ဗိုလ်ချုပ်အောင်ဆန်း အသုံးပြုခဲ့သော အဝတ်အထည်များနှင့် အသုံးအဆောင်ပစ္စည်းများ၊ ပန်းချီကားများ၊ ဓာတ်ပုံများနှင့် ပရိဘောဂပစ္စည်းများ၊ ဗိုလ်ချုပ်အောင်ဆန်း ဖတ်ရှုလေ့လာခဲ့သည့် စာအုပ်များနှင့် ဗိုလ်ချုပ်၏သမိုင်းမှတ်တမ်းများအား ရေးသားထားသော ခေတ်အဆက်ဆက်တွင် ထုတ်ဝေခဲ့သည့် စာအုပ်များအား စိတ်ပါဝင်စားစွာဖြင့် လိုက်လံကြည့်ရှုရာ တာဝန်ရှိသူများက ရှင်းလင်းတင်ပြကြသည်။

ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ဗိုလ်ချုပ်အောင်ဆန်း စီးနင်းခဲ့သည့်မော်တော်ယာဉ်အား ရေရှည်တည်တံ့ကောင်းမွန်စေရေးအတွက် ကျွမ်းကျင်ပညာရှင်များဖြင့် ပြုပြင်ထိန်းသိမ်းခြင်းများ ဆောင်ရွက်သွားရန်လိုကြောင်း၊ အဆောက်အအုံအား ပြုပြင်ထိန်းသိမ်းခြင်း လုပ်ငန်းများ ဆောင်ရွက်ရာတွင် ရှေးမူကိုမထိခိုက်စေဘဲ ရှေးဟောင်းမူလလက်ရာများအတိုင်း ဖြစ်စေရန်အတွက် ယခင်မှတ်တမ်းဓာတ်ပုံများဖြင့် ပြန်လည်တိုက်ဆိုင်စစ်ဆေးပြီး စနစ်တကျ ထိန်းသိမ်းဆောင်ရွက်သွားရန် လိုကြောင်း၊ ပြတိုက်အတွင်းရှိ ဓာတ်ပုံများအား နည်းပညာများ အသုံးပြု၍ ထိန်းသိမ်းဆောင်ရွက်ပြီး ယခုထက်ပိုမိုကောင်းမွန် ကြည်လင်ပြတ်သားသည့်ပုံများဖြစ်အောင် ဆောင်ရွက်သွားရန်လိုကြောင်း၊ ပြတိုက်ပတ်ဝန်းကျင် သန့်ရှင်းသာယာလှပစေရေးအတွက် လမ်းဘေးဝဲယာရှိ သစ်ပင်များအား အောက်ခြေရှင်းလင်းခြင်းလုပ်ငန်းများကို ဆောင်ရွက်သွားရန်၊ အမှိုက်သရိုက်များမရှိစေရေး စဉ်ဆက်မပြတ် ဆောင်ရွက်သွားရန်နှင့် အခြားလိုအပ်သည်များကို လမ်းညွှန်မှာကြားသည်။

အဆိုပါ ဗိုလ်ချုပ်အောင်ဆန်းပြတိုက် (ရန်ကုန်)သည် မြန်မာ့လွတ်လပ်ရေးဗိသုကာ ဗိုလ်ချုပ်အောင်ဆန်း နေထိုင်ခဲ့သောအိမ်ကို ပြတိုက်အဖြစ်ခင်းကျင်းပြသထားခြင်းဖြစ်ကြောင်း၊ ၁၉၂၁ ခုနှစ်တွင် တည်ဆောက်ခဲ့သော အဆောက်အအုံဖြစ်ပြီး အနောက်တိုင်းဗိသုကာဟန်များ ရောနှောတည်ဆောက်ထားသော ဥရောပပုံစံအဆောက်အအုံ တစ်ခုဖြစ်ကြောင်း၊ ဗိုလ်ချုပ်အောင်ဆန်းသည် မိသားစုနှင့်အတူ ယခုအိမ်၌ ၁၉၄၅ ခုနှစ်၊ မေလမှ ၁၉၄၇ ခုနှစ်၊ ဇူလိုင်လ လုပ်ကြံခံရသည့်နေ့အထိ နေထိုင်ခဲ့ကြောင်း၊ ပြတိုက်အတွင်း ဧည့်ခန်း၊ ထမင်းစားခန်း၊ အိပ်ခန်း၊ စာဖတ်ခန်း၊ ကလေးများအိပ်ခန်း၊ အထူးအစည်းအဝေးခန်း၊ ဘုရားခန်း၊ ဗိုလ်ချုပ်အောင်ဆန်း အားလပ်ချိန်တွင် စိုက်ပျိုးသော စိုက်ခင်း၊ ဗိုလ်ချုပ်အောင်ဆန်း စီးနင်းအသုံးပြုခဲ့သည့် အင်္ဂလန်နိုင်ငံထုတ် WOLSELEY အမျိုးအစား မော်တော်ယာဉ်နှင့် ဓာတ်ပုံမှတ်တမ်းပြခန်းတို့အား ခင်းကျင်းပြသထားရှိပြီး အများပြည်သူများအနေဖြင့် တနင်္လာနေ့နှင့် ပြန်တမ်းဝင်ရုံးပိတ်ရက်များမှအပ ကျန်နေ့ရက်များနှင့် ဇူလိုင်လ ၁၉ ရက်နေ့တွင် ကျရောက်သည့် အာဇာနည်နေ့တို့တွင် နေ့စဉ် နံနက် ၉ နာရီခွဲမှ ညနေ ၄ နာရီခွဲအထိ အခမဲ့ လာရောက်လေ့လာကြည့်ရှုနိုင်ကြောင်း သိရှိရသည်။

ဆက်လက်ပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်သည် အဖွဲ့ဝင်များ လိုက်ပါ၍ ဗိုလ်တထောင်မြို့နယ်ရှိ ဝန်ကြီးများရုံး (အတွင်းဝန်ရုံး) အဆောက်အအုံသို့ ရောက်ရှိကြပြီး အဆောက်အအုံအတွင်း ခင်းကျင်းပြသထားသည့် သမိုင်းမှတ်တမ်း အထောက်အထား စာရွက်စာတမ်းများနှင့် ဓာတ်ပုံများ ထိန်းသိမ်းထားရှိမှုနှင့် လွှတ်တော်ခန်းမ ထိန်းသိမ်းထားရှိမှုတို့ကို စိတ်ပါဝင်စားစွာ လှည့်လည်ကြည့်ရှုရာ တာဝန်ရှိသူများက ရှင်းလင်းတင်ပြကြသည်။

ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က သမိုင်းကြောင်းကိုဖော်ပြလျက်ရှိသည့် ဓာတ်ပုံများနှင့် စာရွက်စာတမ်းများအား ခေတ်မီနည်းပညာများအသုံးပြု၍ ကြည်လင်ပြတ်သားမှုရှိအောင် ဆောင်ရွက်ပြီး ခင်းကျင်းပြသသွားရန် လိုကြောင်း၊ ဓာတ်ပုံများ၊ အသုံးအဆောင်ပစ္စည်းများအား အညွှန်းဖော်ပြရာတွင်လည်း ရေးထုံးသတ်ပုံများ စနစ်ကျမှန်ကန်မှုရှိရန်နှင့် လွယ်ကူရှင်းလင်းစွာ ဖတ်ရှုနားလည်နိုင်ရေးဆောင်ရွက်သွားရန်လိုကြောင်းနှင့် အခြားလိုအပ်သည်များကို မှာကြားသည်။

ထို့နောက် ဝန်ကြီးများရုံးအဆောက်အအုံအတွင်း လှည့်လည်၍ ဗိုလ်ချုပ်ရုံးခန်းနှင့် အစည်းအဝေးခန်းမအတွင်း ဗိုလ်ချုပ်နှင့် အာဇာနည်ပုဂ္ဂိုလ်များ လုပ်ကြံခံရမှုအားပြသထားရှိမှု၊ ဓာတ်ပုံပြခန်းအတွင်း သမိုင်းဝင်ဓာတ်ပုံများ ပြသထားရှိမှု၊ သမိုင်းဝင်အထောက်အထားများ ပြခန်းအတွင်း ခင်းကျင်းပြသထားရှိမှုနှင့် အဆောက်အအုံ ထိန်းသိမ်းထားရှိမှုတို့အား ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက ရှင်းလင်းတင်ပြကြသည်။

ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က အစည်းအဝေးခန်းမအတွင်း၌ ဗိုလ်ချုပ်နှင့် အာဇာနည်ပုဂ္ဂိုလ်များလုပ်ကြံခံရမှုနှင့် ဗိုလ်ချုပ်အောင်ဆန်း ရုံးထိုင်သည့်နေရာအား မူလခင်းကျင်းထားရှိမှုအတိုင်း ခင်းကျင်းပြသသွားရန်လိုကြောင်း၊ သမိုင်းအထောက်အထား ဓာတ်ပုံများအား ပုံစာအညွှန်းတပ်၍ ဖော်ပြသွားရန်လိုကြောင်း၊ သမိုင်းအထောက်အထား ဓာတ်ပုံများအား ထပ်မံပြုစု၍ ခင်းကျင်းပြသသွားရန်လိုကြောင်း၊ ဝန်ကြီးများရုံး (အတွင်းဝန်ရုံး) အဆောက်အအုံသည် တန်ဖိုးဖြတ်၍မရသည့် ရှေးဟောင်းသမိုင်းဝင်အဆောက်အအုံဖြစ်သဖြင့် ရေရှည်တည်တံ့ခိုင်မြဲနေစေရေး ပြုပြင်ထိန်းသိမ်းမှုများကို မူလလက်ရာအတိုင်း စဉ်ဆက်မပြတ် ဆက်လက်ဆောင်ရွက်သွားရန်လိုကြောင်း၊ အဆောက်အအုံ၏ အချို့နေရာများ၌ နိမ့်ကျနေမှုအား ပြန်လည်မြှင့်တင်ထိန်းသိမ်းနိုင်ရေး ပညာရှင်များဖြင့် စနစ်တကျသုတေသနပြု ဆောင်ရွက်သွားရန်လိုကြောင်းနှင့် အခြားလိုအပ်သည်များကို မှာကြားခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

☆ **ဗိုလ်ချုပ်အောင်ဆန်း စီးနင်းခဲ့သည့်မော်တော်ယာဉ်အား ရေရှည်တည်တံ့ကောင်းမွန်စေရေးအတွက် ကျွမ်းကျင်ပညာရှင်များဖြင့် ပြုပြင်ထိန်းသိမ်းခြင်းများ ဆောင်ရွက်သွားရန်လို**

☆ **အဆောက်အအုံအား ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းများ ဆောင်ရွက်ရာတွင် ရှေးမူကို မထိခိုက်စေဘဲ ရှေးဟောင်းမူလလက်ရာများအတိုင်း ဖြစ်စေရန်အတွက် ယခင်မှတ်တမ်းဓာတ်ပုံများဖြင့် ပြန်လည်တိုက်ဆိုင်စစ်ဆေးပြီး စနစ်တကျ ထိန်းသိမ်းဆောင်ရွက်**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဝန်ကြီးများရုံး(အတွင်းဝန်ရုံး)တွင် ပြင်ဆင်ခင်းကျင်းပြသထားရှိမှုများကို ကြည့်ရှုစစ်ဆေးစဉ်။




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် အခမ်းအနားတက်ရောက်လာကြသူများ ဆေးတက္ကသိုလ်-၁(ရန်ကုန်) ကျောင်းသူများက “မင်္ဂလာပါ” တေးသရုပ်ဖော်သီချင်းဖြင့် ဖျော်ဖြေတင်ဆက်မှုကို ကြည့်ရှုအားပေးစဉ်။

# ပြည်သူ့ဆေးရုံများအနေဖြင့် အရေးပေါ်လူနာများ အချိန်ပြည့်လက်ခံကုသနိုင်ရေးစီမံထားရှိပြီး လူနာများကိုတတ်နိုင်သမျှ ကုန်ကျစရိတ်မရှိစေဘဲ စိုက်ထုတ်သုံးစွဲရငွေလျော့နည်းစေရေး စီစဉ်ဆောင်ရွက်လျက်ရှိ

နေပြည်တော် ဇူလိုင် ၁၈

ကျန်းမာရေးဝန်ကြီးဌာန ဆရာဝန်(သစ်လွင်)များနှင့် သွားနှင့်ခံတွင်းဆရာဝန်(သစ်လွင်)များအား နိုင်ငံ့ဝန်ထမ်းပြန်တမ်းဝင်အရာရှိအဖြစ် တာဝန်ပေးအပ်ခြင်းခန့်အပ်လွှာပေးအပ်ပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ရှိမြန်မာကွန်ဗင်းရှင်းစင်တာ(ရန်ကုန်မြို့)၌ ကျင်းပပြုလုပ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တက်ရောက်အမှာစကားပြောကြားသည်။

အခမ်းအနားသို့ ကောင်စီတွဲဖက်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီးရဲဝင်းဦး၊ ကောင်စီဝင်များဖြစ်ကြသည့် ဗိုလ်ချုပ်ကြီးညိုစော၊ မန်းငြိမ်းမောင်၊ ဒေါက်တာမှူထန်၊ ပြည်ထောင်စုဝန်ကြီးများ၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ မြန်မာနိုင်ငံဆေးကောင်စီဥက္ကဋ္ဌ၊ မြန်မာနိုင်ငံသွားနှင့်ခံတွင်းဆေးကောင်စီဥက္ကဋ္ဌ၊ ကျန်းမာရေးဝန်ကြီးဌာနအောက်ရှိ ဆေးဘက်ဆိုင်ရာ တက္ကသိုလ်များမှ ပါမောက္ခချုပ်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများ၊ ဆရာဝန်(သစ်လွင်)များနှင့် သွားနှင့် ခံတွင်းဆရာဝန်(သစ်လွင်)များ တက်ရောက်ကြသည်။

## ကြိုဆိုနှုတ်ဆက်

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်သည် အခမ်းအနားကျင်းပမည့် မြန်မာကွန်ဗင်းရှင်းစင်တာသို့ ရောက်ရှိကြရာ ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်းနှင့် ကျန်းမာရေးဝန်ထမ်းများက ကြိုဆိုနှုတ်ဆက်ကြသည်။

ယင်းနောက် အခမ်းအနားကို စတင်ကျင်းပပြုလုပ်ရာ ဆေးတက္ကသိုလ်-၁(ရန်ကုန်)မှ ကျောင်းသူများက “မင်္ဂလာပါ” တေးသရုပ်ဖော်သီချင်းဖြင့် ဖျော်ဖြေတင်ဆက်ကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က အမှာစကားပြောကြားရာတွင် **နိုင်ငံတော်အနေဖြင့် တိုင်းရင်းသားပြည်သူများ၏ ကျန်းမာရေးအဆင့်အတန်း တိုးတက်မြင့်မားရေးအတွက် စဉ်ဆက်မပြတ်အားပေးလျက်ရှိပြီး ကျန်းမာမှအလုပ်လုပ်နိုင်မည်၊ ကျန်းမာမှပညာသင်ကြားနိုင်မည်ကို အားလုံးနားလည်ကြမည်ဖြစ်**ကြောင်း၊ ကျန်းမာရေးအတွက် အဓိကလိုအပ်သည်မှာ ကာယကံရှင်လူသားများ၏ နေထိုင်စားသောက်မှုနှင့် ကျန်းမာရေးအသိရှိမှုအပေါ်တွင် မူတည်သကဲ့သို့ လူသားတို့သည်သွေးနှင့်သားနှင့် ပတ်ဝန်းကျင်နှင့် နေထိုင်ကြရသည်ဖြစ်သည့်အတွက် ကျန်းမာရေး



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဆေးတက္ကသိုလ်(မန္တလေး)မှ ဆရာဝန်(သစ်လွင်)များအတွက် နိုင်ငံ့ဝန်ထမ်းပြန်တမ်းဝင်အရာရှိ ခန့်အပ်လွှာများကို ကိုယ်စားလှယ်တစ်ဦးအား ပေးအပ်စဉ်။

ထိခိုက်မည့် သက်ရောက်မှုများ အနည်းနှင့်အများ ကြုံကြရမည်ဖြစ်ကြောင်း၊ ယင်းကိုဖြေရှင်းပေးရမည်မှာ ကျန်းမာရေးဆိုင်ရာဝန်ထမ်းများက အဓိကဖြစ်ပြီး **လူသားများ သက်ရှည်ကျန်းမာရေးအတွက် ဆောင်ကြဉ်းပေးမည့် တာဝန်များထမ်းဆောင်ရန် မောင်တို့မယ်တို့ကို တာဝန်ပေးနိုင်ခြင်းအတွက် နိုင်ငံတော်ကိုယ်စား များစွာဝမ်းသာအားရရှိရသကဲ့သို့ မင်္ဂလာရှိသည့် နေ့ရက်တစ်ရက်ဖြစ်**ကြောင်းကို ပြောလိုကြောင်း၊ ကမ္ဘာပေါ်တွင်ရှိသည့် နိုင်ငံအသီးသီးက ပြည်သူများ၏ အသက်အန္တရာယ်နှင့် ကျန်းမာရေးစောင့်ရှောက်မှုစနစ်များကို ကြီးမားစွာရိုက်ခတ်စေခဲ့သည့် ကိုဗစ်-၁၉ ကမ္ဘာ့ကပ်ရောဂါဆိုးနှင့်အတူ လူမှုရေး၊ စီးပွားရေးနောက်ဆက်တွဲ ဆိုးကျိုးများ ဖြစ်ပေါ်ခဲ့ကြောင်း၊ ယင်းတို့ကို ကာကွယ်ထိန်းချုပ်တုံ့ပြန်နိုင်ရန်အတွက် နိုင်ငံတော်အစိုးရ၏ ဦးဆောင်လမ်းညွှန်မှုနှင့်အတူ ကျန်းမာရေးဝန်ကြီးဌာနနှင့် ကာကွယ်ရေးဝန်ကြီးဌာနတို့က အငြိမ်းစားပညာရှင်များအပါအဝင် ကျန်းမာရေးဆိုင်ရာပညာရှင်များ၊ နိုင်ငံအတွင်းရှိ စေတနာရှင်အဖွဲ့အစည်းများ၏ စွမ်းအားများ ပူးပေါင်းပါဝင်ခဲ့ကြကြောင်း၊

မြန်မာနိုင်ငံတွင် ဖြစ်ပွားခဲ့သည့်သဘာဝဘေးအန္တရာယ်များတွင် ကျန်းမာရေးဝန်ထမ်းများအနေဖြင့် ပြည်သူလူထု၏ကျန်းမာရေးကို အထူးအလေးပေး စောင့်ရှောက်ပေးခဲ့သည်ကိုတွေ့ရကြောင်း၊ ၂၀၂၃ ခုနှစ်တွင် ရင်ဆိုင်ကြုံတွေ့ရသည့် မိုခါဆိုင်ကလုန်းမုန်တိုင်း သဘာဝဘေးနှင့် ၂၀၂၄ ခုနှစ် ရာဂီမုန်တိုင်း၏အရှိန်ကြောင့် မိုးသည်းထန်စွာရွာသွန်းပြီး ရုတ်တရက် ရေကြီးရေလျှံမှုသဘာဝဘေးတွင်လည်း ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် အချိန်နှင့်တစ်ပြေးညီ ကျန်းမာရေးစောင့်ရှောက်မှု ဆေးကုသမှုလုပ်ငန်းများကို စဉ်ဆက်မပြတ်ဆောင်ရွက်ပေးနိုင်ခဲ့ကြောင်း၊ ယခုနှစ် မတ် ၂၈ ရက်တွင် လှုပ်ခတ်ခဲ့သည့် အင်အားပြင်း မန္တလေးငလျင်ကြီးကြောင့် ကျန်းမာရေးဝန်ထမ်းများသည် မိမိတို့ကိုယ်တိုင်ငလျင်ဘေးဒဏ်ကိုခံစားရပြီး ဒုက္ခရောက်နေရသော်လည်း ငလျင်ဒဏ်ခံရသည့် ပြည်သူလူထုအတွက် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို နေ့ရောညပါ ဆောင်ရွက်ပေးနိုင်ခဲ့ကြသည်ကို တွေ့ရကြောင်း၊ ပြည်တွင်း၊ ပြည်ပ ဆေးကုသရေးအဖွဲ့များနှင့် ပူးပေါင်း၍ အရေးပေါ်ဆေးကုသရေးအဖွဲ့များ၊ အထူးကုဆေးအဖွဲ့များနှင့် အရေးပေါ် တုံ့ပြန်ရေးအဖွဲ့များဖွဲ့စည်းကာ ကျေးလက်ဒေသအထိ ကွင်းဆင်းပြီး ငလျင်ဒဏ်သင့်ပြည်သူများ၏ ကျန်းမာရေးကို စွမ်းစွမ်းတမံစောင့်ရှောက်နိုင်ခဲ့သည်ကိုလည်း ဂုဏ်ယူလေးစားဖွယ်တွေ့ရှိခဲ့ရကြောင်း။

## ကြိုးပမ်းဆောင်ရွက်လျက်ရှိ

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ လူမှုရေးဦးတည်ချက်များမှ ဒုတိယအချက်ဖြစ်သည့် **“တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍမြှင့်တင် ဆောင်ရွက်ရေး”** ဦးတည်ချက်ကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ကျန်းမာရေးဝန်ကြီးဌာန၏ အဓိကတာဝန်ဖြစ်ကြောင်း၊ ထို့ကြောင့် ကာကွယ်ရေးဝန်ကြီးဌာန တပ်မတော်ဆေးဝန်ထမ်းတပ်ဖွဲ့၊ နီးနွယ်ဆက်စပ်နေသည့် ဌာနဆိုင်ရာများနှင့် ကျန်းမာရေးဆိုင်ရာ အဖွဲ့အစည်းများ၊ စေတနာရှင်ပရဟိတ လူမှုရေးအဖွဲ့အစည်းများနှင့်အတူ ပြည်သူလူထု၏ ဝိုင်းဝန်းပူးပေါင်းကူညီဆောင်ရွက်မှုစွမ်းအားများဖြင့် အကောင်အထည်ဖော် ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း။

**ပြည်သူ့ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို ဆောင်ရွက်ရာတွင် ရောဂါမဖြစ်ပွားစေရေးအတွက် ကြိုတင်ကာကွယ်ရေးလုပ်ငန်းများ၊ ရောဂါဖြစ်ပွားလာပါက အရည်အသွေးပြည့်ဝသည့် ဆေးဝါးကုသမှုပေးနိုင်ရေးလုပ်ငန်းများကို မိမိတို့နိုင်ငံ၏ အရင်းအမြစ်များအပေါ်မူတည်ပြီး ထိထိရောက်ရောက် ဆောင်ရွက်နိုင်မည့် မူဝါဒများ၊ စီမံချက်များရေးဆွဲ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိ**ကြောင်း၊ ပြည်သူများ နေရာထိုင်ခင်း ကောင်းမွန်စွာဖြင့် စိတ်အေးချမ်းသာစွာ ဆေးကုသမှုခံနိုင်ရေးအတွက် ပြည်သူ့ဆေးရုံများ မွမ်းမံပြင်ဆင်ခြင်း၊ အသစ်တည်ဆောက်ခြင်း၊ ရောဂါရှာဖွေခြင်းနှင့် အဆင့်မီဆေးကုပေးခြင်း၊ ဆေးဝါးများ၊ ခေတ်မီဆေးပစ္စည်းကိရိယာများစဉ်ဆက်မပြတ် ဖြည့်ဆည်းပေးခြင်းတို့ကို နိုင်ငံတော်က အလေးထားဆောင်ရွက်ပေးလျက်ရှိကြောင်း၊ **ပြည်သူ့ဆေးရုံများအနေဖြင့် အရေးပေါ်လူနာများ အချိန်ပြည့်လက်ခံကုသနိုင်ရေး စီမံထားရှိပြီး လူနာများကို တတ်နိုင်သမျှ ကုန်ကျစရိတ်မရှိစေဘဲ စိုက်ထုတ်သုံးစွဲရငွေ လျော့နည်းစေရေးအတွက် စီစဉ်ဆောင်ရွက်လျက်ရှိ**ကြောင်း၊ **“ဆေးရုံတိုင်း ဆရာဝန်ရှိရမည်”** ဟူသည့် အတိုင်း ကျန်းမာရေးဝန်ကြီးဌာနက အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ သစ်လွင်ဆရာဝန်များအနေဖြင့် ယခုမိမိတို့ တာဝန်ကျရာဆေးရုံများတွင် စတင်ထမ်းဆောင်ကြတော့မည်ဖြစ်သဖြင့် ဝမ်းသာအားရဖြစ်ရပါကြောင်းနှင့် တာဝန်ကိုကျေပွန်စွာ ထမ်းဆောင်ကြရန် တိုက်တွန်းပြောကြားလိုကြောင်း။

**စာမျက်နှာ ၅ သို့** ☆



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဂျောင်ဝိုင်းလွှန်းကျင်းလုပ်ငန်းပြန်လည်ဆောင်ရွက်နေသည့်အခြေအနေများကို ကြည့်ရှုစစ်ဆေးစဉ်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဂျောင်ဝိုင်းလွှန်းကျင်း လုပ်ငန်းပြန်လည်ဆောင်ရွက်နေသည့်အခြေအနေများအား သွားရောက်ကြည့်ရှုစစ်ဆေး

**နေပြည်တော် ဇူလိုင် ၁၈**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် ယနေ့မွန်းလွဲပိုင်းက ခရီးစဉ်တွင်လိုက်ပါလာသည့်အဖွဲ့ဝင်များ၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ မြို့တော်ဝန် ဦးဗိုလ်ဌေးနှင့် တာဝန်ရှိသူများလိုက်ပါ၍ ရန်ကုန်တိုင်းဒေသကြီး ကြည့်မြင်တိုင်မြို့နယ် ဂျောင်ဝိုင်းကျေးရွာရှိ ဂျောင်ဝိုင်းလွှန်းကျင်းလုပ်ငန်း ပြန်လည်ဆောင်ရွက်နေသည့် အခြေအနေများကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များသည် ဂျောင်ဝိုင်းလွှန်းကျင်းသို့ရောက်ရှိကြရာ တာဝန်ရှိသူတစ်ဦးက ဂျောင်ဝိုင်းလွှန်းကျင်းဆိုင်ရာအချက်အလက်များ၊ လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများနှင့် လွှန်းကျင်းသမိုင်းအကျဉ်းတို့ကို ရှင်းလင်းတင်ပြရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က လိုအပ်သည်များ လမ်းညွှန်မှာကြားသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် လွှန်းကျင်းအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လွှန်းကျင်းလုပ်ငန်းများ ပိုမိုတိုးတက်ဆောင်ရွက်နိုင်ရေး၊ လွှန်းကျင်းကို ခေတ်နှင့်လျော်ညီစွာ ပြန်လည်ပြုပြင်ခြင်း၊ စက်ကိရိယာများ ထပ်မံဖြည့်သွင်းခြင်းတို့ကို ဆောင်ရွက်၍ အကျိုးရှိအောင် ဆက်လက်ဆောင်ရွက်သွားနိုင်ရေး၊ သန့်ရှင်းသပ်ရပ်မှုနှင့် ထိန်းသိမ်းမှုများ စနစ်တကျဖြစ်စေရေးတို့နှင့်ပတ်သက်၍ လိုအပ်သည်များ လမ်းညွှန်မှာကြားသည်။

အဆိုပါ ဂျောင်ဝိုင်းလွှန်းကျင်းကို ၁၉၈၁-၁၉၈၂ ခုနှစ်တွင် စတင်တည်ဆောက်ခဲ့ပြီး ၁၉၈၆ ခုနှစ်တွင် ရေလုံလွှန်းကျင်းအဖြစ် ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း၊ ၁၉၉၅ ခုနှစ်မှ ၁၉၉၉ ခုနှစ်အတွင်း ရေယာဉ်အစင်းရေ ၄၉ စင်းကို လွှန်းတင်ခြင်းလုပ်ငန်းများ ဆောင်ရွက်နိုင်ခဲ့ပြီး လုပ်ငန်းဆောင်ရွက်မှုများ ရပ်တန့်ခဲ့ကြောင်း၊ ဂျောင်ဝိုင်းရေလုံ လွှန်းကျင်းသည် သက်တမ်းကြာမြင့်ပြီဖြစ်ပြီး လုပ်ငန်းဆောင်ရွက်မှုမရှိခြင်းကြောင့် လုပ်ငန်းရပ်နားချိန်ကြာမြင့်ပါက ပျက်စီးဆုံးရှုံးမှုများ ပိုမိုများလာနိုင်သဖြင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ လမ်းညွှန်မှာကြားချက်အရ လုပ်ငန်းများ ပြန်လည်ဆောင်ရွက်နေခြင်းဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

---

☆ စာမျက်နှာ ၄ မှ

လူတိုင်းသည် သက်ရှည်ကျန်းမာလိုကြပြီး နိုင်ငံတစ်ခုတွင် မည်မျှသက်ရှည် ကျန်းမာကြသည်ကို မျှော်မှန်းသက်တမ်းကိုကြည့်၍ ပြောကြကြောင်း၊ မြန်မာနိုင်ငံ၏ မျှော်မှန်းသက်တမ်းသည် ၂၀၂၄ ခုနှစ် လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်းအရ ၆၉ နှစ်ရှိကြောင်း၊ အာဆီယံနိုင်ငံများအနက် အဆင့် ၉ ဖြစ်ပြီး အိမ်နီးချင်းနိုင်ငံများနှင့် နှိုင်းယှဉ်ပါကလည်း အဆင့် ၅ ဖြစ်ကြောင်း၊ မည်သည့်အားနည်းချက်ရှိနေသည်ကို သုံးသပ်ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ စားသောက်နေထိုင်ခြင်း၊ ကာကွယ်ဆေးများထိုးခြင်း၊ သေနှုန်းများချိန်ဆသုံးသပ်ခြင်း စသည်ဖြင့် ကျန်းမာရေးရှုထောင့်အရ ဆောင်ရွက်သင့်သည်များကို ရောက်ရှိတာဝန်ထမ်းဆောင်သည့် ဒေသများတွင် အလေးထားဆောင်ရွက်ပေးကြရန် မှာကြားလိုကြောင်း။

**ပြည်သူလူထု၏ ကျန်းမာရေးအဆင့်အတန်း တိုးတက်မြင့်မားစေရေးနှင့် မျှော်မှန်းသက်တမ်း မြင့်မားလာစေရေးအတွက် အခြေခံကျန်းမာရေး စောင့်ရှောက်မှုများကို တိုးမြှင့်ဆောင်ရွက်ပေးနိုင်ရေး ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်များ လုံလုံလောက်လောက် လေ့ကျင့်မွေးထုတ်ပြီး တာဝန်ပေးရန် အရေးကြီး**ကြောင်း၊ ထို့ကြောင့် အရည်အချင်းပြည့်ဝသည့် ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်များ မွေးထုတ်ပေးနိုင်ရန်အတွက် သက်ဆိုင်ရာ တက္ကသိုလ်၊ ပြည်သူ့ကျန်းမာရေးတက္ကသိုလ်နှင့် တိုင်းရင်းဆေးတက္ကသိုလ်အပါအဝင် သူနာပြုနှင့် သားဖွားသင်တန်းကျောင်းစသည့် တက္ကသိုလ်နှင့် ကျောင်း ၅၃ ခုကို ဖွင့်လှစ်ပြီး သင်ရိုးညွှန်းတမ်းများကို လိုအပ်ချက်နှင့်အညီ ပြုပြင်ပြောင်းလဲပြီး သင်ကြားပေးလျက်ရှိကြောင်း။

ထို့အပြင် **နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ တာဝန်ယူဆောင်ရွက်စဉ်ကာလအတွင်း ဆေးပညာရှင်ဆရာဝန်များအား ပိုမိုလေ့ကျင့်မွေးထုတ်ပေးနိုင်ရန် Naypyitaw State Academy တွင် Medical Faculty ကို ၂၀၂၃ ခုနှစ်က စတင်တည်ထောင်ဖွင့်လှစ်ပြီး နှစ်စဉ်လေ့ကျင့်သင်ကြားပေးလျက်ရှိ**ရာ ယခုအခါ ဆေးပညာ ကျောင်းသား ကျောင်းသူ ၁၀၀ တက်ရောက်ပညာသင်ယူလျက်ရှိကြောင်း။

**★ ပြည်သူလူထု၏ ကျန်းမာရေးအဆင့်အတန်း တိုးတက်မြင့်မားစေရေးနှင့် မျှော်မှန်းသက်တမ်း မြင့်မားလာစေရေးအတွက် အခြေခံကျန်းမာရေးစောင့်ရှောက်မှုများကို တိုးမြှင့်ဆောင်ရွက်ပေးနိုင်ရေး ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်များ လုံလုံလောက်လောက် လေ့ကျင့်မွေးထုတ်ပြီး တာဝန်ပေးရန် အရေးကြီး**

**★ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ တာဝန်ယူဆောင်ရွက်စဉ်ကာလအတွင်း ဆေးပညာရှင်ဆရာဝန်များအား ပိုမိုလေ့ကျင့်မွေးထုတ်ပေးနိုင်ရန် Naypyitaw State Academy တွင် Medical Faculty ကို ၂၀၂၃ ခုနှစ်က စတင်တည်ထောင်ဖွင့်လှစ်ပြီး နှစ်စဉ်လေ့ကျင့်သင်ကြားပေးလျက်ရှိ**

**မောင်မယ်တို့အနေဖြင့် မိမိတို့၏ အလုပ်သင်သက်တမ်းကာလ အောင်မြင် ပြီးမြောက်ပြီးသည့်နောက်တွင် ပြည်သူလူထုကျန်းမာရေးစောင့်ရှောက်မှုကို တစ်တပ်တစ်အား ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်ရန်အတွက် ကျန်းမာရေးဝန်ကြီးဌာနတွင် အလုပ်ဝင်ရောက်ကြသည်ကို အထူးပင်အားရဝမ်းသာဖြစ်မိ**ကြောင်း၊ ကျန်းမာရေး လူ့စွမ်းအားအရင်းအမြစ်များ မွေးထုတ်ပေးရမည်ဖြစ်ပြီး မောင်တို့မယ်တို့အပါအဝင် ယင်းအင်အားများသည် ကျန်းမာရေးကဏ္ဍအတွက် မျိုးဆက်သစ်၊ အင်အားသစ်များပင်ဖြစ်ကြောင်း၊ နိုင်ငံတော်၏ ဆေးရုံအသီးသီးနှင့် ကျန်းမာရေးကဏ္ဍအသီးသီးတွင် လိုအပ်သည့် လူသားအရင်းအမြစ်များ မွေးထုတ်ကြရဦးမည်ဖြစ်ကြောင်း၊ အရေအတွက်သာမက အရည်အချင်းနှင့် အဘက်ဘက်မှ ပြည့်စုံသည့် ဆေးပညာရှင်များ၊ ကျန်းမာရေးဝန်ထမ်းများဖြစ်အောင်ကြိုးစားလေ့ကျင့်ထမ်းဆောင်သွားကြရန် မှာကြားလိုကြောင်း။

မောင်တို့မယ်တို့သည် ရန်ကုန်၊ မန္တလေး၊ မကွေး၊ တောင်ကြီး စသည့်မြို့ကြီးများ၌ ဆေးဘက်ပညာများ သင်ကြားခဲ့သူများဖြစ်သဖြင့် ဖွံ့ဖြိုးမှုအတွေ့အကြုံများစွာ ရရှိခဲ့သူများဖြစ်ကြောင်း၊ ကောင်းမွန်သည့် ဖွံ့ဖြိုးမှုအတွေ့အကြုံများကို ရောက်ရှိတာဝန်ထမ်းဆောင်သည့်မြို့၊ ဒေသများ၌ပြန့်ပွားမျှဝေဆောင်ရွက်နိုင်ရေးလည်း တတ်စွမ်းသမျှ လုပ်ဆောင်ပေးစေလိုကြောင်း။

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် "လူ့အသက်ထက် အရေးကြီးတာ ဘာမှမရှိ" ဆိုသည်ကို ဦးထိပ်ထားပြီး ကြိုးပမ်းဆောင်ရွက်လျက်ရှိ**ကြောင်း၊ လူတိုင်းလက်လှမ်းမီသည့် အရည်အသွေးပြည့်ဝသည့် ကျန်းမာရေးစောင့်ရှောက်မှုများကို ပြည်သူလူထု၏ ကိုယ်ပိုင်ငွေကြေးကုန်ကျရမှု သက်သာစွာဖြင့် ရရှိစေရေး အစွမ်းကုန်ကြိုးစားအားထုတ်လျက်ရှိရာ ကျန်းမာရေးဝန်ကြီးဌာန၏ ပြန်တမ်းဝင်အရာရှိများအဖြစ် ယနေ့ခန့်အပ်မည့် မောင်တို့မယ်တို့အနေဖြင့် တာဝန်ကျရာဆေးရုံများ၌ ပြည်သူများကို ကိုယ်စွမ်းဉာဏ်စွမ်းအပြည့်ဖြင့် ကုသစောင့်ရှောက်မှုပေးပြီး နိုင်ငံ့အကျိုးပြုကျန်းမာရေးဝန်ထမ်းကောင်းများဖြစ်ကြစေရန် ဆန္ဒပြုဆုမွန်ကောင်းတောင်းပါကြောင်း ပြောကြားသည်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ဆေးတက္ကသိုလ် လေးခုမှ ကိုယ်စားလှယ်များအား နိုင်ငံ့ဝန်ထမ်းပြန်တမ်းဝင်အရာရှိ ခန့်လွှာများပေးအပ်ရာ တက္ကသိုလ်တစ်ခုချင်းစီလိုက် ကိုယ်စားလှယ်များက လက်ခံရယူကြသည်။

ယင်းနောက် ကောင်စီတွဲဖက်အတွင်းရေးမှူးက ဆေးတက္ကသိုလ်နှစ်ခုနှင့် သွားဘက်ဆိုင်ရာ ဆေးတက္ကသိုလ်တို့မှ ကိုယ်စားလှယ်များအား နိုင်ငံ့ဝန်ထမ်းပြန်တမ်းဝင်အရာရှိ ခန့်လွှာများပေးအပ်ရာ တက္ကသိုလ်တစ်ခုချင်းစီလိုက် ကိုယ်စားလှယ်များက လက်ခံရယူကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အခမ်းအနားတက်ရောက်လာကြသူများသည် ကျန်းမာရေးဝန်ကြီးဌာန၏ လုပ်ငန်းဆောင်ရွက်ချက်များ မှတ်တမ်း Video Clip ကိုကြည့်ရှုကြသည်။

ဆက်လက်၍ သူနာပြုတက္ကသိုလ်(ရန်ကုန်)မှ ကျောင်းသား ကျောင်းသူများက "ပေါင်းစည်းနေမည် ထာဝရ မြန်မာပြည်" တေးသရုပ်ဖော်သီချင်းဖြင့်လည်းကောင်း၊ ဆေးနှင့် ဆေးနီးနွယ်တက္ကသိုလ်များမှ ကျောင်းသား ကျောင်းသူများက "ပေါင်းစည်းခြင်းမှ အောင်မြင်ခြင်းဆီသို့" တေးသရုပ်ဖော်တေးသီချင်းဖြင့်လည်းကောင်း ဖြေဖျော်တင်ဆက်ကြသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ဖျော်ဖြေတင်ဆက်ခဲ့ကြသည့် ကျောင်းသား ကျောင်းသူများနှင့် ဝန်ထမ်းများအား ဂုဏ်ပြုသစ်သီးခြင်းနှင့် ချီးမြှင့်ငွေများ ပေးအပ်သည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်သည် အခမ်းအနားတက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# မြန်မာနိုင်ငံကမ်းခြေစောင့်တပ်ဖွဲ့ဥပဒေ ပြဋ္ဌာန်း

**(ယမန်နေ့မှအဆက်)**

**အခန်း (၆)**

**ပင်လယ်ရေကြောင်းဆိုင်ရာဘေးအန္တရာယ်ကင်းရှင်းရေး**

၁၂။ ကမ်းခြေစောင့်တပ်ဖွဲ့သည် ပင်လယ်ရေကြောင်းဆိုင်ရာ ဘေးအန္တရာယ်ကင်းရှင်းရေးနှင့်စပ်လျဉ်း၍ အောက်ပါတာဝန်တို့ကို ဆောင်ရွက်ရမည်-

(က) နိုင်ငံတော်၏ အတွင်းပိုင်းရေပြင်မှစ၍ ပိုင်နက်ပင်လယ်အထိ တစ်ဆက်တည်းရှိသော နယ်နိမိတ်အတွင်းနှင့် ကမ်းရိုးတန်းတစ်လျှောက် -

(၁) ရေယာဉ်များ ပင်လယ်ရေကြောင်းဆိုင်ရာ ဘေးအန္တရာယ်ကင်းရှင်းရေးအတွက် သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ခြင်း၊

(၂) ရေနံတင်ရေယာဉ်များ၊ အဏုမြူစွမ်းအင်သုံးရေယာဉ်များနှင့် အဏုမြူသဘောအရ ဖြစ်စေ၊ ပင်ကိုသဘောအရဖြစ်စေ အန္တရာယ်ဖြစ်စေသည့်၊ အခြားသောအန္တရာယ် ဖြစ်စေသည့် သို့မဟုတ် အဆိပ်အတောက်ဖြစ်စေသည့်ပစ္စည်းတစ်မျိုးမျိုးကို သယ်ဆောင် လာသောရေယာဉ်များသည် နိုင်ငံတော်က ကန့်သတ်ထိန်းချုပ်ပြီး သတ်မှတ်ပေးထား သော ရေလမ်းကြောင်းအတိုင်း သွားလာခြင်း ရှိ မရှိ စောင့်ကြည့်စစ်ဆေးခြင်း၊ နိုင်ငံ တကာ သဘောတူစာချုပ်များနှင့်အညီ သတ်မှတ်ထားသည့် ကြိုတင်ကာကွယ်ခြင်း အစီအမံများကို လိုက်နာဆောင်ရွက်ခြင်း ရှိ မရှိ စောင့်ကြည့်စစ်ဆေးခြင်းနှင့် လိုအပ် သည့် စာရွက်စာတမ်းများ သယ်ဆောင်လာခြင်း ရှိ မရှိ စစ်ဆေးခြင်း။

(ခ) နိုင်ငံတော်၏ အတွင်းပိုင်းရေပြင်မှစ၍ သီးသန့်စီးပွားရေးဇုန်အထိ တစ်ဆက်တည်းရှိသော နယ်နိမိတ်အတွင်းနှင့် ကမ်းရိုးတန်းတစ်လျှောက်တွင် -

(၁) နျူကလီးယားစွမ်းအင် ဘေးကင်းလုံခြုံစွာ အသုံးချရေးနှင့်စပ်လျဉ်းသည့် နိုင်ငံတော်၏ တည်ဆဲဥပဒေများ၊ နိုင်ငံတကာသဘောတူစာချုပ်များ၊ နိုင်ငံတကာအဏုမြူစွမ်းအင် အေဂျင်စီ (International Atomic Energy Agency) ၏ ဘေးအန္တရာယ်ကင်းရှင်းရေး စံချိန်စံညွှန်းများကို နျူကလီးယားစွမ်းအင်သုံး ရေပေါ်လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေး လုပ်ငန်းများက လိုက်နာဆောင်ရွက်ခြင်း ရှိ မရှိ သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့ အစည်းများနှင့်ပူးပေါင်း၍ စစ်ဆေးခြင်း၊

(၂) စွန့်ပစ်ခံရေယာဉ် သို့မဟုတ် အန္တရာယ်ရှိသောရေယာဉ်ပျက် တစ်စီးစီးကို တွေ့ရှိပါက သတ်မှတ်ချက်များနှင့်အညီ စုံစမ်းစစ်ဆေးခြင်း၊ ဆယ်တင်ခြင်းနှင့် ရှင်းလင်းဖယ်ရှားခြင်း။

(ဂ) ပင်လယ်ဆိပ်ကမ်းသို့ ဝင်ရောက်လာသောရေယာဉ်အား ပင်လယ်ရေကြောင်းဘေးအန္တရာယ် ကင်းရှင်းရေးဆိုင်ရာ နိုင်ငံတကာစံချိန်စံညွှန်းများနှင့် ကိုက်ညီမှု ရှိ မရှိ ရေယာဉ်ပေါ်သို့ တက်ရောက်စစ်ဆေးခြင်း၊

(ဃ) ရေလမ်းကြောင်းပြအထောက်အကူပြုပစ္စည်းများကို ကာကွယ်စောင့်ရှောက်ခြင်း။

၁၃။ နိုင်ငံတော်၏ပိုင်နက်ပင်လယ်အတွင်းသို့ ခုတ်မောင်းလာသည့်ရေယာဉ်သည် အောက်ပါသတင်းအချက် အလက်များကို ရေယာဉ်သတင်းအချက်အလက်အစီရင်ခံစနစ်အရ ကမ်းခြေစောင့်တပ်ဖွဲ့သို့ သတ်မှတ် ချက်များနှင့်အညီ ပေးပို့ရမည်-

(က) ခရီးစဉ်အစီအစဉ်၊

(ခ) တည်နေရာသတင်းပို့ချက်၊

(ဂ) ဦးတည်လမ်းကြောင်းပြောင်းလဲမှုသတင်းပို့ချက်၊

(ဃ) ရောက်ရှိမှုသတင်းပို့ချက်၊

(င) သယ်ဆောင်လာသော ကုန်စည်အမျိုးအစားစာရင်း၊ ခရီးသည်စာရင်းနှင့် ရေယာဉ်အမှုထမ်း စာရင်း၊

(စ) ကမ်းခြေစောင့်တပ်ဖွဲ့က အခါအားလျော်စွာ သတ်မှတ်ထားသော အချက်အလက်များ။

**အခန်း (၇)**

**အဏ္ဏဝါပတ်ဝန်းကျင်ထိန်းသိမ်းစောင့်ရှောက်ခြင်းနှင့် ညစ်ညမ်းမှုတုံ့ပြန်ခြင်း**

၁၄။ ကမ်းခြေစောင့်တပ်ဖွဲ့သည် ရေပြင်နယ်နိမိတ်အတွင်း အဏ္ဏဝါပတ်ဝန်းကျင် ထိန်းသိမ်းစောင့်ရှောက် ခြင်းနှင့် ညစ်ညမ်းမှုတုံ့ပြန်ခြင်းတို့နှင့်စပ်လျဉ်း၍ အောက်ပါတာဝန်များကို ဆောင်ရွက်ရမည် -

(က) နိုင်ငံတကာသဘောတူစာချုပ်များအရ ပေးအပ်ထားသည့် လွတ်လပ်စွာဖြတ်သန်းသွားလာခွင့် ကို မထိခိုက်စေဘဲ ပင်လယ်ကြမ်းပြင်၊ ပင်လယ်ကြမ်းပြင်အောက်ခံမြေထု၊ ပင်လယ်ကြမ်းပြင် အထက်ရှိ ရေထုနှင့် ပင်လယ်ရေမျက်နှာပြင်တို့တွင်ရှိသော အဏ္ဏဝါသဘာဝသယံဇာတများကို တရားမဝင်စူးစမ်းရှာဖွေခြင်း၊ ဖမ်းယူခြင်း သို့မဟုတ် တူးဖော်ထုတ်လုပ်ခြင်းတစ်ရပ်ရပ်ကို ကျူးလွန်ကြောင်း မသင်္ကာဖွယ်တွေ့ရှိသည့် သို့မဟုတ် သတင်းရရှိသည့်ရေယာဉ်ကို ရပ်တန့် စေခြင်း၊ စုံစမ်းစစ်ဆေးခြင်း သို့မဟုတ် တက်ရောက်ရှာဖွေခြင်း၊

(ခ) အဏ္ဏဝါပတ်ဝန်းကျင်၊ အဏ္ဏဝါဂေဟစနစ်၊ ရှားပါးမျိုးစိတ်များကို ညစ်ညမ်းစေသည့် သို့မဟုတ် ပျက်စီးဆုံးရှုံးစေသည့် ပြုလုပ်မှုတစ်ခုခုကို ကျူးလွန်ကြောင်း မသင်္ကာဖွယ်တွေ့ရှိသည့် သို့မဟုတ် သတင်းရရှိသည့်ရေယာဉ် သို့မဟုတ် လူပုဂ္ဂိုလ်ကို စစ်ဆေးခြင်း၊

(ဂ) စက်မှုလုပ်ငန်း၊ ပင်လယ်ရေကြောင်းဆိုင်ရာ အဆောက်အအုံ၊ ပင်လယ်ပြာစီးပွားရေးနှင့် သက်ဆိုင်သောလုပ်ငန်း၊ နျူကလီးယားစွမ်းအင်သုံး ရေပေါ်လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေး လုပ်ငန်း၊ စွမ်းအင်တစ်ခုခုကိုအသုံးပြု၍ လျှပ်စစ်ဓာတ်အားထုတ်လုပ်သော ရေပေါ်လျှပ်စစ် ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်း၊ ပင်လယ်ဆိပ်ကမ်း သို့မဟုတ် ရေယာဉ်က ဘေးအန္တရာယ် ဖြစ်စေသော သို့မဟုတ် အဆိပ်အတောက်ဖြစ်စေသော အငွေ့၊ အရည် သို့မဟုတ် အစိုင်အခဲကို နည်းလမ်းတကျ စွန့်ပစ်ခြင်းမပြုကြောင်း မသင်္ကာဖွယ်တွေ့ရှိပါက သို့မဟုတ် သတင်းရရှိပါက ထိုလုပ်ငန်းရှင်ကိုဖြစ်စေ၊ တာဝန်ရှိသူကိုဖြစ်စေ စစ်ဆေးခြင်း၊

(ဃ) ပင်လယ်ရေကြောင်းဆိုင်ရာအဆောက်အအုံ သို့မဟုတ် ပင်လယ်ပြာစီးပွားရေးနှင့် သက်ဆိုင် သော အောက်ပါလုပ်ငန်း တစ်ရပ်ရပ်ကို တရားမဝင်လုပ်ကိုင်ကြောင်း မသင်္ကာဖွယ်တွေ့ရှိပါက သို့မဟုတ် သတင်းရရှိပါက စစ်ဆေးခြင်း -

(၁) ငါးလုပ်ငန်း၊

(၂) ပုလဲထုတ်လုပ်ရေးလုပ်ငန်း၊

(၃) အဏ္ဏဝါသဘာဝသယံဇာတတူးဖော်ထုတ်လုပ်ရေးလုပ်ငန်း၊

(၄) အဏ္ဏဝါခရီးသွားလုပ်ငန်း သို့မဟုတ် ပင်လယ်ပြင်ကိုအခြေခံသော ခရီးသွားလုပ်ငန်း၊

(၅) ကမ်းလွန်ရေနံ၊ သဘာဝဓာတ်ငွေ့နှင့်ဓာတ်သတ္တု သယံဇာတတူးဖော်ရေးလုပ်ငန်း၊

(၆) ပင်လယ်ရေကြောင်းဆိုင်ရာ ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင် ထုတ်လုပ်ရေးလုပ်ငန်း၊

(၇) ပင်လယ်ရေကြောင်းကုန်သွယ်ရေးလုပ်ငန်း၊

(၈) အဏ္ဏဝါသိပ္ပံဆိုင်ရာသုတေသနလုပ်ငန်း၊

(၉) အဏ္ဏဝါသဘာဝသယံဇာတများ ထိန်းသိမ်းကာကွယ်ရေးလုပ်ငန်း၊

(၁၀) ပင်လယ်ရေအောက် သမိုင်းအမွေအနှစ် ထိန်းသိမ်းကာကွယ်ရေးလုပ်ငန်း။

(င) ပင်လယ်ပြာစီးပွားရေးလုပ်ငန်း သို့မဟုတ် ပင်လယ်ရေကြောင်းဆိုင်ရာ အဆောက်အအုံ လုပ်ငန်းနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်းက တောင်းခံပါက သဘောထားမှတ်ချက်ပေးခြင်း၊

(စ) အဏ္ဏဝါအရင်းအမြစ် ထိန်းသိမ်းရေးနယ်မြေများသတ်မှတ်ခြင်းနှင့် ယင်းနယ်မြေများအတွင်း အဏ္ဏဝါသဘာဝသယံဇာတများ၊ အဏ္ဏဝါပတ်ဝန်းကျင်၊ အဏ္ဏဝါဂေဟစနစ်များကို ထိန်းသိမ်း ကာကွယ်စောင့်ရှောက်ခြင်း၊

(ဆ) ရေပြင်နယ်နိမိတ်အတွင်းရှိ ရှေးဟောင်းဝတ္ထုပစ္စည်းများနှင့် သမိုင်းဝင်ပစ္စည်းများကို ထိန်းသိမ်း ကာကွယ်စောင့်ရှောက်ခြင်း၊

(ဇ) အဏ္ဏဝါပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ ပင်လယ်ရေကြောင်းဆိုင်ရာလုံခြုံရေး၊ ဘေးအန္တရာယ် ကင်းရှင်းရေးတို့နှင့်စပ်လျဉ်း၍ အသိပညာပေးရေးလုပ်ငန်းများ ဆောင်ရွက်ခြင်း၊

(ဈ) ရေထုညစ်ညမ်းမှု တုံ့ပြန်ဆောင်ရွက်ရေးနှင့်စပ်လျဉ်း၍ အမျိုးသားအဆင့် ရေထုညစ်ညမ်းမှု တုံ့ပြန်ဆောင်ရွက်ရေးစီမံချက်နှင့်အညီ သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ခြင်း၊

(ည) အဏ္ဏဝါပတ်ဝန်းကျင်ထိန်းသိမ်းစောင့်ရှောက်ခြင်းနှင့် ညစ်ညမ်းမှုတုံ့ပြန်ခြင်းတို့နှင့်စပ်လျဉ်း၍ ကြိုတင်ပြင်ဆင်ရေးလုပ်ငန်းများဆောင်ရွက်ခြင်း၊

(ဋ) အဏ္ဏဝါပတ်ဝန်းကျင်ညစ်ညမ်းမှုအတွက် နိုင်ငံတော်ကိုယ်စား လျော်ကြေးတောင်းခံခြင်းဆိုင်ရာ လုပ်ငန်းများကို သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ခြင်း၊

(ဌ) အဏ္ဏဝါပတ်ဝန်းကျင်၊ အဏ္ဏဝါဂေဟစနစ်၊ ရှားပါးမျိုးစိတ်များကို ထိခိုက်စေသည့်ဖြစ်ရပ် သို့မဟုတ် ညစ်ညမ်းမှုတစ်ခုခုပေါ်ပေါက်ကြောင်း သတင်းပေးသူ သို့မဟုတ် တုံ့ပြန်ဆောင်ရွက် သည့်အဖွဲ့အစည်းကို ဆုကြေးပေးနိုင်ရန် သတ်မှတ်ချက်များနှင့်အညီ ဆောင်ရွက်ခြင်း၊

(ဍ) ရေထုညစ်ညမ်းမှုတုံ့ပြန်ရေးဆောင်ရွက်ရာတွင် လေကြောင်းပျံသန်းမှုလိုအပ်ပါက သက်ဆိုင်ရာ သို့ လေယာဉ်တောင်းခံခြင်း။

**အခန်း (၈)**

**ပင်လယ်ပြင်ရှာဖွေကယ်ဆယ်ရေး**

၁၅။ ကမ်းခြေစောင့်တပ်ဖွဲ့သည် ပင်လယ်ပြင်ရှာဖွေကယ်ဆယ်ရေးနှင့်စပ်လျဉ်း၍ အောက်ပါတာဝန်တို့ကို ဆောင်ရွက်ရမည်-

(က) အမျိုးသားအဆင့်ရှာဖွေကယ်ဆယ်ရေးစီမံချက်နှင့်အညီ သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့ အစည်းများ၊ အစိုးရမဟုတ်သောအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ခြင်း၊

(ခ) အပြည်ပြည်ဆိုင်ရာနှင့် ဒေသတွင်းပင်လယ်ရေကြောင်း ရှာဖွေကယ်ဆယ်ရေးအဖွဲ့အစည်းများ၊ သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများနှင့် ပင်လယ်ပြင်ရှာဖွေကယ်ဆယ်ရေးသတင်း အချက်အလက်များဖလှယ်ခြင်း၊

(ဂ) ပင်လယ်ပြင်ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများကို ထိရောက်စွာဆောင်ရွက်နိုင်ရေးအတွက် ကင်းလှည့်စစ်ဆေးခြင်း သို့မဟုတ် ရှာဖွေကယ်ဆယ်ခြင်းဆိုင်ရာလေ့ကျင့်မှုကို နိုင်ငံတကာနှင့် ပူးပေါင်းဆောင်ရွက်ခြင်း၊

(ဃ) ပင်လယ်ပြင်ရှာဖွေကယ်ဆယ်ရေးအထောက်အကူပြုပစ္စည်းများကို အသင့်အနေအထားဖြစ်စေ ရန် ကြိုတင်ပြင်ဆင်ရေးလုပ်ငန်းများ ဆောင်ရွက်ခြင်း၊

(င) ပင်လယ်ပြင်ရှာဖွေကယ်ဆယ်ရေးဆောင်ရွက်ရာတွင် လေကြောင်းပျံသန်းမှုလိုအပ်ပါက သက်ဆိုင်ရာသို့ လေယာဉ်တောင်းခံခြင်း။

**အခန်း (၉)**

**ပူးပေါင်းဆောင်ရွက်ခြင်း**

၁၆။ ကမ်းခြေစောင့်တပ်ဖွဲ့သည် -

(က) ဝန်ကြီးဌာန၏ခွင့်ပြုချက်ဖြင့် တာဝန်ပေးအပ်ပါက နိုင်ငံတကာပင်လယ်ပြင် (High Seas) တွင်ဖြစ်စေ၊ နိုင်ငံတော်၏စီရင်ပိုင်ခွင့်အာဏာပြင်ပရှိ နေရာတစ်ခုခုတွင်ဖြစ်စေ ပင်လယ်ဓားပြမှု တားဆီးနှိမ်နင်းခြင်းနှင့် စုံစမ်းစစ်ဆေးခြင်းတို့ကို တပ်မတော်(ရေ)၊ သက်ဆိုင်ရာပြည်တွင်းပြည်ပ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများ၊ ဆက်စပ်အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်နိုင်သည်။

(ခ) နိုင်ငံတော်၏ကုန်းတွင်းပိုင်းတစ်နေရာရာတွင် လူပုဂ္ဂိုလ်တစ်ဦးဦးက တည်ဆဲဥပဒေတစ်ရပ်ရပ် ကို ဖောက်ဖျက်ကျူးလွန်ပြီး ရေပြင်နယ်နိမိတ်အတွင်းသို့ ထွက်ပြေးတိမ်းရှောင်ကြောင်း သတင်းရရှိပါက ယင်းပြစ်မှုကျူးလွန်သူကို ဖမ်းဆီးခြင်းနှင့် သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့ အစည်းသို့ လွှဲပြောင်းပေးခြင်းပြုနိုင်သည်။

(ဂ) ပြစ်မှုတစ်ရပ်ရပ်ကိုကျူးလွန်ပြီး ရေပြင်နယ်နိမိတ်ပြင်ပသို့ ထွက်ပြေးတိမ်းရှောင်သည့် ပြစ်မှု ကျူးလွန်သူ သို့မဟုတ် ရေယာဉ်ကိုဖမ်းဆီးရန် ပြည်တွင်းပြည်ပသက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများထံသို့ အကူအညီတောင်းခံခြင်း သို့မဟုတ် အခွင့်အာဏာလွှဲအပ်ခြင်း ပြုနိုင်သည်။

(ဃ) ရေယာဉ်ပိုင်ရှင်၊ ရေယာဉ်မှူး သို့မဟုတ် သက်ဆိုင်ရာအလံတင်နိုင်ငံ၏ တောင်းဆိုချက်အရ နိုင်ငံတကာပင်လယ်ပြင်တွင် ရောက်ရှိနေသော ရေယာဉ်ပေါ်ရှိ ပြစ်မှုကျူးလွန်သူကို ဖမ်းဆီး၍ အရေးယူနိုင်ရန် သက်ဆိုင်ရာနိုင်ငံ၏အစိုးရဌာန၊ **စာမျက်နှာ ၇ သို့** ❑

❑ စာမျက်နှာ ၆ မှ

အစိုးရအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်နိုင်သည်။

(င) ရေယာဉ်များ ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ပင်လယ်ရေကြောင်းဆိုင်ရာအဆောက်အအုံကာကွယ်စောင့်ရှောက်ရေးတို့ကို ဆောင်ရွက်ရမည်။

(စ) တပ်မတော်(ရေ)နှင့်ပူးပေါင်း၍ အဏ္ဏဝါသိပ္ပံဆိုင်ရာသုတေသနလုပ်ငန်းများကို ဥပဒေနှင့်အညီ စစ်ဆေးနိုင်သည်။

(ဆ) ပင်လယ်ပြင်ရှာဖွေကယ်ဆယ်ရေး သို့မဟုတ် ရေထုညစ်ညမ်းမှု တုံ့ပြန်ရေးတာဝန်ကို ထမ်းဆောင်ရာတွင် လေကြောင်းပျံသန်းမှုလိုအပ်ပါက လေယာဉ်ရရှိရေးအတွက် သက်ဆိုင်ရာသို့ တင်ပြခြင်း သို့မဟုတ် တောင်းခံခြင်း ဆောင်ရွက်နိုင်သည်။

၁၇။ ကမ်းခြေစောင့်တပ်ဖွဲ့သည် ပုဒ်မ ၁၆ ပါ အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ခြင်းလုပ်ငန်းများကို နိုင်ငံတော်ကသတ်မှတ်ထားသည့် မူဝါဒများနှင့်အညီ ဆောင်ရွက်နိုင်သည်။

၁၈။ ကမ်းခြေစောင့်တပ်ဖွဲ့သည် ဤဥပဒေပါလုပ်ငန်းတာဝန်များကို ဆောင်ရွက်ရာတွင် လိုအပ်သည့် ပင်လယ်ရေကြောင်းဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်းသော သတင်းအချက်အလက်များကို ပြည်တွင်းပြည်ပအစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများ၊ အခြားအဖွဲ့အစည်းများထံမှ တောင်းခံရယူခွင့်ရှိသည်။

၁၉။ ကမ်းခြေစောင့်တပ်ဖွဲ့သည်–

(က) ရေပြင်နယ်နိမိတ်အတွင်း နိုင်ငံခြားရေယာဉ်ပေါ်တွင် လူပုဂ္ဂိုလ်တစ်ဦးဦးက ပြစ်မှုတစ်ရပ်ရပ်ကို ကျူးလွန်ကြောင်း သို့မဟုတ် ပြည်ပတွင် ပြစ်မှုကျူးလွန်ပြီး ထွက်ပြေးတိမ်းရှောင်လာသူက နိုင်ငံခြားရေယာဉ်တစ်စီးစီးတွင် စီးနင်းလိုက်ပါလာကြောင်း သတင်းရရှိပါက ထိုသူကို အရေးယူနိုင်ရန် ပြည်တွင်းပြည်ပအစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ရမည်။

(ခ) ပြည်ပတွင် ပြစ်မှုကျူးလွန်ခဲ့သည့် နိုင်ငံခြားရေယာဉ်တစ်စီးစီးသည် ရေပြင်နယ်နိမိတ်အတွင်း ဝင်ရောက်လာကြောင်း ကိုယ်တိုင်သိရှိပါက သို့မဟုတ် သတင်းရရှိပါက အဆိုပါရေယာဉ်ကို စစ်ဆေးခြင်း၊ ထိန်းသိမ်းခြင်း သို့မဟုတ် လွှဲပြောင်းခြင်းဆောင်ရွက်ရန် သက်ဆိုင်ရာပြည်တွင်းပြည်ပအစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်နိုင်သည်။

၂၀။ ကမ်းခြေစောင့်တပ်ဖွဲ့သည် ရေပြင်နယ်နိမိတ်အတွင်း အဏ္ဏဝါပတ်ဝန်းကျင်၊ အဏ္ဏဝါဂေဟစနစ်နှင့် ရှားပါးမျိုးစိတ်များ ထိန်းသိမ်းကာကွယ်စောင့်ရှောက်ခြင်း၊ ညစ်ညမ်းမှုကာကွယ်တားဆီးခြင်း၊ ညစ်ညမ်းမှုတုံ့ပြန်ခြင်းဆိုင်ရာလုပ်ငန်းများဆောင်ရွက်ရာတွင် အပြည်ပြည်ဆိုင်ရာရေကြောင်းအဖွဲ့အစည်းများ၊ နိုင်ငံတကာကမ်းခြေစောင့်တပ်ဖွဲ့များ၊ ပြည်တွင်းပြည်ပမှ သက်ဆိုင်ရာအစိုးရဌာနများ၊ အခြားအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ရမည်။

၂၁။ ကမ်းခြေစောင့်တပ်ဖွဲ့သည် ပင်လယ်ရေကြောင်းဆိုင်ရာလုံခြုံရေး၊ ဘေးအန္တရာယ်ကင်းရှင်းရေးအတွက် ကင်းလှည့်စစ်ဆေးခြင်း သို့မဟုတ် ရှာဖွေကယ်ဆယ်ခြင်းဆိုင်ရာလေ့ကျင့်မှုများကို နိုင်ငံတကာနှင့် ပူးပေါင်းဆောင်ရွက်နိုင်သည်။

**အခန်း (၁၀)**

**တားမြစ်ချက်များ**

၂၂။ (က) မည်သူမျှ သို့မဟုတ် မည်သည့်ရေယာဉ်မျှ နိုင်ငံတော်၏အတွင်းပိုင်းရေပြင်မှစ၍ သီးသန့်စီးပွားရေးဇုန်အထိ တစ်ဆက်တည်းရှိသော နယ်နိမိတ်အတွင်းနှင့် ကမ်းရိုးတန်းတစ်လျှောက်တွင် ပင်လယ်ပြာစီးပွားရေးကို ထိခိုက်ပျက်စီးစေမည့် ပြုလုပ်မှုတစ်ခုခုကို မပြုရ။

(ခ) မည်သူမျှ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်ဥပဒေအရ သတ်မှတ်သည့် ဆိပ်ကမ်းနယ်နိမိတ်ပြင်ပရှိ ရေပြင်နယ်နိမိတ်အတွင်းတွင် အစိုးရအဖွဲ့၏ကြိုတင်ခွင့်ပြုချက်မရရှိဘဲ ရေလမ်းကြောင်းပိတ်ဆို့စေနိုင်သော သို့မဟုတ် ရေကြောင်းသွားလာမှုကို ဟန့်တားခြင်းဖြစ်ပေါ်စေနိုင်သော သို့မဟုတ် တစ်နည်းနည်းဖြင့် ထိခိုက်စေနိုင်သောရေယာဉ်ကိုဖြစ်စေ၊ ပစ္စည်းတစ်မျိုးမျိုးကိုဖြစ်စေ၊ ရေထုညစ်ညမ်းမှုကို ဖြစ်ပေါ်စေနိုင်သောပစ္စည်းတစ်မျိုးမျိုးကိုဖြစ်စေ စွန့်ပစ်ခြင်း၊ တစ်နည်းနည်းဖြင့် ရောက်ရှိစေခြင်း သို့မဟုတ် တည်ဆောက်ခြင်း မပြုရ။

(ဂ) မည်သူမျှ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်က သတ်မှတ်ထားသည့် ဆိပ်ကမ်းနယ်နိမိတ်ပြင်ပရှိ ရေပြင်နယ်နိမိတ်အတွင်းတွင် အစိုးရအဖွဲ့၏ ကြိုတင်ခွင့်ပြုချက်မရရှိဘဲ ဆိပ်ကမ်းတံတား တစ်မျိုးမျိုးကိုသော်လည်းကောင်း၊ သင်္ဘောကျင်း၊ ရေလုံသင်္ဘောကျင်းနှင့် လွှန်းလမ်း တစ်မျိုးမျိုးကိုသော်လည်းကောင်း တည်ဆောက်ခြင်း မပြုရ။

(ဃ) မည်သူမျှ လူနေထိုင်ခြင်းမပြုရန် သတ်မှတ်ထားသည့်ကျွန်းများတွင် ဝင်ရောက်နေထိုင်ခြင်း မပြုရ။

(င) မည်သူမျှညစ်ညမ်းမှုတုံ့ပြန်ရေးအထောက်အကူပြုပစ္စည်း သို့မဟုတ် ပင်လယ်ပြင်ရှာဖွေကယ်ဆယ်ရေးအထောက်အကူပြုပစ္စည်းကိုဖယ်ရှားခြင်း၊ ရွှေ့ပြောင်းခြင်း၊ ဖျက်ဆီးခြင်း၊ ပျက်စီးစေခြင်း၊ ရေတွင်မျှောခြင်း သို့မဟုတ် ခိုးယူခြင်း မပြုရ။

(စ) မည်သူမျှ သို့မဟုတ် မည်သည့်ရေယာဉ်မျှ နိုင်ငံတော်၏ အတွင်းပိုင်းရေပြင်မှစ၍ ပိုင်နက်ပင်လယ်အထိ တစ်ဆက်တည်းရှိသော နယ်နိမိတ်အတွင်းနှင့် ကမ်းရိုးတန်းတစ်လျှောက်တွင် မမှန်ကန်သောအမှတ်အသားကိုဖော်ပြခြင်း၊ တရားမဝင်အလံ လွှင့်ထူခြင်း သို့မဟုတ် အတုပြုလုပ်ထားသောစာရွက်စာတမ်းကို သယ်ဆောင်ခြင်း မပြုရ။

(ဆ) နိုင်ငံတော်၏ ပိုင်နက်ပင်လယ်အတွင်းသို့ ခုတ်မောင်းလာသည့် မည်သည့်ရေယာဉ်မျှ ပုဒ်မ ၁၃ အရ သတ်မှတ်ထားသောသတင်းအချက်အလက်ကို ပေးပို့ရန် ပျက်ကွက်ခြင်း မရှိစေရ သို့မဟုတ် မမှန်မကန်သတင်းပို့ခြင်း မပြုရ။

(ဇ) မည်သည့် ရေပေါ်လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်းမျှ ရေပြင်နယ်နိမိတ်အတွင်းတွင် အဏ္ဏဝါပတ်ဝန်းကျင်နှင့် အဏ္ဏဝါဂေဟစနစ်အပေါ် ညစ်ညမ်းမှုဖြစ်စေသည့် သို့မဟုတ် ထိခိုက်ပျက်စီးစေသည့် ပြုလုပ်မှုတစ်ခုခုကို မပြုရ။

**အခန်း (၁၁)**

**ပြစ်မှုနှင့် ပြစ်ဒဏ်များ**

၂၃။ (က) မည်သူမဆို သို့မဟုတ် မည်သည့်ရေယာဉ်မဆို ပုဒ်မ ၂၂ ပုဒ်မခွဲ (က)ပါ တားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ကျူးလွန်သူ သို့မဟုတ် ရေယာဉ်ပိုင်ရှင် သို့မဟုတ် ရေယာဉ်မှူးကို အနည်းဆုံးထောင်ဒဏ်သုံးနှစ်မှ အများဆုံးထောင်ဒဏ်တစ်သက်အထိဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

(ခ) မည်သူမဆို ပုဒ်မ ၂၂ ပုဒ်မခွဲ (ခ) ပါတားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို သုံးနှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေချမှတ်နိုင်သည်။ ထို့ပြင်အဆိုပါပြုလုပ်မှုကြောင့် ပေါ်ပေါက်လာသည့် နစ်နာဆုံးရှုံးမှုကိုလည်းကောင်း၊ အဆိုပါအရာဝတ္ထုများကို ဖယ်ရှားရှင်းလင်းရသည့်ကုန်ကျစရိတ်ကိုလည်းကောင်း ပြစ်မှုကျူးလွန်သူကပေးလျော်စေရမည်။

(ဂ) မည်သူမဆို–

(၁) ပုဒ်မ ၂၂ ပုဒ်မခွဲ (ဂ) ပါတားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို သုံးနှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။ ထို့ပြင် အဆိုပါတည်ဆောက်ထားသည့်အရာများကို ပြစ်မှုကျူးလွန်သူက မိမိစရိတ်ဖြင့် သတ်မှတ်ကာလအတွင်း မူလအနေအထားသို့ ပြန်လည်ရောက်ရှိစေရန် ဖယ်ရှားရှင်းလင်းစေရမည်။

(၂) ပုဒ်မခွဲငယ်(၁)ပါ သတ်မှတ်ကာလအတွင်း ဖယ်ရှားရှင်းလင်းခြင်းမပြုကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို ပုဒ်မခွဲငယ်(၁)ပါ သတ်မှတ်ကာလစေ့ရောက်သည့်နေ့မှစ၍ အဆိုပါတည်ဆောက်ထားသည့်အရာများ ဖယ်ရှားရှင်းလင်းပြီးသည့်နေ့အထိ နေ့စဉ် ငွေဒဏ် ကျပ်သိန်း ၁၀၀ စီ ပေးဆောင်စေရမည်။

(ဃ) မည်သူမဆို ပုဒ်မ ၂၂ ပုဒ်မခွဲ (ဃ)ပါတားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို သုံးနှစ်ထက်မပိုသော ထောင်ဒဏ်ချမှတ်ရမည်။

(င) မည်သူမဆို ပုဒ်မ ၂၂ ပုဒ်မခွဲ (င) ပါ တားမြစ်ချက်ကို ဖောက်ဖျက်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူကို သုံးနှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

(စ) မည်သူမဆို သို့မဟုတ် မည်သည့်ရေယာဉ်မဆို ပုဒ်မ ၂၂ ပုဒ်မခွဲ (စ) ပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ကျူးလွန်သူ သို့မဟုတ် ရေယာဉ်ပိုင်ရှင် သို့မဟုတ် ရေယာဉ်မှူးကို နှစ်နှစ်ထက်မပိုသော ထောင်ဒဏ်ချမှတ်ရမည့်အပြင် ကျပ်သိန်း ၁၀၀၀ အောက် မလျော့သည့် ငွေဒဏ်ချမှတ်ရမည်။

(ဆ) မည်သည့်ရေယာဉ်မဆို ပုဒ်မ ၂၂ ပုဒ်မခွဲ(ဆ) ပါတားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ရေယာဉ်ပိုင်ရှင် သို့မဟုတ် ရေယာဉ်မှူးကို အနည်းဆုံး ကျပ်သိန်း ၅၀၀ မှ အများဆုံး ကျပ်သိန်း ၁၀၀၀ အထိ ငွေဒဏ်ချမှတ်ရမည်။

(ဇ) ပုဒ်မ ၂၂ ပုဒ်မခွဲ (ဇ) ပါ တားမြစ်ချက် တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုလုပ်ငန်းပိုင်ရှင်ကိုဖြစ်စေ၊ တာဝန်ရှိသူကိုဖြစ်စေ၊ ကိုယ်စားလှယ်လွှဲအပ်ခံရသူကိုဖြစ်စေ ညစ်ညမ်းမှု သို့မဟုတ် ထိခိုက်ပျက်စီးမှုပမာဏအလိုက် ဆုံးရှုံးမှုတန်ဖိုးငွေ၏ လေးဆကို ငွေဒဏ်အဖြစ် ချမှတ်ရမည်။

၂၄။ မည်သူမဆို–

(က) ဤဥပဒေအရ ထုတ်ပြန်သည့်နည်းဥပဒေများ၊ စည်းမျဉ်း၊ စည်းကမ်း၊ အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်၊ လုပ်ထုံးလုပ်နည်းများပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို ခုနစ်နှစ်ထက်မပိုသည့် ထောင်ဒဏ်ဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်နိုင်သည်။ ထို့အပြင်ဖောက်ဖျက်မှုကြောင့် ပေါ်ပေါက်လာသည့် ထိခိုက်နစ်နာဆုံးရှုံးမှုများအတွက် ပြစ်မှုကျူးလွန်သူက မိမိစရိတ်ဖြင့် သတ်မှတ်ကာလအတွင်း မူလအနေအထားသို့ ရောက်ရှိစေရန် ဆောင်ရွက်ပေးစေရမည်။

(ခ) ပုဒ်မခွဲ(က)ပါ သတ်မှတ်ကာလအတွင်း မူလအနေအထားသို့ရောက်ရှိစေရန် ဆောင်ရွက်ခြင်းမပြုကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို ပုဒ်မခွဲ(က)ပါ သတ်မှတ်ကာလစေ့ရောက်သည့်နေ့မှစ၍ အဆိုပါထိခိုက်နစ်နာဆုံးရှုံးမှုများ မူလအနေအထားသို့ ရောက်ရှိရန် ဆောင်ရွက်ပြီးသည့်နေ့အထိ နေ့စဉ် ငွေဒဏ်ကျပ်သိန်း ၁၀၀ စီ ပေးဆောင်စေရမည်။

**အခန်း (၁၂)**

**ဖမ်းဆီးခြင်း၊ ချုပ်နှောင်ခြင်းနှင့် လွှဲပြောင်းခြင်း**

၂၅။ ကမ်းခြေစောင့်တပ်ဖွဲ့သည် နိုင်ငံတော်၏အတွင်းပိုင်းရေပြင်မှစ၍ သီးသန့်စီးပွားရေးဇုန်အထိ တစ်ဆက်တည်းရှိသော နယ်နိမိတ်အတွင်းနှင့် ကမ်းရိုးတန်းတစ်လျှောက်တွင် အောက်ပါတားမြစ်ချက် သို့မဟုတ် ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ခြင်း၊ ဖောက်ဖျက်ကျူးလွန်ရန် အားထုတ်ခြင်း သို့မဟုတ် အားပေးကူညီခြင်း ပြစ်မှုတစ်ရပ်ရပ်ကျူးလွန်သူကို ဖမ်းဆီးခြင်း၊ ချုပ်နှောင်ခြင်းနှင့် တည်ဆဲဥပဒေများနှင့်အညီ ဆက်လက်အရေးယူနိုင်ရန်အတွက် သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်းထံသို့ လွှဲပြောင်းပေးခြင်းတို့ကို နှောင့်နှေးကြန့်ကြာခြင်းမရှိစေဘဲ ဆောင်ရွက်ရမည် –

(က) သက်ဆိုင်ရာတည်ဆဲဥပဒေများပါ တားမြစ်ချက်များ၊

(ခ) နိုင်ငံတကာသဘောတူစာချုပ်ပါ ပြဋ္ဌာန်းချက်များ။

၂၆။ ကမ်းခြေစောင့်တပ်ဖွဲ့သည် ပြစ်မှုကျူးလွန်သူကို ဖမ်းဆီးချုပ်နှောင်ပြီး ပြစ်မှုနှင့်သက်ဆိုင်သည့် သက်သေခံပစ္စည်းများကို သိမ်းဆည်း၍ ထိုပြစ်မှုကျူးလွန်သူကို သက်သေခံပစ္စည်းနှင့်တကွ သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်းထံသို့ သတ်မှတ်ပုံစံဖြင့် လွှဲပြောင်းခြင်း သို့မဟုတ် နီးစပ်ရာရဲစခန်းသို့ သတင်းပေးတိုင်ကြားခြင်း ပြုနိုင်သည်။

၂၇။ ကမ်းခြေစောင့်တပ်ဖွဲ့သည် ပုဒ်မ ၂၅ သို့မဟုတ် ၂၆ အရ ဖမ်းဆီးခြင်း၊ ချုပ်နှောင်ခြင်းခံရသူက နာမကျန်းသည့်အခြေအနေတွင် သက်ဆိုင်ရာမှတ်ပုံတင်ဆရာဝန်၏ထောက်ခံချက်ဖြင့် လိုအပ်သော ကျန်းမာရေးစောင့်ရှောက်မှု သို့မဟုတ် ဆေးကုသမှုခံယူခွင့်ပြုနိုင်သည်။

၂၈။ ကမ်းခြေစောင့်တပ်ဖွဲ့သည် ပုဒ်မ ၂၅ သို့မဟုတ် ၂၆ အရ ဖမ်းဆီးခြင်း၊ ချုပ်နှောင်ခြင်းခံရသူကို တစ်နေရာမှ တစ်နေရာသို့ ပို့ဆောင်ရာတွင် ထိုသူ၏လုံခြုံရေးအရဖြစ်စေ၊ ကျန်းမာရေးအရဖြစ်စေ လိုအပ်ပါက မိမိ၏အစီအစဉ်ဖြင့် ပို့ဆောင်နိုင်သည်။

၂၉။ ဤဥပဒေပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း စွပ်စွဲခံရသူသည် နိုင်ငံခြားသားဖြစ်ပါက ဤဥပဒေအရသော်လည်းကောင်း၊ တရားခံလွှဲပြောင်းရေးဥပဒေအရသော်လည်းကောင်း အရေးယူဆောင်ရွက်နိုင်သည်။

၃၀။ ကမ်းခြေစောင့်တပ်ဖွဲ့သည်–

(က) ပြည်ပတွင် ပြစ်မှုကျူးလွန်ပြီး ရေပြင်နယ်နိမိတ်အတွင်းသို့ ဝင်ရောက်နေသော နိုင်ငံခြားသား တစ်ဦးဦးကို စစ်ဆေးတွေ့ရှိပါက တရားခံလွှဲပြောင်းရေးဥပဒေနှင့်အညီ ဆောင်ရွက်နိုင်သည်။

စာမျက်နှာ ၈ သို့ ❑

❑ စာမျက်နှာ ၇ မှ

(ခ) ပြည်ပတွင် ပြစ်မှုကျူးလွန်ခဲ့သည့် နိုင်ငံခြားရေယာဉ် တစ်စီးစီးသည် ရေပြင်နယ်နိမိတ်အတွင်း ဝင်ရောက်နေကြောင်း ကိုယ်တိုင်သိရှိလျှင် ဖြစ်စေ၊ သတင်းရရှိလျှင်ဖြစ်စေ အဆိုပါရေယာဉ်ကို စစ်ဆေးခြင်း သို့မဟုတ် ထိန်းသိမ်းခြင်း သို့မဟုတ် လွှဲပြောင်းခြင်းကိစ္စရပ်များ ဆောင်ရွက်နိုင်သည်။

## အခန်း (၁၃)
## အထွေထွေ

၃၁။ ကမ်းခြေစောင့်တပ်ဖွဲ့သည်-

(က) တည်ဆဲဥပဒေတစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်သော သို့မဟုတ် ဖောက်ဖျက်ကျူးလွန်သည်ဟု ယုံကြည်ရန်အကြောင်းရှိသော နိုင်ငံခြားရေယာဉ်ကို ထက်ကြပ်မကွာ လိုက်လံဖမ်းဆီးခွင့်ရှိသည်။

(ခ) ပုဒ်မခွဲ(က)အရ ထက်ကြပ်မကွာ လိုက်လံဖမ်းဆီးရာတွင် သင့်လျော်သည့် အင်အားသုံးခွင့်ရှိသည်။

၃၂။ ကမ်းခြေစောင့်တပ်ဖွဲ့ သို့မဟုတ် တပ်ဖွဲ့ဝင်က တာဝန်အရ ရေယာဉ်ကိုရပ်တန့်စေခြင်း၊ စစ်ဆေးခြင်း သို့မဟုတ် တက်ရောက်ရှာဖွေခြင်းအား ဟန့်တားသူကို ရာဇသတ်ကြီးနှင့်အညီ အရေးယူခွင့်ရှိသည်။

၃၃။ ကမ်းခြေစောင့်တပ်ဖွဲ့သည် အဏ္ဏဝါပတ်ဝန်းကျင်ညစ်ညမ်းမှု တုံ့ပြန်ရေးဆောင်ရွက်ရာတွင် ကျိုးကြောင်းဆီလျော်စွာဆောင်ရွက်ရသည့်ကိစ္စရပ်များအတွက် ကုန်ကျစရိတ်များကို ညစ်ညမ်းမှုဖြစ်ပေါ်စေသူထံမှ သတ်မှတ်ချက်နှင့်အညီ ပြန်လည်တောင်းခံခွင့်ရှိသည်။

၃၄။ ဤဥပဒေပါပြစ်မှုများကို ရဲအရေးယူပိုင်ခွင့်ရှိသော ပြစ်မှုများအဖြစ် သတ်မှတ်သည်။

၃၅။ ဤဥပဒေပါ ပြစ်မှုတစ်ရပ်ရပ်ကို အရေးယူဆောင်ရွက်ခြင်းသည် တရားမကြောင်းအရ တရားစွဲဆိုခြင်းကို ထိခိုက်ခြင်းမရှိစေရ။

၃၆။ ကမ်းခြေစောင့်တပ်ဖွဲ့သည် ရေပြင်နယ်နိမိတ်အတွင်း တရားမဝင်ဖြတ်ကျော်ဝင်ရောက်မှု အပါအဝင် ပင်လယ်ရေကြောင်းကိုအသုံးပြု၍ ကျူးလွန်သောပြစ်မှုများကို တားဆီးနှိမ်နင်းခြင်း၊ သက်သေခံပစ္စည်းများသိမ်းဆည်းခြင်း၊ သက်သေခံပစ္စည်းများကို တရားရုံးသို့တင်ပြခြင်းတို့ ဆောင်ရွက်ရာတွင် ရာဇဝတ်ကျင့်ထုံးဥပဒေပါ မြန်မာနိုင်ငံရဲတပ်ဖွဲ့၏တာဝန်နှင့် လုပ်ပိုင်ခွင့်များကို ဆီလျော်သရွေ့ ကျင့်သုံးဆောင်ရွက်ခွင့်ရှိသည်။

၃၇။ ကမ်းခြေစောင့်တပ်ဖွဲ့သည် စွန့်ပစ်ခံရေယာဉ် သို့မဟုတ် အန္တရာယ်ရှိသောရေယာဉ်ပျက်ကို ဆယ်တင်ခြင်းနှင့် ရှင်းလင်းဖယ်ရှားခြင်းတို့တွင် ဆယ်တင်သူ၏အခွင့်အရေးကို ရယူခွင့်ရှိသည်။

၃၈။ တပ်ဖွဲ့ဝင်များသည် ဤဥပဒေပါ ကမ်းခြေစောင့်တပ်ဖွဲ့၏ လုပ်ငန်းတာဝန်များနှင့် သက်ဆိုင်သည့် ကိစ္စရပ်များကို ဝန်ကြီးဌာန၏ ခွင့်ပြုချက်ဖြင့် ပြည်ပနိုင်ငံများတွင် သွားရောက်တာဝန်ထမ်းဆောင်ခွင့်ရှိသည်။

၃၉။ ကမ်းခြေစောင့်တပ်ဖွဲ့သည်-

(က) ဝန်ကြီးဌာန၏ခွင့်ပြုချက်ဖြင့် ပင်လယ်ရေကြောင်းဆိုင်ရာကိစ္စရပ်များတွင်ဖြစ်စေ၊ နိုင်ငံတော်လုံခြုံရေးတွင်ဖြစ်စေ လိုအပ်ပါက သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများမှ အမှုထမ်း၊ အရာထမ်းများကို ကမ်းခြေစောင့်တပ်ဖွဲ့ဝင်အဖြစ် တွဲဖက်တာဝန် ထမ်းဆောင်နိုင်စေရန် သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ညှိနှိုင်းဆောင်ရွက်နိုင်သည်။

(ခ) ဝန်ကြီးဌာန၏ခွင့်ပြုချက်ဖြင့် ပင်လယ်ရေကြောင်းဆိုင်ရာကိစ္စရပ်တွင်ဖြစ်စေ၊ နိုင်ငံတော်လုံခြုံရေးတွင်ဖြစ်စေ လိုအပ်ပါက သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများမှ အမှုထမ်း၊ အရာထမ်းများကို ကမ်းခြေစောင့်တပ်ဖွဲ့ဝင်အဖြစ် ဌာနကူးပြောင်းတာဝန်ထမ်းဆောင်နိုင်စေရန် နိုင်ငံ့ဝန်ထမ်းဥပဒေနှင့်အညီ ပြည်ထောင်စုရာထူးဝန်အဖွဲ့နှင့် ညှိနှိုင်းဆောင်ရွက်နိုင်သည်။

၄၀။ ကမ်းခြေစောင့်တပ်ဖွဲ့သည် မိမိ၏လုပ်ငန်းတာဝန်များ ဆောင်ရွက်ရာတွင် လိုအပ်သည့် ပြည်တွင်း ပြည်ပအထောက်အပံ့ သို့မဟုတ် နည်းပညာဆိုင်ရာ အကူအညီများကို ဝန်ကြီးဌာန၏ ခွင့်ပြုချက်ဖြင့် ရယူနိုင်သည်။

၄၁။ တပ်ဖွဲ့ဝင်စည်းကမ်းထိန်းသိမ်းရေးနှင့်စပ်လျဉ်း၍ တပ်ဖွဲ့ဝင်အရာရှိများ၊ တပ်ဖွဲ့ဝင်အမှုထမ်းများ၊ အရပ်ဘက်အရာရှိများနှင့် အရပ်ဘက်အမှုထမ်းများသည် ၎င်းတို့နှင့်သက်ဆိုင်သည့် တည်ဆဲဥပဒေများကို လိုက်နာရမည်။

၄၂။ ကမ်းခြေစောင့်တပ်ဖွဲ့ဝင်များသည် ဤဥပဒေပါလုပ်ငန်းတာဝန်များဆောင်ရွက်ရာတွင် နိုင်ငံတော်၏ တည်ဆဲဥပဒေများနှင့် နိုင်ငံတကာသဘောတူစာချုပ်များအပြင် ကမ်းခြေစောင့်တပ်ဖွဲ့အကြီးအကဲက ထုတ်ပြန်သည့် တပ်ဖွဲ့တွင်းအမိန့်နှင့် ညွှန်ကြားချက်များကို လိုက်နာရမည်။

၄၃။ ပြစ်မှုကျူးလွန်သူကို ဖမ်းဆီးရာတွင်သော်လည်းကောင်း၊ ရေယာဉ် သို့မဟုတ် အခြားသက်သေခံပစ္စည်းများကို သိမ်းဆည်းရာတွင်သော်လည်းကောင်း စွမ်းစွမ်းတမံပါဝင်ဆောင်ရွက်ခဲ့သောတပ်ဖွဲ့ဝင်ကိုဖြစ်စေ၊ သတင်းပေးသည့် လူပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းကို လုပ်ဆောင်မှုဆိုင်ရာ ဆုကြေး သို့မဟုတ် ဆုတံဆိပ်များ ပေးအပ်နိုင်သည်။

၄၄။ ကမ်းခြေစောင့်တပ်ဖွဲ့သည် နိုင်ငံတကာစည်းမျဉ်းများ၊ လမ်းညွှန်ချက်များ၊ ဆက်သွယ်ရေးဥပဒေနှင့်အညီ သတ်မှတ်ထားသည့် လှိုင်းနှုန်းခွင် (Frequency Band) များကို အသုံးပြုခွင့်ရှိသည်။

၄၅။ ဤဥပဒေအရ သဘောရိုးဖြင့်ဆောင်ရွက်သောကိစ္စတစ်ရပ်ရပ်အတွက် တပ်ဖွဲ့ဝင်တစ်ဦးဦးကို တရားမကြောင်းအရသော်လည်းကောင်း၊ ရာဇဝတ်ကြောင်းအရသော်လည်းကောင်း တရားစွဲဆိုခြင်းမပြုရ။

၄၆။ ဤဥပဒေအရ ချမှတ်သည့်ငွေဒဏ်ကို မြန်မာနိုင်ငံတော်ဗဟိုဘဏ်က သတ်မှတ်ထားသည့် ငွေပေးချေမှုနည်းလမ်းများအတိုင်း ပေးဆောင်စေရမည်။

၄၇။ ဤဥပဒေပါပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် -

(က) ဝန်ကြီးဌာနသည် နည်းဥပဒေများ၊ စည်းမျဉ်းနှင့် စည်းကမ်းများကို အစိုးရအဖွဲ့၏သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင်သည်။

(ခ) ဝန်ကြီးဌာနနှင့် ကမ်းခြေစောင့်တပ်ဖွဲ့တို့သည် လိုအပ်သော အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။

**(ပုံ) မင်းအောင်လှိုင်**
**ဗိုလ်ချုပ်မှူးကြီး**
**ဥက္ကဋ္ဌ**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

# ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များအပေါ် စုံစမ်းမေးမြန်းခြင်းနှင့် သတင်းပို့ခြင်းပြုလုပ်နိုင်

၁။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ သိရှိလိုသည်များကို စုံစမ်းမေးမြန်းရန်နှင့် သတင်းပို့တိုင်ကြားရန်တို့အတွက် တိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီးရှိ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့များ၏ အောက်ပါဖုန်းနံပါတ်များသို့ **ရုံးချိန်အတွင်း** ဆက်သွယ်နိုင်ပါကြောင်း ထုတ်ပြန်အပ်ပါသည်-

(က) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့ ဥက္ကဋ္ဌရုံး(နေပြည်တော်)
- (၁) ၀၆၇-၃၄၀၄၉၁၁၊ ၀၆၇-၃၄၀၄၉၂၂၊ ၀၆၇-၃၄၀၄၉၃၃၊ ၀၆၇-၃၄၀၄၉၄၄၊ ၀၆၇-၃၄၀၄၉၅၅
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၁

(ခ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (နေပြည်တော်ကောင်စီ)
- (၁) ၀၆၇-၄၅၅၀၄၈၈၊ ၀၆၇-၄၅၅၀၄၉၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၂

(ဂ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကချင်ပြည်နယ်)
- (၁) ၀၉-၃၄၉၀၃၅၅၃၄၊ ၀၉-၃၄၉၀၃၈၃၇၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၃၄၉၀၃၈၃၇၆

(ဃ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကယားပြည်နယ်)
- (၁) ၀၉-၃၄၉၀၁၅၈၄၇၊ ၀၉-၃၄၉၀၁၄၄၈၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၁၀၀၆၆၃၈

(င) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကရင်ပြည်နယ်)
- (၁) ၀၅၈-၂၀၂၄၅၃၀၊ ၀၅၈-၂၀၂၃၅၃၁
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၆၉၁၁၁၁၉၁၀

(စ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ချင်းပြည်နယ်)
- (၁) ၀၇၀-၂၀၂၂၃၆၈၊ ၀၇၀-၂၀၂၂၅၉၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန်၀၉-၈၉၀၉၃၇၅၇၄

(ဆ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (စစ်ကိုင်းတိုင်းဒေသကြီး)
- (၁) ၀၇၁-၂၀၃၂၀၉၁၊ ၀၇၁-၂၀၃၂၀၉၂
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၇

(ဇ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (တနင်္သာရီတိုင်းဒေသကြီး)
- (၁) ၀၅၉-၂၀၂၄၀၃၇၊ ၀၅၉-၂၀၂၄၀၃၈
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၈

(ဈ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ပဲခူးတိုင်းဒေသကြီး)
- (၁) ၀၅၂-၂၂၀၁၉၃၉၊ ၀၅၂-၂၂၀၁၉၄၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၉

(ည) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မကွေးတိုင်းဒေသကြီး)
- (၁) ၀၆၃-၂၀၂၈၈၇၈၊ ၀၆၃-၂၀၂၈၈၇၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၀

(ဋ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မန္တလေးတိုင်းဒေသကြီး)
- (၁) ၀၂-၄၀၂၁၂၄၅၊ ၀၂-၄၀၂၁၂၄၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၁

(ဌ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မွန်ပြည်နယ်)
- (၁) ၀၅၇-၂၀၂၇၉၃၅၊ ၀၅၇-၂၀၂၇၉၃၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၂

(ဍ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရခိုင်ပြည်နယ်)
- (၁) ၀၉-၂၅၅၀၀၂၅၁၇၊ ၀၉-၂၅၅၀၀၂၅၁၈
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၃

(ဎ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရန်ကုန်တိုင်းဒေသကြီး)
- (၁) ၀၁-၈၃၀၀၀၁၆၊ ၀၁-၈၃၀၀၀၁၇
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၄

(ဏ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရှမ်းပြည်နယ်)
- (၁) ၀၈၁-၂၁၂၄၅၄၀၊ ၀၈၁-၂၁၂၄၉၉၅
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၅

(တ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ဧရာဝတီတိုင်းဒေသကြီး)
- (၁) ၀၄၂-၂၀၂၅၉၉၃၊ ၀၄၂-၂၀၂၅၉၉၄
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၆

၂။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ စုံစမ်းမေးမြန်းခြင်း၊ မသမာမှုများနှင့်ပတ်သက်၍ တိုင်ကြားခြင်းများအား တိကျစွာဆက်သွယ်သတင်းပို့နိုင်ပါကြောင်းနှင့် မမှန်မကန်သတင်းပို့ခြင်း၊ တိုင်ကြားခြင်းများပြုလုပ်ပါက ဖော်ထုတ်၍ တည်ဆဲဥပဒေများနှင့်အညီ အရေးယူသွားမည်ဖြစ်ပါကြောင်း အသိပေးအပ်ပါသည်။

**ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့**

# ပြည်သူ့စစ်မှုထမ်းနည်းဥပဒေများအား ဖတ်ရှုနိုင်ရန် ဖော်ပြပေးထားသော Website နှင့် Webportal စာရင်း

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရုံး
https://sacoffice.gov.mm

၂။ ကာကွယ်ရေးဝန်ကြီးဌာန
https://www.mod.gov.mm

၃။ ဥပဒေရေးရာဝန်ကြီးဌာန
https://www.mlis.gov.mm

၄။ ပြန်ကြားရေးဝန်ကြီးဌာန
https://www.moi.gov.mm

၅။ Myawady Webportal
https://myawady.net.mm

၆။ Myanmar National Portal
https://myanmar.gov.mm

# ငါးသယံဇာတများ တိုးပွားလာစေရေးနှင့် ငါးမျိုးများ ရေရှည်တည်တံ့ခိုင်မြဲစေရေး မိုးရာသီ ငါးမျိုးများစိုက်ထည့်

**နေပြည်တော် ဇူလိုင် ၁၈**

ငါးသယံဇာတများ တိုးပွားလာစေရေးနှင့် ငါးမျိုးများ ရေရှည်တည်တံ့ခိုင်မြဲစေရေးတို့အတွက် နယ်စပ်ရေးရာ ဝန်ကြီးဌာန၏ ၂၀၂၅ ခုနှစ် မိုးရာသီ ငါးမျိုးစိုက်ထည့်ပွဲကို ယနေ့နံနက်ပိုင်းတွင် နယ်စပ်ရေးရာ ဝန်ကြီးဌာန ရုံးဧရိယာအတွင်းရှိ တစ်ဖက်ပိတ်ဆည်၌ ကျင်းပသည်။

**ငါးမျိုးစိုက်ထည့်**

ငါးမျိုးစိုက်ထည့်ပွဲတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီအဖွဲ့ဝင် နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်နှင့် ဇနီးတို့က တစ်ဖက်ပိတ်ဆည်အတွင်းသို့ ငါးမျိုးများ ဦးဆောင်စိုက်ထည့်ပေးပြီး ဒုတိယဝန်ကြီး ဗိုလ်ချုပ်ဖြိုးသန့်နှင့် ဇနီး၊ အမြဲတမ်းအတွင်းဝန်နှင့် ဇနီး၊ ညွှန်ကြားရေး မှူးချုပ်များနှင့် ဇနီးများ၊ ဝန်ကြီးရုံးနှင့် ဦးစီးဌာနများမှ အရာထမ်း၊ အမှုထမ်းများက ငါးမြစ်ချင်းနှင့် ငါးခုံးမကြီး အကောင်ရေ ၁၀၀၀၀ ကို တစ်ဖက်ပိတ်ဆည်အတွင်းသို့ ငါးမျိုးများ စိုက်ထည့်ပေးခဲ့သည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်နှင့်ဇနီး တစ်ဖက်ပိတ်ဆည်အတွင်းသို့ ငါးမျိုးများစိုက်ထည့်စဉ်။

**မင်္ဂလာကန်အတွင်း ငါးမျိုးစိုက်ထည့်**

ထို့ပြင် နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေဆိုင်ရာခုံရုံး၏ ၂၀၂၅ ခုနှစ် မိုးရာသီငါးမျိုးစိုက်ထည့်ပွဲ အခမ်းအနားကို ညနေပိုင်းတွင် နေပြည်တော် ကောင်စီနယ်မြေ ဇမ္ဗူသီရိမြို့နယ် ပျဉ်းမနား - တောင်ညိုလမ်းဘေးရှိ မင်္ဂလာကန်၌ ကျင်းပရာ နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေဆိုင်ရာ ခုံရုံးဥက္ကဋ္ဌ ဦးအောင်ဇော်သိန်းနှင့် ဇနီး၊ နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံ ဥပဒေဆိုင်ရာ ခုံရုံးအဖွဲ့ဝင်များ၊ အမြဲတမ်းအတွင်းဝန်နှင့် ဝန်ထမ်းများ တက်ရောက်၍ မင်္ဂလာကန်အတွင်း ငါးမျိုး စိုက်ထည့်ပေးခဲ့ကြသည်။

အလားတူ စွမ်းအင်ဝန်ကြီးဌာန၏ ၂၀၂၅ ခုနှစ် မိုးရာသီ ငါးမျိုးစိုက်ထည့်ပွဲ အခမ်းအနားကို စွမ်းအင်ဝန်ကြီးဌာန ပရိဝုဏ်အတွင်းရှိ လျှိုပိတ်ဆည်တွင် ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလွင်၊ ဒုတိယဝန်ကြီး၊ ဦးစီးဌာန/ လုပ်ငန်းများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးများနှင့် ဝန်ထမ်းများတက်ရောက်၍ ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးနှင့် ညွှန်ကြားရေးမှူး ချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးနှင့် ဝန်ထမ်းများက ငါးလုပ်ငန်းဦးစီးဌာနက ပံ့ပိုးပေးသော ငါးမြစ်ချင်း ငါးသားပေါက် ကောင်ရေ ၃၀၀၀ ကို စိုက်ထည့်ပေးခဲ့သည်။



နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးဥက္ကဋ္ဌ ဦးအောင်ဇော်သိန်းနှင့်ဇနီး မင်္ဂလာကန်အတွင်း ငါးမျိုးစိုက်ထည့်စဉ်။

ထို့အတူ ဆောက်လုပ်ရေး ဝန်ကြီးဌာန၏ ၂၀၂၅ ခုနှစ် မိုးရာသီ ငါးမျိုးစိုက်ထည့်ပွဲ အခမ်းအနားကို အဆိုပါဝန်ကြီးဌာန ရုံးအမှတ် (၁၁)နှင့် ရုံးအမှတ်(၄၀) ပရိဝုဏ်အတွင်းရှိ လျှိုပိတ်ဆည်၌ ကျင်းပရာ ဆောက်လုပ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမျိုးသန့်နှင့်ဇနီး၊ ဒုတိယဝန်ကြီး များနှင့် ဇနီးများ၊ အမြဲတမ်း အတွင်းဝန်နှင့် ဇနီး ၊ ညွှန်ကြားရေး မှူးချုပ်များနှင့် ၎င်းတို့၏ ဇနီးများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် အရာထမ်း/ အမှုထမ်းများက ငါးသားပေါက်ကောင်ရေ ၁၀၀၀၀ ကို ငါးမျိုးစိုက်ထည့်ပေးခဲ့ကြသည်။

အလားတူ အဂတိလိုက်စားမှု တိုက်ဖျက်ရေး ကော်မရှင်၏ မိုးရာသီ ငါးမျိုးစိုက် ထည့်ပွဲ အခမ်းအနားကို နံနက်ပိုင်းတွင် နေပြည်တော်ရှိ မင်္ဂလာကန်၌ ကျင်းပရာ အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင် ဥက္ကဋ္ဌ ဦးစစ်အေး၊ ကော်မရှင်အတွင်းရေးမှူး၊ ကော်မရှင်အဖွဲ့ဝင်များ၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များနှင့် အရာထမ်း၊ အမှုထမ်းများ တက်ရောက်၍ ငါးမြစ်ချင်းနှင့် ငါးခုံးမ ငါးသားပေါက်ကောင်ရေ ၁၀၀၀၀ ကို မင်္ဂလာ ကန်တော်အတွင်းသို့ ငါးမျိုးစိတ်များ စိုက်ထည့်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဦးချစ်ဆွေ မြန်မာပြည်ပအလုပ်အကိုင်ဝန်ဆောင်မှု လုပ်ငန်းရှင်များအသင်း (MOEAA) မှ တာဝန်ရှိသူများနှင့် တွေ့ဆုံ၍ NSSA ၏ အသိအမှတ်ပြု ကျွမ်းကျင်မှုလေ့ကျင့်ရေးသင်တန်းကျောင်းများ ကြည့်ရှုစစ်ဆေး

**ရန်ကုန် ဇူလိုင် ၁၈**

အလုပ်သမားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးချစ်ဆွေသည် ယမန်နေ့မွန်းလွဲပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး ရန်ကင်းမြို့နယ်ရှိ ကျွမ်းကျင်မှု လေ့ကျင့်ရေးသင်တန်းကျောင်း၌ မြန်မာပြည်ပအလုပ်အကိုင်ဝန်ဆောင်မှု လုပ်ငန်းရှင်များအသင်း (MOEAA)မှ တာဝန်ရှိသူများနှင့် အလုပ်သမားရေးရာကိစ္စရပ်များနှင့်ပတ်သက်၍ တွေ့ဆုံဆွေးနွေးရာ အလုပ်သမားညွှန်ကြားရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် MOEAA မှ နိုင်ငံအလိုက်ခေါင်းဆောင်များ တက်ရောက်ကြသည်။



**ဆွေးနွေးမှာကြား**

ဦးစွာ ပြည်ထောင်စုဝန်ကြီးက အလုပ်သမားဝန်ကြီးဌာနအနေဖြင့် ပြည်ပနိုင်ငံများသို့ မြန်မာလုပ်သားစေလွှတ်ရေး လုပ်ငန်းစဉ်များနှင့်ပတ်သက်၍ နိုင်ငံအလိုက်စေလွှတ်ရေးလုပ်ငန်းစဉ် (SOP) များနှင့်အညီ စိစစ်ခွင့်ပြုစေလွှတ်ပေးလျက်ရှိကြောင်း၊ ပြည်တွင်းလုပ်သားရှားပါးမှု၊ နိုင်ငံတော်အတွက် လူ့စွမ်းအားအရင်းအမြစ်များ ဆုံးရှုံးမှုတို့ကို လျှော့ချနိုင်ရေးအတွက် ပြည်ပမှ အလုပ်လုပ်ကိုင်ပြီး သက်တမ်းပြည့်၍ ပြန်လည်ရောက်ရှိလာသော အရေအတွက်နှင့် အသစ်စေလွှတ်ရမည့် လုပ်သားအရေအတွက်ကို နှိုင်းယှဉ်ကာ စေလွှတ်နေခြင်းဖြစ်ပါကြောင်း၊ အေဂျင်စီများအနေဖြင့် အလုပ်သမားများ စေလွှတ်ရာတွင် လုပ်ခလစာ အကျိုးခံစားခွင့်များပြားသည့် နိုင်ငံများသို့ စေလွှတ်နိုင်ရေး ကြိုးစားဆောင်ရွက်စေလိုကြောင်း၊ MOEAA နိုင်ငံအလိုက်ခေါင်းဆောင်များမှ အေဂျင်စီများအပေါ် မှန်ကန်သော ဦးဆောင်မှုပြုရေး၊ အလုပ်သမားစေလွှတ်ရေး လုပ်ငန်းစဉ်များဆောင်ရွက်ရာတွင် အလုပ်သမားညွှန်ကြားရေးဦးစီးဌာနမှ သတ်မှတ်ထားသည့် အမိန့်၊ ညွှန်ကြားချက်၊ စည်းမျဉ်းစည်းကမ်းများ၊ လုပ်ငန်းအစီအစဉ်(SOP)များနှင့်အညီ လိုက်ပါဆောင်ရွက်ပေးရေးကိစ္စများကို ဆွေးနွေးမှာကြားသည်။

ထို့နောက် MOEAA မှ ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ၊ နိုင်ငံအလိုက်ခေါင်းဆောင်များက ပြည်ပသို့ အလုပ်သမားစေလွှတ်ရေးလုပ်ငန်းစဉ်နှင့် ပတ်သက်သည့် ဆွေးနွေးတင်ပြမှုအပေါ် ပြည်ထောင်စုဝန်ကြီးက ပေါင်းစပ်ညှိနှိုင်းပေးသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများသည် ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်ရှိ Yun Nadi Oo Co., Ltd. ကျွမ်းကျင်မှုလေ့ကျင့်ရေး သင်တန်းကျောင်းသို့ သွားရောက်၍ သင်တန်းသားများအား စာတွေ့လက်တွေ့ သင်ကြားပို့ချနေမှုကို ကြည့်ရှုစစ်ဆေးသည်။

ယနေ့မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများသည် သဃ်္ဃန်းကျွန်းမြို့နယ် ဘဝမြင့်ရပ်ကွက်ရှိ နည်းပညာအထောက်အကူပြုရုံး (ရန်ကုန်)သို့ ရောက်ရှိပြီး နည်းပညာအထောက်အကူပြုရုံး(ရန်ကုန်)၊ ပြည်ပအလုပ်အကိုင် စာချုပ်ချုပ်ဆိုရေးအဖွဲ့ရုံးနှင့် လူမှုဖူလုံရေးဆေးခန်း (သဃ်္ဃန်းကျွန်း)တို့ ပူးတွဲဖွင့်လှစ်ထားမှုအခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များကို မှာကြားသည်။

ဆက်လက်၍ ပြည်တွင်းအလုပ်အကိုင် ရှာဖွေရေးအကျိုးဆောင် အေဂျင်စီများမှ တာဝန်ရှိသူများနှင့်တွေ့ဆုံ၍ လိုအပ်သည်များမှာကြားပြီး ပြည်တွင်းအေဂျင်စီများမှ တာဝန်ရှိသူများက ဆွေးနွေးတင်ပြချက်များအပေါ် ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**





# ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း သတင်းနှင့် စာနယ်ဇင်းလုပ်ငန်း(ရန်ကုန်)မှ အရာထမ်းများနှင့် တွေ့ဆုံ

**ရန်ကုန် ဇူလိုင် ၁၈**

ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းသည် သတင်းနှင့် စာနယ်ဇင်းလုပ်ငန်း(ရန်ကုန်)မှ အရာထမ်းများနှင့် ယနေ့ မွန်းလွဲ ၂ နာရီတွင် ရန်ကုန်မြို့ သိမ်ဖြူလမ်းရှိ ပုံနှိပ်ရေးနှင့် ထုတ်ဝေရေး ဦးစီးဌာန အစည်းအဝေးခန်းမ၌ တွေ့ဆုံသည်။

တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက နိုင်ငံတော်တွင် ဖြစ်ပေါ်နေသည့် အခြေအနေများကို မျက်စိဖွင့်၊ နားစွင့်ပြီး သတင်းများ ဖော်ပြရာ၌ သမားရိုးကျထက် ခေတ်ကာလနှင့်အညီ ရေးသားဖော်ပြရန် လိုအပ်ကြောင်း၊ အမှားအယွင်းကင်းစင်စေရန်နှင့် နိုင်ငံတော်က ချမှတ်ထားသည့် မူဝါဒများကို အမြဲမပြတ် လေ့လာသိရှိနေရန် လိုအပ်ကြောင်း၊ နိုင်ငံတော်ဝန်ကြီးချုပ်ကလည်း ပုံနှိပ်မီဒီယာအပေါ် အလေးထားပါကြောင်း၊ ပြည်သူလူထုအား သတင်းမှန် သိရှိစေရေး ရှာဖွေဖော်ပြပေးသွားရန် လိုအပ်ကြောင်း မှာကြားသည်။

ထို့နောက် တာဝန်ရှိသူများက သတင်းစာထုတ်လုပ်ဖြန့်ချိနေမှု အခြေအနေများကို ရှင်းလင်းတင်ပြပြီး ပြည်ထောင်စုဝန်ကြီးက နိဂုံးချုပ်အမှာစကားပြောကြားသည်။

**သတင်းစဉ်**

# ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်မှု အဖွဲ့ဝင်နိုင်ငံများ၏ ရုပ်မြင်သံကြားပွဲတော်သို့ မြန်မာကိုယ်စားလှယ်အဖွဲ့ ပါဝင်တက်ရောက်

**ရှီအန်း ဇူလိုင် ၁၈**

ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်မှု အဖွဲ့ဝင်နိုင်ငံများ၏ ရုပ်မြင်သံကြားပွဲတော်ကို ဒုတိယအကြိမ်အဖြစ် ဇူလိုင် ၁၆ ရက် နံနက်ပိုင်းက တရုတ်နိုင်ငံ ရှန်ရှီးပြည်နယ် ရှီအန်းမြို့တော်ရှိ Xi'an Chanba International Conference Center ၌ ကျင်းပရာ အဖွဲ့ဝင်နိုင်ငံများအပြင် လေ့လာသူနှင့်ဆွေးနွေးဖက်နိုင်ငံများမှ ကိုယ်စားလှယ်အဖွဲ့များ တက်ရောက်ကြသည်။




အဆိုပါအဖွဲ့ကို ၂၀၀၁ ခုနှစ်က တရုတ်၊ ရုရှား၊ ဘယ်လာရုစ်၊ ကာဇက်စတန်၊ ကာဂျစ္စတန်၊ တာဂျစ်ကစ္စတန်၊ ဥဇဘက်ကစ္စတန်၊ အိန္ဒိယ၊ ပါကစ္စတန်နှင့် အီရန် ၁၀ နိုင်ငံတို့ဖြင့် စတင်ဖွဲ့စည်းခဲ့ပြီး ယခုပွဲတော်သို့ လေ့လာသူများအဖြစ် မွန်ဂိုလီးယားနှင့် အာဖဂန်နစ္စတန်နိုင်ငံတို့အပြင် ဆွေးနွေးဖက်နိုင်ငံများအဖြစ် အီဂျစ်၊ ကာတာ၊ ဆော်ဒီအာရေဗျ၊ ဘာရိန်း၊ ကူဝိတ်၊ ယူအေအီး၊ တူကီယဲ၊ အဇာ ဘိုင်ဂျန်၊ အာမေးနီးယား၊ မော်လ်ဒိုက်၊ ကမ္ဘောဒီးယား၊ နီပေါ၊ သီရိလင်္ကာနိုင်ငံတို့နှင့် အတူ မြန်မာနိုင်ငံမှ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ညွှန်ကြားရေးမှူးချုပ်နှင့်အဖွဲ့ တက်ရောက်သည်။

အဆိုပါရုပ်မြင်သံကြားပွဲတော် ဖွင့်ပွဲအခမ်းအနားတွင် ရှန်ရှီးပြည်နယ် အစိုးရအဖွဲ့အကြီးအကဲ Mr. Zhao Gang က အဖွင့်အမှာစကားပြောကြားပြီး တရုတ်နိုင်ငံ အမျိုးသားရေဒီယိုနှင့် ရုပ်မြင်သံကြား အုပ်ချုပ်ရေးဝန်ကြီးဌာန ဝန်ကြီး Ms. Cao Shumin က ရှင်းလင်းပြောကြားကာ တက်ရောက်လာကြသည့် နိုင်ငံများမှ တာဝန်ရှိသူများနှင့်အတူ ဖွင့်ပွဲအခမ်းအနားကို စက်ခလုတ်များ တစ်ပြိုင်တည်းနှိပ်၍ ဖွင့်လှစ်ပေးကြသည်။

ထိုသို့ ဖွင့်လှစ်မှုနှင့် တစ်ချိန်တည်းတွင် တရုတ်နိုင်ငံ၏ ပိုးလမ်းမကြီးမှ မိုင်ပေါင်းတစ်သောင်း ချစ်ကြည်ရေးခရီးစဉ်ကို ယာဉ်ငယ် ၁၂ စီး ခရီးသွား ၄၆ ဦး ပါဝင်သောယာဉ်တန်းဖြင့် တရုတ်နိုင်ငံ ရှီအန်းမြို့မှ SCO အဖွဲ့ဝင်နိုင်ငံများဖြစ်သည့် ကာဇက်စတန်၊ ကာဂျစ္စတန်၊ တာဂျစ်ကစ္စတန်၊ ဥဇဘက်ကစ္စတန် နိုင်ငံတို့သို့ စုဖွဲ့ ထွက်ခွာသွားကြသည်။

ဆက်လက်၍ ဖွင့်ပွဲအခမ်းအနားကို ကျင်းပရာ တက်ရောက်လာကြသည့် နိုင်ငံများမှ တာဝန်ရှိသူများနှင့်အတူ တရုတ်နိုင်ငံမှ မီဒီယာအဖွဲ့အစည်းကြီးများ ဖြစ်ကြသော People's Daily၊ Xinhwa News Agency၊ CGTN နှင့် Xian ရုပ်သံဌာနတို့မှ တာဝန်ရှိသူများက မိတ်ဆက်ပြောကြားကြသည်။

မွန်းလွဲပိုင်းတွင် Audio and Video Content Trade Market, Convergence and Communi–cation of Audio Visual Content and Audio –Video Industry Exchange and Cooperation ခေါင်းစဉ်အကြောင်းအရာများဖြင့် Parallel Session များကို နေရာများခွဲ၍ ကျင်းပရာ မြန်မာ့အသံနှင့်ရုပ်မြင်သံကြား ညွှန်ကြားရေးမှူးချုပ် ဦးရဲနိုင်က နိုင်ငံတကာ ရုပ်သံများနှင့် မြန်မာရုပ်သံ ဖြစ်ပေါ် ပြောင်းလဲတိုးတက်မှုများ စိန်ခေါ်မှုများနှင့် အခွင့်အလမ်းများကို ရှင်းလင်းဆွေးနွေး ပြောကြားသည်။

ညပိုင်းတွင် တက်ရောက်လာကြသည့် နိုင်ငံများမှ တာဝန်ရှိသူများသည် ပွဲတော်ကျင်းပရေး တာဝန်ရှိသူများနှင့်အတူ ရှီအန်းမြို့ရှိ OMNI CHANG'AN CONCERT HALL တွင် SCO Night Show ကို Orchestra သံစုံတီးဝိုင်းဖြင့် ဖျော်ဖြေတင်ဆက်မှုကို ကြည့်ရှုအားပေးကြသည်။

အဆိုပါ အဖွဲ့များသည် ဇူလိုင် ၁၇ ရက် နံနက်ပိုင်းတွင် ရှီအန်း အသံလွှင့်နှင့် ရုပ်သံဌာနကို လည်းကောင်း၊ မွန်းလွဲပိုင်းတွင် ရှင်ချိုဟန် ရှေးဟောင်းယဉ်ကျေးမှုနယ်မြေနှင့် ဂူဗိမာန်ကိုလည်းကောင်း သွားရောက်လေ့လာခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**

# လျှပ်စစ်သုံးမော်တော်ယာဉ်များ ရန်ကုန်ဆိပ်ကမ်းသို့ရောက်ရှိ

**နေပြည်တော် ဇူလိုင် ၁၈**

အမျိုးသားအဆင့် လျှပ်စစ်သုံးယာဉ်နှင့် ဆက်စပ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ဦးဆောင်ကော်မတီ၏ ခွင့်ပြုချက်ဖြင့် The Golden Octopus Co., Ltd. က တင်သွင်းလာသော တရုတ်နိုင်ငံထုတ် WULING STARLIGHT S အမျိုးအစား လျှပ်စစ်သုံးမော်တော်ယာဉ်များနှင့် Aung Gabar Motor Services Co., Ltd. က တင်သွင်းလာသော တရုတ်နိုင်ငံထုတ် SAIC MAXUS MIFA 9 အမျိုးအစား လျှပ်စစ်သုံးမော်တော်ယာဉ်များ ရန်ကုန်ဆိပ်ကမ်းသို့ရောက်ရှိလာပါသဖြင့် ယနေ့တွင် လုပ်ထုံးလုပ်နည်းနှင့်အညီ ထုတ်ယူခွင့်ပြုခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

၁။ ကရင်ပြည်နယ်၊ ဘားအံမြို့၊ ရတနာဒီပရပ်ကွက်၊ ကြာအင်းတောင်ပေါ်လမ်း၊ အိမ်အမှတ် [၉/၃၄(A)]တွင် ပါတီရုံးချုပ်တည်ရှိသော ပအိုဝ်းအမျိုးသားညီညွတ်ရေးပါတီက နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေ ပုဒ်မ ၅ အရ နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုရန် ၁၅-၇-၂၀၂၅ ရက်နေ့တွင် လျှောက်ထားလာပါသည်။ ယင်းသို့ လျှောက်ထားရာတွင် ပါတီအမည်၊ အလံနှင့် တံဆိပ်တို့ကို ဖော်ပြပါအတိုင်း အသုံးပြုမည်ဖြစ်ကြောင်း တင်ပြလာပါသည်။

၂။ ယင်းအဖွဲ့အစည်းက အသုံးပြုမည့် ပါတီအမည်၊ အလံနှင့် တံဆိပ်တို့ကို ကန့်ကွက်လိုက ယခု ကြေညာသည့်နေ့မှစ၍ (၇) ရက်အတွင်း ခိုင်လုံသော အထောက်အထားများဖြင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ ကန့်ကွက်နိုင်ပါကြောင်း နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်း နည်းဥပဒေ ၁၄ (ဃ) အရ အများသိစေရန် ကြေညာအပ်ပါသည်။

**ပအိုဝ်းအမျိုးသားညီညွတ်ရေးပါတီ၏ အလံပုံစံ**



**ပအိုဝ်းအမျိုးသားညီညွတ်ရေးပါတီ၏ တံဆိပ်ပုံစံ**



ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

# ဟသ်ာတမြို့နယ်၌ ငလျင်ဘေးအန္တရာယ်သဏ္ဍာန်တူ ဇာတ်တိုက်လေ့ကျင့်

**ဟသ်ာတ ဇူလိုင် ၁၈**

ဧရာဝတီတိုင်းဒေသကြီး ဟသ်ာတမြို့ အမှတ် (၄) အခြေခံပညာအထက်တန်းကျောင်း ဘုရင့်နောင်ခန်းမ၌ ဇူလိုင် ၁၈ ရက် မွန်းလွဲ ၁ နာရီက ဟသ်ာတခရိုင် ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနက ကြီးမှူးပြုလုပ်သော ငလျင်ဘေးအန္တရာယ် သဏ္ဍာန်တူဇာတ်တိုက်လေ့ကျင့်ခြင်းနှင့် အသိပညာပေးဟောပြောပွဲ ကျင်းပသည်။

ဦးစွာ ဟသ်ာတခရိုင် ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန ဦးစီးမှူး လက်ထောက်ညွှန်ကြားရေးမှူး ဦးမင်းသူမောင်က သဘာဝဘေးအန္တရာယ်ဆိုင်ရာ သိမှတ်ဖွယ်ရာများ၊ ဆောင်ရန်ရှောင်ရန်အချက်များ၊ လိုက်နာဆောင်ရွက်ရမည့်အချက်များကို အသိပညာပေးဟောပြောပြီး ခရိုင်ပြည်သူ့ကျန်းမာရေးဦးစီးဌာန ဦးစီးမှူး ဒေါက်တာ နေခြည်ထက်ထက်လင်းအောင်က ကျန်းမာရေးဆိုင်ရာများ အသိပညာပေးဟောပြောခြင်း၊ ဟသ်ာတမြို့နယ် မီးသတ်ဦးစီးဌာနမှ ဦးစီးမှူး ဦးဥက္ကာနှင့်အဖွဲ့က ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းသုံး ပစ္စည်းကိရိယာများနှင့် လက်တွေ့သရုပ်ပြရှင်းလင်းဟောပြောခြင်း၊ ခရိုင်ကြက်ခြေနီသူနာပြုတပ်ဖွဲ့မှူး ဦးကျော်မြင့်ဦးက ရှေးဦးသူနာပြုစုနည်း၊ ငလျင်ဘေးအန္တရာယ် ဖြစ်ပေါ်လာပါက လိုက်နာဆောင်ရွက်ရန် အချက်များ ဟောပြောခြင်းတို့ ဆောင်ရွက်ကြသည်။ ထို့နောက် သက်ဆိုင်ရာဌာနများ၊ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ ပါဝင်၍ ငလျင်ဘေးအန္တရာယ် သဏ္ဍာန်တူဇာတ်တိုက်လေ့ကျင့်ခြင်းများ စုပေါင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **ကိုဇော်(ဟသ်ာတ)**



# ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေ ပဲခူးတိုင်းဒေသကြီးနှင့် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ တက္ကသိုလ်၊ ပညာရေးဒီဂရီကောလိပ်နှင့် အခြေခံပညာကျောင်းများ ကွင်းဆင်းစစ်ဆေး



နေပြည်တော် ဇူလိုင် ၁၈

ပညာရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေသည် ပဲခူးတိုင်းဒေသကြီး လူမှုရေးရာဝန်ကြီး ဦးမျိုးအောင်၊ ညွှန်ကြားရေးမှူးချုပ်များ၊ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် ပဲခူးတက္ကသိုလ်သို့ရောက်ရှိပြီး တက္ကသိုလ်ဝင်းအတွင်း သန့်ရှင်းသာယာလှပရေးနှင့် ဥပဓိရုပ်ကောင်းမွန်ရေး ဆောင်ရွက်ထားရှိမှုများကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ပါမောက္ခချုပ်၊ ဒုတိယ ပါမောက္ခချုပ်၊ ပါမောက္ခများ၊ ဆရာ ဆရာမများနှင့် တွေ့ဆုံကာ ဆရာ ဆရာမများအနေဖြင့် ဘာသာရပ်ဆိုင်ရာအလိုက် မိမိတို့၏ အရည်အသွေးများ တိုးတက်စေရေး၊ တက္ကသိုလ်၏ အသက်သွေးကြောဖြစ်သော သုတေသနလုပ်ငန်းများ တိုးတက်ရေးကိုလည်း ကြိုးပမ်းဆောင်ရွက်ကြစေလိုကြောင်း၊ သုတေသနလုပ်ငန်းများဆောင်ရွက်ရာတွင် လိုအပ်လျက်ရှိသည်များကိုလည်း ပံ့ပိုးဖြည့်ဆည်း ဆောင်ရွက်ပေးလျက်ရှိကြောင်း ဆွေးနွေးပြောကြားပြီး တင်ပြချက်များအပေါ် ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထို့နောက်ပြည်ထောင်စုဝန်ကြီးသည် ရန်ကုန်တိုင်းဒေသကြီး လှည်းကူးပညာရေးဒီဂရီကောလိပ်သို့ရောက်ရှိပြီး ကျောင်းအုပ်ကြီး၊ ဆရာ ဆရာမများ၊ သင်တန်းသားသင်တန်းသူများနှင့် တွေ့ဆုံ၍ သင်တန်းသား သင်တန်းသူများ အနေဖြင့် ဆရာ ဆရာမများ ဖြစ်လာကြမည့် သူများဖြစ်၍ အနာဂတ်၏ ပွဲကိုင်ရှင်များဖြစ်ကြောင်း၊ ဆရာ ဆရာမများ ဖြစ်လာပါက စည်းကမ်းပြည့်ဝသော အမှန်တကယ် တတ်မြောက်သူများဖြစ်စေရန် စေတနာအပြည့်ထား၍ သင်ကြားပေးကြစေလိုကြောင်း၊ ကျောင်းသားများကိုလိမ္မာယဉ်ကျေးအောင်၊ နိုင်ငံချစ်စိတ်၊ မျိုးချစ်စိတ်ရှိအောင် သင်ကြားပေးစေလိုကြောင်း ပြောကြားသည်။

အလားတူ ပဲခူးတိုင်းဒေသကြီး အင်းတကော်မြို့ အမှတ်(၁)အခြေခံပညာ အထက်တန်းကျောင်း၊ ပဲခူးမြို့ စာလေးကွင်း အခြေခံပညာ အထက်တန်းကျောင်း၊ ဘုရားသုံးဆူ အခြေခံပညာအထက်တန်းကျောင်း(ခွဲ)၊ ပဲခူးမြို့ အမှတ်(၁၀) အခြေခံပညာအထက်တန်းကျောင်း၊ အမှတ်(၃)အခြေခံပညာ အထက်တန်းကျောင်း၊ အမှတ်(၁)အခြေခံပညာ အထက်တန်းကျောင်း၊ အမှတ်(၅)အခြေခံပညာအထက်တန်းကျောင်း(ခွဲ)များသို့ ရောက်ရှိပြီး ကျောင်းသားကျောင်းသူများ အေးချမ်းစွာ ပညာသင်ကြားနေမှုကို ကြည့်ရှုအားပေးကာ ကျောင်းဥပဓိရုပ်ကောင်းမွန်ရေး၊ ကျောင်းနှင့် ဝန်းကျင် သန့်ရှင်းသာယာလှပရေး၊ ကျောင်းအုတ်တံတိုင်း ခြံစည်းရိုးများ လုံခြုံမှုရှိစေရေး ဆောင်ရွက်ထားရှိမှု အခြေအနေများ၊ စာသင်ဆောင်အသစ်များ ဆောက်လုပ်မည့် မြေနေရာရွေးချယ်ထားရှိမှုများကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# မိုင်းရယ်မြို့၌ အာဇာနည်နေ့အထိမ်းအမှတ် ဟောပြောပွဲနှင့် ပန်းချီပြိုင်ပွဲ ကျင်းပ

မိုင်းရယ် ဇူလိုင် ၁၈

ရှမ်းပြည်နယ် (မြောက်ပိုင်း) မိုင်းရယ်မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ဦးစီး၍ အာဇာနည်နေ့အထိမ်းအမှတ် ဟောပြောပွဲနှင့် ပန်းချီပြိုင်ပွဲကို ယနေ့နံနက် ၁၀ နာရီက ပြည်သူ့စာကြည့်တိုက်ခန်းမ၌ ပြုလုပ်သည်။

ဦးစွာ အထက၊ အလက၊ မူလွန်(၁)၊ မူလွန်(တပ်တွင်း)ကျောင်းတို့မှ အခြေခံပညာအလယ်တန်းအဆင့် ကျောင်းသား ကျောင်းသူ ၂၅ ဦး တို့က အာဇာနည်နေ့အထိမ်းအမှတ်ပန်းချီကို ယှဉ်ပြိုင်ကြသည်။

ယင်းနောက် ကျောင်းသားကျောင်းသူများက လူထုအခြေပြု ဗဟိုဌာန၌ ပြသထားသည့် အာဇာနည် ခေါင်းဆောင်ကြီးများ၏ ကိုယ်ရေးမှတ်တမ်း၊ နံရံကပ်စာစောင်များနှင့်စာအုပ်စာစောင်များကို လေ့လာကြည့်ရှုခဲ့ကြကြောင်း သိရသည်။ မြို့နယ်(ပြန်/ဆက်)



# အာဇာနည်များ ထိုလမ်းစဉ်

❀ တစ်ပါးသူ့ကျွန်၊ ဆိုးညစ်နွံမှ
လွန်မြောက် ဘေးကင်း၊ လွတ်လပ်ခြင်းကို
ဆောင်ကြဉ်းပေးအပ် ခဲ့သူများ။

❀ အမိပြည်အတွက်၊ ခန္ဓာ အသက်ကို
ရက်ရက်မရွံ့၊ နောက်မတွန့်ဘဲ
စွန့်လွှတ်ပေးဆပ် ခဲ့သူများ။

❀ အချုပ်အခြာ၊ ပွဲမကွာအောင်
မှန်စွာ မြော်မြင်၊ အသိယှဉ်လျက်
ဆင်ခြင်စောင့်ရှောက် ခဲ့သူများ။

❀ နိုင်ငံ လူမျိုး၊ ဘုံအကျိုးကို
တိုးတက်စေရန်၊ ဆန္ဒမှန်ဖြင့်
ကြံဆကြိုးပမ်း နေသူများ။

❀ ဩော်.. မြန်မာ့ရာဇဝင်၊ သမိုင်းစဉ်ဝယ်
ရှင်သန်ထာဝရ၊ ရှိနေကြမည့်
**အာဂ စိတ်ဓာတ်၊ မြင့်မြတ် ဂုဏ်ရည်**
**အလီလီနှင့်**
**အာဇာနည်များ၊** စွမ်းပကားကို
လေးစား ချစ်ခင်၊ တွေးမြင် တမ်းတ
ရှိကြရုံမျှ၊ သာမကဘဲ
**အားကျစံနမူ၊ အတုယူကာ**
**များလူ စွမ်းဆောင် နိုင်ပါလျှင်။**
**အာဇာနည်များ ထိုလမ်းစဉ်။**
**မြင့်မြတ်မြန်မာ ဖြစ်မည်ပင်။ ။**

**မျိုးမြတ်မြတ်မြင့်မောင်**

**(အာဇာနည်များသို့ လေးစားဂုဏ်ပြုလျက်)**

# ပြင်ဦးလွင်မြို့နယ်၌ ဟောပြောပွဲနှင့် ဆုချီးမြှင့်ပွဲ ကျင်းပ



ပြင်ဦးလွင် ဇူလိုင် ၁၈

မန္တလေးတိုင်း ဒေသကြီး ပြင်ဦးလွင်မြို့နယ်၌ (၇၈)နှစ်မြောက် အာဇာနည်နေ့ အထိမ်းအမှတ် ဟောပြောပွဲနှင့် ဆုချီးမြှင့်ပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ပြင်ဦးလွင်မြို့နယ် အနီးစခန်း အခြေခံပညာ အထက်တန်းကျောင်း၌ ကျင်းပသည်။

ဦးစွာ ဒုတိယမြို့နယ်ပညာရေးမှူး ဦးဇော်မင်းထွန်းက အမှာစကားပြောကြားပြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ပြင်ဦးလွင်ခရိုင်ရုံးမှ ဦးစီးအရာရှိ ဒေါ်ခင်နှင်းဆီက ဟောပြောပွဲကျင်းပရသည့် ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။

ထို့နောက် တာဝန်ရှိသူများက အာဇာနည်နေ့နှင့် ပတ်သက်၍ ဟောပြောဆွေးနွေးသည်။

ဆက်လက်ပြီး ဆုရကျောင်းသားကျောင်းသူများအား တာဝန်ရှိသူများမှ ဆုများပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

✪



ပဲခူးမြို့ ရွှေဂူကြီးတောရဘုန်းတော်ကြီးသင်မူလွန်ကျောင်း အလင်းစစ်ခန်းမ၌ ဇူလိုင် ၁၈ ရက်တွင် (၇၈)နှစ်မြောက် အာဇာနည်နေ့ အထိမ်းအမှတ် ဉာဏ်စမ်းပဟေဠိပြိုင်ပွဲကျင်းပစဉ်။ တင်စိုး(ပဲခူး)



# တိုက်ကြီးမြို့နယ်၌ ဟောပြောပွဲနှင့် ကဗျာရွတ်ပြိုင်ပွဲ ကျင်းပ

တိုက်ကြီး ဇူလိုင် ၁၈

ရန်ကုန်တိုင်းဒေသကြီး တိုက်ကြီးမြို့နယ်တွင် (၇၈)နှစ်မြောက်အာဇာနည်နေ့ အထိမ်းအမှတ် ဟောပြောပွဲနှင့် ကဗျာရွတ်ပြိုင်ပွဲကို ယနေ့နံနက် ၁၀ နာရီတွင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြု ဗဟိုဌာန၌ ကျင်းပသည်။

ဦးစွာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးခင်မောင်စိုးက အမှာစကားပြောကြားပြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်စောဝတ်ရည်က အာဇာနည်နေ့နှင့်ပတ်သက်၍ အသိပညာပေးဟောပြောသည်။

ဆက်လက်၍ ပြိုင်ပွဲကျင်းပရာ မူလတန်းအဆင့် ကျောင်းသား ကျောင်းသူ ၁၅ ဦးက အာဇာနည်နေ့ခေါင်းစဉ်ဖြင့် ပါဝင်ယှဉ်ပြိုင်ကြပြီး ဆုရရှိသည့် ကျောင်းသား ကျောင်းသူများအား တာဝန်ရှိသူများက ဆုများပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

ဝတ်ရည်(ပြန်/ဆက်)

# ဆရာဝန်(သစ်လွင်)နှင့် သွားနှင့် ခံတွင်းဆရာဝန်(သစ်လွင်)များအား နိုင်ငံ့ဝန်ထမ်းပြန်တမ်းဝင်အရာရှိအဖြစ် တာဝန်ပေးအပ်



**နေပြည်တော် ဇူလိုင် ၁၈**

ကျန်းမာရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ပါမောက္ခ ဒေါက်တာ သက်ခိုင်ဝင်းသည် ယနေ့တွင် ဆရာဝန် (သစ်လွင်) နှင့် သွားနှင့်ခံတွင်းဆရာဝန် (သစ်လွင်)များအား နိုင်ငံ့ဝန်ထမ်း ပြန်တမ်းဝင်အရာရှိအဖြစ် တာဝန် ပေးအပ်ခြင်း အခမ်းအနား ဒုတိယ ပိုင်းသို့ တက်ရောက်သည်။

**ရှင်းလင်းပြောကြား**

အခမ်းအနားတွင် ကျန်းမာရေး ဝန်ကြီးဌာန ပြည်ထောင်စု ဝန်ကြီးက နိုင်ငံ့ဝန်ထမ်းများ ဖြစ်လာပြီဖြစ်သဖြင့် ရင့်ကျက်မှု၊ တည်ငြိမ်မှုရှိရန်၊ အရာရာကို ကျယ်ပြန့်သည့် အမြင်ဖြင့် ကြည့်ရှု ဆင်ခြင်နိုင်ကြရန်၊ တာဝန်ယူမှု၊ တာဝန်ခံမှုရှိကြရန် လိုကြောင်း၊ ဆေးပညာရှင် အနေဖြင့် သက်မွေးမှုဆိုင်ရာ ကျင့်ဝတ်(Professional Ethic) များ၊ ဆေးပညာရှင်များလိုက် နာရမည့်ကျင့်ဝတ် (Medical Ethic) များကို အလေးထားပြီး လိုက်နာဆောင်ရွက်ရမည့်အပြင် နိုင်ငံ့ဝန်ထမ်းတစ်ဦး လိုက်နာရ မည့် စည်းမျဉ်းစည်းကမ်း၊ ကျင့်ဝတ်များကို သိရှိလိုက်နာ စောင့်ထိန်းကြရန် ဖြစ်ကြောင်း၊ မိမိတို့၏ ကျွမ်းကျင်ရာ ပညာရပ် များကို ပြည်သူလူထုအတွက် အသုံးချနိုင်ရမည် ဖြစ်သကဲ့သို့ နိုင်ငံ့ဝန်ထမ်းတစ်ဦး အနေဖြင့် နိုင်ငံတော်နှင့် နိုင်ငံသားတို့ အပေါ် ကျေးဇူးသစ္စာ စောင့်သိရ မည်ဖြစ်ကြောင်း ပြောကြား သည်။

ထို့နောက် မြန်မာနိုင်ငံဆေး ကောင်စီဥက္ကဋ္ဌ ဒေါက်တာမျိုးခင် နှင့် မြန်မာနိုင်ငံ သွားနှင့်ခံတွင်း ကောင်စီဥက္ကဋ္ဌပါမောက္ခဒေါက်တာ ပိုင်စိုးတို့က ဆောင်ရွက်နေသည့် လုပ်ငန်းများနှင့် ဆရာဝန် (သစ်လွင်) များ၊ သွားနှင့်ခံတွင်း ဆရာဝန်(သစ်လွင်)များ လိုက်နာ ကြရမည့် ကျင့်ဝတ်စည်းကမ်း များကို ရှင်းလင်းပြောကြားကြ သည်။

ယနေ့ ကျင်းပပြုလုပ်သည့် ဆရာဝန်(သစ်လွင်)နှင့် သွားနှင့် ခံတွင်းဆရာဝန်(သစ်လွင်) များ အား နိုင်ငံ့ဝန်ထမ်းပြန်တမ်းဝင် အရာရှိအဖြစ် တာဝန်ပေးအပ် ခြင်း အခမ်းအနားတွင် ဆေးတက္ကသိုလ်များမှ သင်တန်း အောင်မြင်ပြီးဖြစ်သော ဆရာဝန် (သစ်လွင်) ၁၂၅၉ ဦးနှင့် သွားနှင့် ခံတွင်း ဆရာဝန်(သစ်လွင်) ၂၁ ဦးတို့အား နိုင်ငံ့ဝန်ထမ်း ပြန်တမ်းဝင် အရာရှိအဖြစ် တာဝန်ပေးအပ်ခဲ့ကြောင်း သိရ သည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဦးကျော်စိုးဝင်း မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းများ ကွင်းဆင်းကြည့်ရှုစစ်ဆေး




**နေပြည်တော် ဇူလိုင် ၁၈**

ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်စိုးဝင်းသည် ယနေ့ နံနက်ပိုင်းတွင် တာဝန်ရှိသူများနှင့်အတူ မန္တလေး အပြည်ပြည်ဆိုင်ရာလေဆိပ်ရှိ ဝန်ကြီးဌာန၏ သတင်း ပြန်ကြားရေးကောင်တာသို့ သွားရောက်ပြီး ပြည်တွင်း ပြည်ပ ခရီးသွားဧည့်သည်များ ခရီးစဉ်ဒေသများသို့ အဆင်ပြေချောမွေ့စွာ သွားရောက်လည်ပတ်နိုင်ရေး အတွက် ဝန်ဆောင်မှုပေးနိုင်ရေး ပြင်ဆင်ဆောင်ရွက် ထားရှိမှု အခြေအနေကို ကြည့်ရှုစစ်ဆေးသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးသည် ခရီးသွား ဆိုင်ရာ သတင်းအချက်အလက်များ ပြည့်စုံစွာ ပြင်ဆင် ထားရှိရေး၊ ကောင်တာသို့ လာရောက်သော ခရီးသွား များကို စနစ်တကျ စစ်တမ်းကောက်ယူထားရှိရေး၊ ခရီးစဉ်ဒေသများ၊ လမ်းကြောင်းများနှင့်စပ်လျဉ်း သော အချက်အလက်များထားရှိရေး၊ ခရီးသွားများ သွားလာလည်ပတ်ရာတွင် အဆင်ပြေမှုရှိစေရန် ကူညီဆောင်ရွက်ပေးကြရေးတို့ကို တာဝန်ရှိသူများ အား မှာကြားပြီး လေဆိပ်အတွင်း ပြည်တွင်း ပြည်ပ ခရီးသွားများ ဝင်/ထွက် သွားလာနေမှုကို လှည့်လည် ကြည့်ရှုသည်။

ထို့နောက် မရမ်းခြံ၊ ဟိုတယ်နှင့်ခရီးသွား ညွှန်ကြားမှုဦးစီးဌာန Information Center သို့ သွားရောက်၍ မန္တလေးဟိုတယ်ဆိုင်ရာလုပ်ငန်း ရှင်များအသင်းနှင့် တွေ့ဆုံသည်။

တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက ငလျင် ကြောင့် ထိခိုက်ပျက်စီးခဲ့မှုများအနက် အပြာရောင် အဆင့်ရှိ အဆောက်အအုံများ၊ အခန်းများအား အမြန်ဆုံးပြုပြင်မွမ်းမံပြီး ခရီးသွားဧည့်သည်များ လက်ခံနိုင်ရေး၊ ဟိုတယ်များအား မြို့တော်အင်္ဂါရပ်နှင့် အညီ ပြုပြင်မွမ်းမံပြီး သန့်ရှင်းသာယာလှပအောင် ဆောင်ရွက်ကြရေးတို့ကို မှာကြားသည်။

ဆက်လက်၍ ဝန်ကြီးဌာနမှ ဝန်ထမ်းများနှင့် တွေ့ဆုံပြီး ငလျင်ဘေးသင့် ဝန်ထမ်းများအား ဝန်ကြီး ဌာနအနေဖြင့် လိုအပ်သည်များ ကူညီပံ့ပိုးပေးနေမှု၊ ဝန်ထမ်းများ၏ ကျောင်းနေအရွယ် သား သမီးများ တန်းစဉ်မပြတ် ပညာသင်ကြားနိုင်ရေးနှင့် ရုံးလုပ်ငန်း များ ဆောင်ရွက်ရာတွင် ဝန်ကြီးဌာနက ထုတ်ပြန် ထားရှိသည့် စည်းမျဉ်းစည်းကမ်းများနှင့်အညီ စနစ်တကျလုပ်ကိုင် ဆောင်ရွက်ကြရေးတို့ကို မှာကြားပြီး ဝန်ထမ်းများ၏ တင်ပြချက်များအပေါ် ဖြည့်ဆည်းဆောင်ရွက်ပေးကာ ဝန်ထမ်းများနှင့် နေ့လယ်စာ အတူတကွ သုံးဆောင်သည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာန မန္တလေး ရုံးခွဲနှင့် ဝန်ကြီးဌာနပိုင် ရုံးအဆောက်အအုံများကို လည်းကောင်း၊ ဝန်ကြီးဌာနနှင့် ဖက်စပ်လုပ်ကိုင် ဆောင်ရွက်လျက်ရှိသော ဟိုတယ်များကိုလည်းကောင်း၊ ငလျင်ဒဏ်ခံရပြီး နောက်ပိုင်း ပွင့်လင်းရာသီကာလ အတွက် ဖွင့်လှစ်တော့မည့် မန္တလေးမြို့ရှိ ဟိုတယ်များ ကိုလည်းကောင်း သွားရောက်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားသည်။

ညနေပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် ဦးပိန်တံတား၌ ပြည်တွင်း ပြည်ပ ခရီးသွားများ သွားလာလည်ပတ်နေမှုနှင့် ခရီးသွားများဆွဲဆောင် နိုင်ရန် ပြင်ဆင်ဆောင်ရွက်ထားရှိမှုကိုလည်းကောင်း၊ မန္တလေးမြို့၏ ခရီးသွားဆွဲဆောင်ရာ နေရာတစ်ခုဖြစ် သော မန္တလေးတောင်သို့ ဘုရားဖူးခရီးသွားပြည်သူ များ အဆင်ပြေချောမွေ့စွာ ဘုရားဖူးလာရောက်နိုင် ရေးအတွက် စီစဉ်ထားရှိမှုများကိုလည်းကောင်း လှည့်လည်ကြည့်ရှုခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်က သက်ကြီးရွယ်အိုများ နေ့ပိုင်းစောင့်ရှောက်ရေးဂေဟာအား ကြည့်ရှုစစ်ဆေး

**နေပြည်တော် ဇူလိုင် ၁၈**

မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့် အရေးကော်မရှင် အဖွဲ့ဝင် ဦးကျော်စိုး၊ ဒေါက်တာသန်းမြင့် နှင့် ဒေါက်တာမြင့်သူမြိုင်တို့ ဦးဆောင်သော ကြည့်ရှုစစ်ဆေး ရေးအဖွဲ့သည် ကော်မရှင်ဥပဒေ ပုဒ်မ ၂၂ (င)၊ ၄၃ ပြဋ္ဌာန်းချက်များ နှင့်အညီ ယနေ့တွင် လူမှုဝန်ထမ်း ဦးစီးဌာန ကြီးကြပ်မှုအောက်ရှိ ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်း မြို့နယ်ရှိ သက်ကြီးရွယ်အိုများ နေ့ပိုင်းစောင့်ရှောက်ရေး ဂေဟာ အား သွားရောက်ကြည့်ရှုစစ်ဆေး သည်။



**ကြည့်ရှုစစ်ဆေး**

ဦးစွာ ကြည့်ရှုစစ်ဆေးရေး အဖွဲ့သည် သက်ကြီးရွယ်အိုများ နေ့ပိုင်းစောင့်ရှောက် ရေးဂေဟာ၌ လက်ခံစောင့်ရှောက်ပေးလျက်ရှိ သောဘိုးဘွားများကို သွားရောက် တွေ့ဆုံပြီး ကျန်းမာရေးစောင့် ရှောက်ပေးနေမှု၊ အစားအစာနှင့် အာဟာရ ဖြည့်ဆည်းကျွေးမွေးမှု၊ သန့်ရှင်းသော သောက်ရေနှင့် သုံးရေရရှိစေရန် ဆောင်ရွက်ပေး နေမှု၊ လွတ်လပ်စွာ ယုံကြည် ကိုးကွယ်နိုင်မှု၊ ဘိုးဘွားအိပ်ဆောင် များ၊ ရေချိုးခန်း၊ သန့်စင်ခန်း၊ ဘိုးဘွားများနားနေခန်း၊ စားဖို ဆောင်များ၊ ကျန်းမာရေးနှင့် ညီညွတ်အောင် ဆောင်ရွက်ထား ရှိမှုနှင့် ဘိုးဘွားများ အနားယူ အပန်းဖြေရန် စီစဉ်ဆောင်ရွက် ပေးထားမှု၊ ပင်စင်လစာထုတ်ယူ ရရှိမှု၊ ဘိုးဘွားများ Day Care Centre မှ အိမ်ပြန်ရာတွင် ဘတ်(စ်) ကားမှတ်တိုင်များသို့ ပို့ဆောင်ပေးမှုတို့ကို မေးမြန်း ကြည့်ရှုစစ်ဆေးသည်။

ထို့အတူ သက်ကြီးရွယ်အိုများ အတွက် ပြုစုစောင့်ရှောက်သူ သင်တန်းနှင့် ပတ်သက်၍ တစ်နှစ် နှစ်ကြိမ် ဖွင့်လှစ်မှု၊ သင်တန်းသား များ တက်ရောက်မှုနှင့် သင်တန်း သားများအား ပြင်ပဘိုးဘွားရိပ် သာများသို့ သွားရောက်လေ့လာမှု တို့နှင့် စပ်လျဉ်း၍လည်း မေးမြန်း ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ဂေဟာ၌ လက်ခံ စောင့်ရှောက်ထားသော အဘိုး၊ အဘွား စုစုပေါင်း ၁၀၂ ဦး တို့အား နွေးထွေးပျူငှာစွာ အားပေးစကား များ ပြောကြားကြသည်။

အဆိုပါ ကြည့်ရှုစစ်ဆေးရေး အဖွဲ့သည် ခရီးစဉ်အတွင်း စစ်ဆေးတွေ့ရှိချက်နှင့် အကြံ ပြုချက်များကို သင့်လျော်သကဲ့သို့ ဆောင်ရွက်ပေးနိုင်ရေးအတွက် သက်ဆိုင်ရာဌာနသို့ ကော်မရှင် ဥပဒေနှင့်အညီ အကြံပြုပေးပို့ သွားမည်ဖြစ်ကြောင်း သိရ သည်။

**သတင်းစဉ်**

# အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ၂၀၂၅ ခုနှစ် မိုးရာသီစုပေါင်းသစ်ပင်စိုက်ပျိုးပွဲ ကျင်းပ

**နေပြည်တော် ဇူလိုင် ၁၈**

အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန၏ ၂၀၂၅ ခုနှစ် မိုးရာသီစုပေါင်းသစ်ပင် စိုက်ပျိုးပွဲကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော် အားကစားလေ့ကျင့်ရေးစခန်းပရိဝုဏ်အတွင်း၌ ကျင်းပရာ ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင်၊ ဒုတိယဝန်ကြီး ဦးထိန်လင်း၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် အရာထမ်း၊ အမှုထမ်းများ တက်ရောက်ကြသည်။



**ကြည့်ရှုအားပေး**

ဦးစွာ ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက သတ်မှတ်နေရာများ၌ ရေတမာပင်များကို စတင်စိုက်ပျိုးကြပြီး အရာထမ်း၊ အမှုထမ်းများက သတ်မှတ်နေရာများ၌ ရေတမာနှင့် ကျွန်းပင်စုစုပေါင်း ၅၁၃ ပင်အား အမျိုးသားရေးလှုပ်ရှားမှုအသွင်ဖြင့် စုပေါင်းစိုက်ပျိုးနေမှုကို လှည့်လည်ကြည့်ရှုအားပေးကြသည်။

ဝန်ကြီးဌာနအနေဖြင့် အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန(ရုံးချုပ်)အပါအဝင် တိုင်းဒေသကြီးနှင့် ပြည်နယ်အားကစားနှင့် ကာယပညာဦးစီးဌာနများ၊ အားကစားနှင့် ကာယပညာသိပ္ပံကျောင်းများအတွင်းရှိ အားကစားကွင်း၊ အားကစားရုံများ၌ ရတနာတန်းဝင်ပင်၊ နှစ်ရှည်ပင်၊ အရိပ်ရလေကာပင်များနှင့် သီးပင်စားပင် အမျိုးအစားပေါင်း ၅၄ မျိုး ပျိုးပင်ပေါင်း ၅၂၆၅ ပင်ကို တစ်ချိန်တည်း တစ်ပြိုင်တည်း မိုးရာသီလူထုလှုပ်ရှားမှုအသွင်ဖြင့် ဆင်နွှဲစိုက်ပျိုးခဲ့ကြသည်။

သစ်ပင်စိုက်ပျိုးပွဲအပြီးတွင် ပြည်ထောင်စုဝန်ကြီးသည် ငလျင်ဘေးဒဏ်သင့် နေပြည်တော်ဝဏ္ဏသိဒ္ဓိအားကစားကွင်းအတွင်းရှိ လေ့ကျင့်ရေးကွင်းအမှတ်(၁)နှင့် (၃)တို့ရှိ ဘောလုံးကွင်းနှင့် ပွဲကြည့်စင်များ ပြန်လည်ပြုပြင်ပြီးစီးမှုအခြေအနေကို လှည့်လည်ကြည့်ရှုပြီး အားကစားကွင်း စိမ်းလန်းစိုပြည်စေရေးနှင့် ပွဲကြည့်စင် ရေရှည်တည်တံ့စေရေးတို့အတွက် ထိန်းသိမ်းစောင့်ရှောက်သွားရန် မှာကြားသည်။

ထို့နောက် နေပြည်တော်အားကစားလေ့ကျင့်ရေးစခန်း(Gold Camp)၌ စခန်းသွင်း လေ့ကျင့်လျက်ရှိသည့် အားကစားသမားများ၏ နေထိုင်၊ စားသောက်၊ လေ့ကျင့်နေမှုများကို ကြည့်ရှုစစ်ဆေးပြီး အားကစားသမားတစ်ဦးချင်းစီအတွက် တစ်နေ့တာလိုအပ်သည့် ကစီဓာတ်၊ အသားဓာတ်နှင့် အဆီဓာတ်များကို သတ်မှတ်ကယ်လိုရီပမာဏအတိုင်း အာဟာရပြည့်ဝပြီး ကျန်းမာရေးနှင့် ညီညွတ်မျှတအောင် သန့်ရှင်းလတ်ဆတ်သည့် အသီးအရွက်များနှင့် အသားငါးများကို ချက်ပြုတ်ကျွေးမွေးသွားရန် မှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# မွန်ပြည်နယ်ဝန်ကြီးချုပ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲအခမ်းအနား တက်ရောက်

**မော်လမြိုင် ဇူလိုင် ၁၈**

မွန်ပြည်နယ် အားကစားနှင့် ကာယပညာ ဦးစီးဌာနနှင့် အားကစားနှင့် ကာယပညာသိပ္ပံ (မော်လမြိုင်)တို့၏ မိုးရာသီစုပေါင်း သစ်ပင်စိုက်ပျိုးပွဲကို ယနေ့နံနက်ပိုင်းတွင် မော်လမြိုင်မြို့ အားကစားနှင့်ကာယပညာသိပ္ပံ(မော်လမြိုင်)၌ ကျင်းပရာ မွန်ပြည်နယ် ဝန်ကြီးချုပ် ဦးအောင်ကြည်သိန်း၊ ပြည်နယ်ဝန်ကြီးများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ဆရာ ဆရာမများနှင့် သင်တန်းသား သင်တန်းသူများ တက်ရောက်ကြသည်။



အခမ်းအနားတွင် ပြည်နယ်ဝန်ကြီးချုပ်က အမှာစကား ပြောကြားပြီး သတ်မှတ်နေရာ၌ အရိပ်ရသစ်မာပင်ကို စတင်စိုက်ပျိုးကာ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဆရာ ဆရာမများ၊ သင်တန်းသား သင်တန်းသူများက သတ်မှတ်နေရာများ၌ အရိပ်ရလေကာပင်များအား အမျိုးသားရေးလှုပ်ရှားမှုအသွင်ဖြင့် စုပေါင်းစိုက်ပျိုးနေမှုကို လှည့်လည်ကြည့်ရှုအားပေးသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်သည် သာသနာ့နွယ် ဆရာတော်၏ သက်တော်(၄၆)နှစ်ပြည့် မွေးနေ့အထိမ်းအမှတ် သစ်ပင်စိုက်ပျိုးပွဲသို့ တက်ရောက် အမှာစကား ပြောကြားသည်။

ယင်းနောက် သာသနာ့နွယ် ဆရာတော်၊ ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက သတ်မှတ်နေရာများ၌ ပျိုးပင်များကို စတင်စိုက်ပျိုးပြီးတက်ရောက်လာသူများက သတ်မှတ်နေရာများ၌ ကုက္ကို၊ မည်စည်၊ ခရေ၊ ရင်ခတ်၊ အနန်း၊ စိန်ပန်း(နီ)၊ စိန်ပန်း(ဝါ)၊ ရေတမာစသည့်ပျိုးပင်များ စုပေါင်းစိုက်ပျိုးနေမှုကိုလှည့်လည်ကြည့်ရှုအားပေးကာ ဆရာတော်အား ဖူးမြော်ကြည်ညို၍ လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းခဲ့ကြောင်း သိရသည်။ **စည်သူ(ပြန်/ဆက်)**

# မုဒုံမြို့နယ်၌ အခမ်းအနားမှူးသင်တန်းဖွင့်လှစ်

**မုဒုံ ဇူလိုင် ၁၈**

မွန်ပြည်နယ် မုဒုံမြို့နယ်၌ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်းဖွင့်လှစ်သည့် အခမ်းအနားမှူးသင်တန်းဖွင့်ပွဲကို ယမန်နေ့က လူထုအခြေပြုဗဟိုဌာနခန်းမ၌ ပြုလုပ်သည်။

ဦးစွာ မုဒုံမြို့နယ် ဒုတိယမြို့နယ်ပညာရေးမှူး ဦးခင်ဇော်ဦးက အမှာစကား ပြောကြားသည်။

အဆိုပါ သင်တန်းကို မြို့နယ်အတွင်းရှိ ဌာနဆိုင်ရာ ဝန်ထမ်းများနှင့် အခြေခံပညာကျောင်းများမှ ဆရာ ဆရာမများ၊ သင်တန်းသား သင်တန်းသူ ၅၀ တက်ရောက်ကြပြီး နည်းပြဆရာမက အခမ်းအနားမှူး လက်စွဲပါ သင်ခန်းစာများကို နှစ်ရက်ကြာ စာတွေ့၊ လက်တွေ့သင်ကြားပို့ချပေးမည်ဖြစ်ကြောင်း သိရသည်။

**ရာမည(ပြန်/ဆက်)**



# သာပေါင်းမြို့နယ်၌ သဘာဝဘေးအန္တရာယ်ဆိုင်ရာ အသိပညာပေးခြင်းနှင့် လက်တွေ့သရုပ်ပြ

**သာပေါင်း ဇူလိုင် ၁၈**

ဧရာဝတီ တိုင်းဒေသကြီး သာပေါင်းမြို့နယ် အမှတ်(၂) ရပ်ကွက် ဝေန်မြစ်ကမ်းဘေးရှိ ကြို့ဆိုပါ၏ တံတားဆိပ်တွင် အခြေခံပညာ ကျောင်းသား ကျောင်းသူများအား ယနေ့ နံနက်ပိုင်းက မြို့နယ်မီးသတ်ဦးစီးဌာနက သဘာဝဘေးအန္တရာယ်ဆိုင်ရာ အသိပညာပေး ဟောပြောသည်။

ဟောပြောရာတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင်(၁) ဗိုလ်မှူးသန်းနိုင်၊ အဖွဲ့ဝင်(၂) ဦးကျော်တိုးနှင့် မြို့နယ်အဆင့် သဘာဝဘေး ကော်မတီအဖွဲ့ဝင် ဌာနဆိုင်ရာများ တက်ရောက်အားပေးခဲ့ပြီး မြို့နယ်မီးသတ်ဦးစီးမှူး ဦးကျော်သူလွင် ဦးဆောင်၍ သန္တေ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များက ကျောင်းသား ကျောင်းသူ ၈၀ တို့အား သဘာဝဘေးအန္တရာယ် ကင်းရှင်းစေရေးအတွက် အသက်ကယ်အင်္ကျီဝတ်ဆင်မှု သင်ကြားပြသပေးခြင်းနှင့် လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။



**မိုးဟိန်းထက်**

# ခရမ်းမြို့နယ် အထက-၂ (မြို့မ)ကျောင်း၌ လူငယ်စကားဝိုင်းကျင်းပ

**ခရမ်း ဇူလိုင် ၁၈**

ရန်ကုန်တိုင်းဒေသကြီး ခရမ်းမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်းကျင်းပသည့် ပုံပြောပြိုင်ပွဲ၊ ဉာဏစွမ်းရည်၊ ဂိမ်းကစားပြိုင်ပွဲများနှင့် လူငယ်စကားဝိုင်းကို ယနေ့နံနက် ၁၀ နာရီက ခရမ်းမြို့ အထက-၂ (မြို့မ) အခြေခံပညာ အထက်တန်းကျောင်း မြို့မဂုဏ်ရည်ခန်းမ၌ ကျင်းပသည်။

ဦးစွာ ခရမ်းမြို့နယ်ပညာရေးမှူး ဒေါ်ခင်မြဲအေးက အမှာစကား ပြောကြားသည်။ ထို့နောက် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှဦးစီးအရာရှိ ဒေါ်ခင်နှင်းဝေက လူငယ်စကားဝိုင်းကျင်းပရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားပြီး လူငယ်နှင့်စာပေခေါင်းစဉ်ဖြင့်ဟောပြောသည်။



ထို့နောက် ကျောင်းသား ကျောင်းသူများက လူငယ်နှင့်စာဖတ်ခြင်း၊ လူငယ်နှင့်ပညာရေး၊ လူငယ်နှင့် မူးယစ်ဆေးဝါး၊ လူငယ်နှင့် ဆိုရှယ်မီဒီယာခေါင်းစဉ်တို့ဖြင့် ဆွေးနွေးခဲ့ကြသည်။

ဆက်လက်၍ ပုံပြင်ပြောပြိုင်ပွဲ၊ ဉာဏစွမ်းရည်ပြိုင်ပွဲများ၊ ဂိမ်းကစားပြိုင်ပွဲများတွင် ဆုရရှိသော ကျောင်းသား ကျောင်းသူများအား တာဝန်ရှိသူများက ဆုများပေးအပ်ခဲ့ကြောင်း သိရသည်။

**ကိုမင်း(ခရမ်း)**

# KIA အဖွဲ့နှင့် KPF အဖွဲ့မှ အဖွဲ့ဝင် ၁၀ ဦး ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်



နေပြည်တော် ဇူလိုင် ၁၈

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီသည် PDF အပါအဝင် အဖွဲ့အစည်း အမျိုးမျိုးအမည်ခံ၍ လက်နက်ကိုင် ဆန့်ကျင်လျက်ရှိသည့် အဖွဲ့အစည်းများအတွင်း ရောက်ရှိနေသူများအား ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်ရန် ဖိတ်ခေါ်လျက်ရာ KIA အဖွဲ့နှင့် KPF အဖွဲ့တို့မှ အဖွဲ့ဝင် ၁၀ ဦးသည် ဥပဒေဘောင်အတွင်းသို့ပြန်လည်ဝင်ရောက်ခဲ့ကြသည်။

ထိုသို့ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လာသူများကို ပြန်လည်ကြိုဆို၍ ၎င်းတို့၏ မိဘ/အုပ်ထိန်းသူများထံ ပြန်လည်လွှဲပြောင်းပေးအပ်ခြင်းကို ယနေ့တွင် ပူတာအိုမြို့ရှိ ဗန္ဓုလခန်းမ၌ ပြုလုပ်ရာ ပူတာအိုတပ်နယ်မှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာ ဝန်ထမ်းများ၊ ဥပဒေဘောင်အတွင်း ဝင်ရောက်လာကြသူများနှင့် ၎င်းတို့၏ မိဘ/အုပ်ထိန်းသူများ၊ ရပ်မိရပ်ဖများ တက်ရောက်ကြသည်။

ဦးစွာ တာဝန်ရှိသူတစ်ဦးက တရားဥပဒေဆိုင်ရာ ပုဒ်မများကို ရှင်းလင်း ပြောကြားသည်။ ထို့နောက် ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်ခဲ့သည့်ပူတာအိုမြို့နယ်အတွင်းမှ KIA အဖွဲ့ဝင် အမျိုးသား ခြောက်ဦးနှင့် KPF အဖွဲ့ဝင် အမျိုးသား လေးဦး စုစုပေါင်း ၁၀ ဦးတို့အား ထောက်ပံ့ငွေများနှင့် ထောက်ပံ့ပစ္စည်းများ ပေးအပ်ရာ ဥပဒေဘောင်အတွင်း ဝင်ရောက်လာသူ တစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။ ယင်းနောက် ဥပဒေဘောင်အတွင်း ဝင်ရောက်လာသူများအား ဝန်ခံကတိလက်မှတ်ရေးထိုးစေပြီး မိဘ/အုပ်ထိန်းသူများထံ ပြန်လည်လွှဲပြောင်းပေးအပ်ကြသည်။

PDF အပါအဝင် အဖွဲ့အစည်း အမျိုးမျိုးတို့အနေဖြင့် နိုင်ငံတော်၏ ရှေ့လုပ်ငန်းစဉ်များတွင် ပါဝင်ပူးပေါင်း ဆောင်ရွက်နိုင်ရေး သတ်မှတ်စည်းကမ်းချက်များနှင့်အညီ ဥပဒေဘောင်အတွင်းသို့ လက်နက်အပ်နှံပြီး ပြည်သူ့ဘဝသို့ ပြန်လည်ဝင်ရောက်ခြင်းပြုမည်ဆိုပါက ကြိုဆိုလက်ခံသွားမည်ဖြစ်ကြောင်း နိုင်ငံတော်အစိုးရက ထုတ်ပြန်ထားပြီးဖြစ်ရာ တိုင်းရင်းသား လက်နက်ကိုင်များနှင့် ပြစ်မှုကျူးလွန်ခဲ့ခြင်းမရှိသော PDF အဖွဲ့ဝင်များက ၎င်းတို့၏ လုပ်ရပ်များအပေါ် အမြင်မှန်များရရှိလာသဖြင့် တိုင်းဒေသကြီးနှင့် ပြည်နယ်များ၌ ဥပဒေဘောင်အတွင်း ပြန်လည် ဝင်ရောက်လျက်ရှိရာ သက်ဆိုင်ရာ တာဝန်ရှိသူများက ၎င်းတို့၏ မိဘ/အုပ်ထိန်းသူများထံသို့ စနစ်တကျ ပြန်လည်လွှဲပြောင်းပေးအပ်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

# နိုင်ငံတော်နှင့် တပ်မတော်၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို လက်ခံယုံကြည်သည့် DPLA အဖွဲ့နှင့် MDY-PDF အမည်ခံအဖွဲ့ဝင် ၁၅ ဦး ဥပဒေဘောင်အတွင်းသို့ ထပ်မံဝင်ရောက်



နေပြည်တော် ဇူလိုင် ၁၈

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီသည် PDF အပါအဝင် အဖွဲ့အစည်းအမျိုးမျိုးအမည်ခံ၍ လက်နက်ကိုင် ဆန့်ကျင်လျက်ရှိသည့် အဖွဲ့အစည်းများအတွင်း ရောက်ရှိနေသူများအား ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်ရန် ဖိတ်ခေါ်၍ ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်လာကြသူများကိုလည်း လိုအပ်သည့် ကူညီပံ့ပိုးမှုများ ဆောင်ရွက်ပေးလျက်ရှိသည်။

ထို့ပြင် အကြမ်းဖက်အဖွဲ့ဝင်များအနေဖြင့်လည်း ၎င်းတို့အဖွဲ့များ၏ အကျိုးစီးပွားအတွက် အကြမ်းဖက်လုပ်ရပ်များ လုပ်ဆောင်ခြင်း၊ အပြစ်မဲ့ပြည်သူများနှင့် ဝန်ထမ်းများအား ခြိမ်းခြောက်၊ ဖမ်းဆီး၊ သတ်ဖြတ်ခြင်း၊ ပြည်သူပိုင် အဆောက်အအုံများ၊ လမ်း၊ တံတားများကို မိုင်းထောင်ဖောက်ခွဲဖျက်ဆီးခြင်းနှင့် ၎င်းတို့အဖွဲ့များအတွင်း၌ပင် အချင်းချင်း ဗိုလ်ကျနိုပ်စက်၊ သတ်ဖြတ်ခြင်း၊ အဓမ္မမှုကျူးလွန်ခြင်း စသည့် အကြမ်းဖက်လုပ်ရပ်များကို လက်ခံနိုင်ခြင်းမရှိတော့ဘဲ နိုင်ငံတော်နှင့် တပ်မတော်၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို ယုံကြည်လက်ခံပြီး ဥပဒေဘောင်အတွင်း ငြိမ်းချမ်းစွာနေထိုင်လိုသည့်အတွက် လက်နက်ကိုင်လမ်းစဉ်အား စွန့်လွှတ်၍ နီးစပ်ရာ တပ်စခန်းများမှတစ်ဆင့် ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လျက်ရှိကြသည်။

ထိုသို့ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လျက်ရှိရာ ဇူလိုင်၁၇ရက်တွင်တောင်ခမ်းဒေသ တစ်ဝိုက်နှင့် နောင်ချိုမြို့နယ် အတွင်းမှ TNLA အဖွဲ့ဝင် အမျိုးသား လေးဦး၊ DPLA အဖွဲ့မှ အဖွဲ့ဝင် အမျိုးသား ငါးဦးနှင့် MDY–PDF အမျိုးသား သုံးဦး၊ အမျိုးသမီး နှစ်ဦး စုစုပေါင်း ၁၄ ဦးတို့သည် ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်လာခဲ့ကြသည်။ ယနေ့တွင်လည်း DPLA အဖွဲ့မှ အမျိုးသား ငါးဦးနှင့် MDY–PDF အမည်ခံအဖွဲ့မှ အမျိုးသား ၁၀ ဦး စုစုပေါင်း ၁၅ ဦးတို့သည် ဥပဒေဘောင်အတွင်း ငြိမ်းချမ်းစွာ နေထိုင်လိုခြင်း၊ တပ်မတော်၏ ငြိမ်းချမ်းရေး လုပ်ငန်းစဉ်များကို ယုံကြည် လက်ခံခြင်းတို့ကြောင့် လက်နက်ကိုင်လမ်းစဉ်အား စွန့်လွှတ်ပြီး နီးစပ်ရာ တပ်မတော်စခန်းများမှ တစ်ဆင့် ဥပဒေဘောင်အတွင်းသို့ ထပ်မံဝင်ရောက်လာခဲ့ရာ ၎င်းတို့အား တာဝန်ရှိသူများက ပြန်လည်လက်ခံ၍ လိုအပ်သည့် ကူညီထောက်ပံ့မှုများ ဆောင်ရွက်ပေးခဲ့ပြီး မိဘ/အုပ်ထိန်းသူများထံသို့ ပြန်လည်လွှဲပြောင်း ပေးအပ်ခဲ့ကြောင်း သိရသည်။

ထို့ပြင် ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်ရန် ဆန္ဒရှိသူများ ကျန်ရှိနေသေးကြောင်းသိရှိရသည့်အတွက် ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လိုသူများအနေဖြင့် နီးစပ်ရာ ခရိုင်၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့များ၊ တပ်စခန်းများနှင့် ရဲစခန်းများသို့ အမြန်ဆက်သွယ် သတင်းပေးပို့လာပါက ကြိုဆိုလက်ခံပြီး လိုအပ်သည့် ကူညီထောက်ပံ့မှုများ ပေးအပ်သွားမည်ဖြစ်ကြောင်းနှင့် လက်နက်/ခဲယမ်းများအတွက် ဆုကြေးငွေများ ပေးအပ်သွားမည် ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ရန်ကုန်-မော်လမြိုင်သွား ပြည်ထောင်စုကားလမ်းမကြီးပေါ်၌ KNLA၊ PDF အမည်ခံ အကြမ်းဖက်ပူးပေါင်းအဖွဲ့က လက်လုပ်မိုင်းများထောင်ထားသဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက အများပြည်သူအန္တရာယ်မဖြစ်စေရေး ဖယ်ရှားရှင်းလင်း

နေပြည်တော် ဇူလိုင် ၁၈

KNLA၊ PDF အမည်ခံအကြမ်းဖက်သမားများအနေဖြင့် အများပြည်သူများ အထိတ်တလန့်ဖြစ်စေရန်၊ လမ်းပန်းဆက်သွယ်မှု ပြတ်တောက်စေရန်နှင့် ကုန်စည်စီးဆင်းမှုများ အခက်အခဲဖြစ်ပေါ်စေရန်စသည့် ရည်ရွယ်ချက်များဖြင့် အများပြည်သူသွားလာ အသုံးပြုလျက်ရှိသော လမ်း၊ တံတားများအား မိုင်းထောင်ဖောက်ခွဲခြင်း၊ အကြမ်းဖက်တိုက်ခိုက်ခြင်း စသည်တို့ကို ဆင်ခြင်တုံတရားကင်းမဲ့စွာ လုပ်ဆောင်လျက်ရှိသည်။

ထိုသို့ လုပ်ဆောင်လျက်ရှိရာ ယနေ့နံနက်ပိုင်းတွင် ဘီးလင်းမြို့၏ အနောက်မြောက်ဘက် မီတာ ၇၃၀၀ ခန့်အကွာ အလူးလေး ကျေးရွာအနီး ရန်ကုန်–မော်လမြိုင်သွား ပြည်ထောင်စုကားလမ်းမကြီး မိုင်တိုင်အမှတ်(၁၂၀/၆) နှင့် (၁၂၀/၇)ကြား လမ်း၏ညာဘက်ခြမ်း ချုံပုတ်အတွင်း၌ KNLA၊ PDF အမည်ခံ အကြမ်းဖက်ပူးပေါင်းအဖွဲ့က ဆင်ခြင်တုံတရားကင်းမဲ့စွာ ထောင်ထားသည့် ဒေသန္တရလက်လုပ်မိုင်းခုနစ်လုံးနှင့် ရှေ့ထွက်မိုင်း နှစ်လုံးတို့ကို လုံခြုံရေးတပ်ဖွဲ့ဝင်များက ရှာဖွေတွေ့ရှိခဲ့သဖြင့် အများပြည်သူ ဘေးအန္တရာယ် မဖြစ်ပေါ်စေရေးအတွက် စနစ်တကျ ဖယ်ရှားရှင်းလင်းခြင်းများ ဆောင်ရွက်ခဲ့သည်။

PDF အမည်ခံအကြမ်းဖက်သမားများအနေဖြင့် ယခုကဲ့သို့ ပြည်သူများ ထိခိုက်ပျက်စီးဒဏ်ရာရရှိစေရန် မိုင်းထောင်ခြင်း၊ မိုင်းဆွဲတိုက်ခိုက်ခြင်းများကို မကြာခဏလုပ်ဆောင်လျက်ရှိရာ ထိုကဲ့သို့ အကြမ်းဖက်လုပ်ရပ်များ လုပ်ဆောင်နေမှုအပေါ် ပြည်သူများအနေဖြင့် လုံးဝလက်ခံနိုင်ခြင်းမရှိဘဲ ကန့်ကွက်ရှုတ်ချလျက်ရှိကြောင်းနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက လိုအပ်သော လုံခြုံရေးလုပ်ငန်းစဉ်များကို ဒေသခံပြည်သူများနှင့် ပူးပေါင်း၍ တိုးမြှင့်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**




အများပြည်သူ သွားလာအသုံးပြုနေသည့် လမ်းများပေါ်၌ KNLA၊ PDF အမည်ခံ အကြမ်းဖက်သမားများ ထောင်ထားသည့် လက်လုပ်မိုင်းများ တွေ့ရှိရသည့် ဖြစ်စဉ်နေရာပြပုံ။













KNLA၊ PDF အမည်ခံအကြမ်းဖက်သမားများ ထောင်ထားသည့် လက်လုပ်မိုင်းများ တွေ့ရှိရသည့် မှတ်တမ်းဓာတ်ပုံများ။


တပ်မတော်သားများနှင့် ဌာနဆိုင်ရာဝန်ထမ်းများအား ပြည်သူများက ကြိုဆိုနှုတ်ဆက်ကြစဉ်။


သံဃာတော်များအား စားသောက်ဖွယ်ရာများ ဆက်ကပ်လှူဒါန်းစဉ်။


တပ်မတော်သားများက ပြည်သူများအား ရင်းနှီးစွာနှုတ်ဆက်နေမှုကို တွေ့ရစဉ်။


အစိုးရအုပ်ချုပ်မှုယန္တရားများ ပြန်လည်လည်ပတ်ရေး ညှိနှိုင်းအစည်းအဝေးပြုလုပ်စဉ်။


ပြည်သူများအား စားသောက်ဖွယ်ရာများ လှူဒါန်းနေမှုကို တွေ့ရစဉ်။


နောင်ချိုမြို့အတွင်း မိုင်းရှင်းလင်းရေးဆောင်ရွက်နေမှုကို တွေ့ရစဉ်။

* ကျောဖုံးမှ

နောင်ချိုမြို့နယ် တစ်ဝိုက်အား အကြမ်းဖက်သောင်းကျန်းသူများ ယာယီထိန်းချုပ်ထားစဉ် ဒေသခံတိုင်းရင်းသားပြည်သူများအနေဖြင့် အိုးအိမ်တိုက်တာ စည်းစိမ်များကို စွန့်ခွာတိမ်းရှောင်နေကြရပြီး ၎င်းတို့၏ လူ့အခွင့်အရေးဆုံးရှုံးမှုများ၊ စီးပွားရေး၊ လူမှုရေး၊ ကျန်းမာရေး၊ ပညာရေးစသည့် အဘက်ဘက်မှ နိမ့်ကျမှုများ၊ စစ်၏ အနိဋ္ဌာရုံများကို ရင်ဆိုင်ကြုံတွေ့ခဲ့ရပြီး တပ်မတော်က နောင်ချိုဒေသတစ်ဝိုက်အား အပြီးတိုင် ပြန်လည်ထိန်းချုပ်နိုင်ခဲ့သောကြောင့် ဒေသခံတိုင်းရင်းသားပြည်သူများအနေဖြင့် တပ်မတော်အပေါ် ယခုကဲ့သို့ စိတ်အားထက်သန်စွာ အားပေးထောက်ခံမှုများ၊ ယုံကြည်အားကိုးမှု များဖြင့် တပ်မတော်နှင့်အတူ ပူးပေါင်းပါဝင်ဆောင်ရွက်လာခဲ့ခြင်း ဖြစ်သည်။

တပ်မတော်စစ်ကြောင်းများအနေဖြင့် နောင်ချိုမြို့နယ်နှင့် ပတ်ဝန်းကျင်တစ်ဝိုက်ရှိ ယာယီနေရပ်စွန့်ခွာ ဒေသခံတိုင်းရင်းသားပြည်သူများ ၎င်းတို့၏ မြို့/ရွာများရှိ နေအိမ်များတွင် ပြန်လည် နေထိုင်နိုင်ရေး၊ အေးချမ်းပျော်ရွှင်စွာ လူမှုစီးပွားဘဝအတွက် ရှာဖွေလုပ်ကိုင်စားသောက်နိုင်ရေးနှင့် အစိုးရအုပ်ချုပ်မှုယန္တရား ပြန်လည်လည်ပတ်နိုင်ရေးအတွက် အကြမ်းဖက်သောင်းကျန်းသူများ ယာယီထိန်းချုပ်ထားစဉ် ဖျက်ဆီးသွားခဲ့သည့် ရုံး/ဌာန အဆောက်အအုံများ၊ လူနေအဆောက်အအုံများ၊ ဘာသာရေး၊ ပညာရေး၊ ကျန်းမာရေးဆိုင်ရာ အဆောက်အအုံများအား ပြန်လည်ပြုပြင်နိုင်ရေးအတွက် အကြမ်းဖက်သမားများ ရက်စက်ယုတ်မာစွာလုပ်ဆောင်ခဲ့သည့် မြေမြှုပ်မိုင်းအန္တရာယ်မှ ကင်းရှင်းစေရန် မြို့/ရွာများအတွင်း မိုင်းရှင်းလင်းရေး လုပ်ငန်းများနှင့် လိုအပ်သော လုံခြုံရေးလုပ်ငန်းများကို ဆက်လက် ဆောင်ရွက်ပေးလျက်ရှိသည်။

ထို့ပြင် ယနေ့တွင်လည်း ခရိုင်အုပ်ချုပ်ရေးမှူး ဦးကျော်ဆွေဝင်း ဦးဆောင်သည့် ဌာနဆိုင်ရာအဖွဲ့ဝင် ၁၁၈ ဦးတို့သည် ဒေသခံပြည်သူလူထုအား လိုအပ်သည့် ကူညီထောက်ပံ့မှုများ ဆောင်ရွက်ပေးသွားရန်နှင့် အစိုးရ၏ အုပ်ချုပ်မှုယန္တရားများဖြစ်သည့် ရုံးများ ပြန်လည်ဖွင့်လှစ်နိုင်ရေး၊ ကလေးသူငယ်များ ပညာသင်ကြားနိုင်ရေးအတွက် စာသင်ကျောင်းများ ပြန်လည်ဖွင့်လှစ်ပေးနိုင်ရေး၊ ပြည်သူလူထု၏ ကျန်းမာရေး စောင့်ရှောက်မှု လုပ်ငန်းများ ဆောင်ရွက်ပေးနိုင်ရန်အတွက် ဆေးရုံများပြန်လည်ဖွင့်လှစ်နိုင်ရေး လိုအပ်သည့် ကူညီထောက်ပံ့ရေးပစ္စည်းများ၊ စားသောက်ဖွယ်ရာများနှင့်အတူ မော်တော်ယာဉ်များဖြင့် နောင်ချိုမြို့သို့ ရောက်ရှိလာကြောင်း သိရသည်။ အဆိုပါ မော်တော်ယာဉ်များနှင့် အတူ တောင်ခမ်းဒေသနှင့် နောင်ချိုမြို့နယ်အတွင်းရှိ ယာယီနေရပ်စွန့်ခွာ ပြည်သူများအတွက် ရှမ်းပြည်နယ်အစိုးရအဖွဲ့၊ မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့နှင့် စေတနာရှင်ပြည်သူများက ပေးပို့လှူဒါန်းသည့် စားသောက်ဖွယ်ရာနှင့် အသုံးအဆောင်ပစ္စည်းများ၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာ ချထားရေးဝန်ကြီးဌာနမှ ထောက်ပံ့ပေးအပ်သည့် စားသောက်ဖွယ်ရာများနှင့် အသုံးအဆောင် ပစ္စည်းများ တစ်ပါတည်းပါရှိကြောင်း သိရသည်။

ဒေသခံတိုင်းရင်းသား ပြည်သူများအနေဖြင့်လည်း ၎င်းတို့၏ အိမ်ပြန်ချိန်ကို အစဉ်စောင့်မျှော်နေခဲ့ရကြောင်း၊ စစ်၏ဆိုးကျိုးများကို ကိုယ်တိုင်ကိုယ်ကျကြုံတွေ့ခဲ့ကြရသဖြင့် ငြိမ်းချမ်းမှုကိုသာ လိုလားကြောင်း၊ မိမိတို့၏ သားသမီးများကိုလည်း အခြားငြိမ်းချမ်းသော အရပ်ဒေသများမှ ကလေးများကဲ့သို့ပင် အေးချမ်းစွာ ပညာသင်ယူ စေချင်ကြောင်း၊ အကြမ်းဖက် လုပ်ရပ်များကြောင့် အဘက်ဘက်မှ ပျက်စီးဆုံးရှုံးခဲ့ရသည့် နောင်ချိုမြို့အား ပြန်လည်ထူထောင်ရေး လုပ်ငန်းများ ဆောင်ရွက်ပါက တပ်မတော်နှင့်အတူ ဝိုင်းဝန်းကူညီဆောင်ရွက်ကြမည်ဖြစ်ကြောင်း၊ နောင်ချိုမြို့သူမြို့သားများ ကဲ့သို့ပင် အကြမ်းဖက်သောင်းကျန်းသူများ ယာယီထိန်းချုပ်ထားသည့် အခြားမြို့များကိုလည်း တပ်မတော်က ပြန်လည်ထိန်းချုပ်ရယူစေလိုသည့် ဆန္ဒများမှာ အခြားပြည်သူများထံတွင်လည်းရှိနေကြောင်း၊ ထို့ကြောင့် အကြမ်းဖက်သောင်းကျန်းသူများ ယာယီထိန်းချုပ်ထားသည့် အခြားဒေသများကိုလည်း တပ်မတော်က ပြန်လည်ရယူ၍ ဒေသခံပြည်သူများ၏ လူမှုရေး၊ စီးပွားရေး၊ ကျန်းမာရေး၊ ပညာရေး စသည့် လူမှုစီးပွားဘဝများအား ပြန်လည်ဖြည့်ဆည်း ဆောင်ရွက်ပေးစေလိုကြောင်း ဝမ်းပန်းတသာ ရင်ဖွင့် ပြောကြားခဲ့ကြောင်း သိရသည်။

လက်ရှိတွင် အကြမ်းဖက်အဖွဲ့များ၏ ပြည်သူလူထုအပေါ် အကြောင်းမဲ့ ခြိမ်းခြောက်၊ ဖမ်းဆီး၊ သတ်ဖြတ်မှု၊ ညှဉ်းပန်းနှိပ်စက်အနိုင်ကျင့်မှု၊ ဆက်ကြေးကောက်ခံမှု၊ အေးချမ်းသာယာနေသည့် မြို့ရွာများကို ဖျက်ဆီးမှု စသည့် အကြမ်းဖက်လုပ်ရပ်များကို လက်မခံနိုင်တော့သည့် ဒေသခံပြည်သူများသည် တပ်မတော်အပေါ် ယုံကြည်အားကိုးမှုများ၊ စိတ်အားထက်သန်စွာ အားပေးထောက်ခံမှုများ ပြုလုပ်လာကြပြီး တပ်မတော် အနေဖြင့်လည်း ပြည်သူများအေးချမ်းစွာနေထိုင်နိုင်ရန်အတွက် လိုအပ်သည့် လုံခြုံရေး လုပ်ငန်းစဉ်များအား ဆက်လက်တိုးမြှင့် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ်ဖလား အသက် (၂၅)နှစ်အောက် အမျိုးသား ဖူဆယ်ဘောလုံးပြိုင်ပွဲ ဖွင့်ပွဲကျင်းပ

ပုသိမ် ဇူလိုင် ၁၈

၂၀၂၅ ခုနှစ် ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ်ဖလား ခရိုင်ပေါင်းစုံ အသက် (၂၅) နှစ်အောက် အမျိုးသားဖူဆယ်ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ပိုင်းက မြောင်းမြမြို့ Happy ဖူဆယ်အားကစားကွင်း၌ ကျင်းပသည်။

အခမ်းအနားတွင် ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင်မောင်ဝင်းက ပြိုင်ပွဲဝင်အားကစားသမားများ အနေဖြင့် တိုင်းဒေသကြီး ဂုဏ်ဆောင် အားကစားသမားများ ဖြစ်အောင် ကြိုးစားယှဉ်ပြိုင် သွားကြစေလိုကြောင်း တိုက်တွန်းအမှာ စကားပြောကြားပြီး ၂၀၂၅ ခုနှစ် ဧရာဝတီတိုင်းဒေသကြီး အစိုးရအဖွဲ့ ဝန်ကြီးချုပ်ဖလား ခရိုင်ပေါင်းစုံ အသက် (၂၅)နှစ်အောက် အမျိုးသား ဖူဆယ်ဘောလုံးပြိုင်ပွဲကို ဖွင့်လှစ်ပေးသည်။

ထို့နောက် ပုသိမ်ခရိုင်အသင်းနှင့် လပွတ္တာခရိုင်အသင်းတို့၏ ယှဉ်ပြိုင် ကစားနေမှုများကို ကြည့်ရှုအားပေးသည်။ ၂၀၂၅ ခုနှစ် ဧရာဝတီတိုင်းဒေသကြီး အစိုးရအဖွဲ့ ဝန်ကြီးချုပ်ဖလား ခရိုင်ပေါင်းစုံအသက် (၂၅)နှစ်အောက် အမျိုးသား ဖူဆယ်ဘောလုံးပြိုင်ပွဲကို ယနေ့မှ ဇူလိုင် ၂၁ ရက်အထိ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

တိုင်းဒေသကြီး(ပြန်/ဆက်)



# ၂၀၂၅ ခုနှစ် တိုင်းဒေသကြီးနှင့် ပြည်နယ် အသက်(၁၈)နှစ်အောက် အမျိုးသားဘောလုံးပြိုင်ပွဲ အုပ်စုပတ်လည်ပြိုင်ပွဲ ပွဲစဉ်များ ဆက်လက်ကျင်းပ

နေပြည်တော် ဇူလိုင် ၁၈

အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာနက ကြီးမှူး၍ တိုင်းဒေသကြီးနှင့်ပြည်နယ်အစိုးရအဖွဲ့နှင့် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်တို့ ပူးပေါင်းကျင်းပသည့် ၂၀၂၅ ခုနှစ် တိုင်းဒေသကြီးနှင့် ပြည်နယ် အသက် (၁၈)နှစ်အောက် အမျိုးသားဘောလုံးပြိုင်ပွဲ အုပ်စုပတ်လည်ပြိုင်ပွဲ ပွဲစဉ်များကို ဇူလိုင် ၁၁ ရက်မှ ၁၈ ရက်အထိ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် ဇုန်လေးဇုန်ခွဲ၍ ကျင်းပလျက်ရှိရာ သက်ဆိုင်ရာဇုန်များအလိုက် အားကစားကွင်းအသီးသီးတွင် အသင်းများ၏ အကြိတ်အနယ် ယှဉ်ပြိုင်ခဲ့မှုများကို တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များမှ ဝန်ကြီးချုပ်များ၊ အစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့် တာဝန်ရှိသူများ၊ အားကစားနှင့် လူငယ်ရေးရာ ဝန်ကြီးဌာနမှ ပြိုင်ပွဲကျင်းပရေးဆိုင်ရာ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာများမှ တာဝန်ရှိသူများနှင့် ဘောလုံးအားကစားဝါသနာရှင် ပွဲကြည့်ပရိသတ်များက တစ်ခဲနက် လာရောက်ကြည့်ရှု အားပေးကြသည်။

ယနေ့ မွန်းလွဲ ၃ နာရီမှစတင်၍ ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့ အားကစားဥယျာဉ်ကွင်းတွင် မန္တလေးတိုင်းဒေသကြီးအသင်းနှင့် ချင်းပြည်နယ်အသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ရာ မန္တလေးတိုင်းဒေသကြီးအသင်းက ချင်းပြည်နယ်အသင်းကို သုံးဂိုး ဂိုးမရှိဖြင့် လည်းကောင်း၊ ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့ ကိုးသိန်းအားကစားကွင်းတွင် ပြည်ထောင်စုနယ်မြေ နေပြည်တော်အသင်းနှင့် ရခိုင်ပြည်နယ်အသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ရာ ပြည်ထောင်စုနယ်မြေ နေပြည်တော်အသင်းက ရခိုင်ပြည်နယ်အသင်းကို တစ်ဂိုး – ဂိုးမရှိဖြင့်လည်းကောင်း၊ ကရင်ပြည်နယ် ဘားအံမြို့ ဇွဲကပင်အားကစားကွင်းတွင် တနင်္သာရီတိုင်းဒေသကြီးအသင်းနှင့် မွန်ပြည်နယ်အသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ရာ မွန်ပြည်နယ်အသင်းက တနင်္သာရီတိုင်းဒေသကြီးအသင်းကို တစ်ဂိုး – ဂိုးမရှိဖြင့်လည်းကောင်း အနိုင်ရရှိကြသည်။



ဇူလိုင် ၁၉ ရက်နှင့် ၂၀ ရက်တို့တွင် ပြိုင်ပွဲနားရက်အနားယူမည်ဖြစ်ပြီး ဇူလိုင် ၂၁ ရက်မွန်းလွဲ ၃ နာရီမှ စတင်၍ အမျိုးသားဘောလုံးပြိုင်ပွဲ ကွာတားဖိုင်နယ် ပွဲစဉ်များအဖြစ် ရန်ကုန်တိုင်းဒေသကြီး စမ်းချောင်းမြို့နယ် ပဒုမ္မာအားကစားကွင်းတွင် မန္တလေးတိုင်းဒေသကြီးအသင်းနှင့် မွန်ပြည်နယ်အသင်း၊ တောင်ဒဂုံမြို့နယ် တောင်ဒဂုံအားကစားကွင်းတွင် ရန်ကုန်တိုင်းဒေသကြီးအသင်းနှင့် ကချင်ပြည်နယ်အသင်း၊ သန်လျင်မြို့နယ် သန်လျင်အားကစားကွင်းတွင် ကရင်ပြည်နယ်အသင်းနှင့် ကယားပြည်နယ်အသင်း၊ သဃ်န်းကျွန်းမြို့နယ် YTC လေ့ကျင့်ရေးကွင်း(၁) (စက်ဘီးကွင်း)တွင် ရှမ်းပြည်နယ်အသင်းနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်အသင်းတို့ ဆက်လက်ယှဉ်ပြိုင်ကြမည်ဖြစ်၍ အားကစားဝါသနာရှင် မိတပြည်သူများအနေဖြင့် မည်သူမဆို အခမဲ့ လာရောက်ကြည့်ရှုအားပေးနိုင်ကြောင်းနှင့် အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာနအနေဖြင့် မြန်မာ့ဘောလုံးအားကစားအဆင့်အတန်း ပြန်လည်ဦးမော့ပြီး ပိုမိုတိုးတက်မြင့်မားလာစေရန်နှင့် မျိုးဆက်သစ် ဘောလုံးအားကစားသမား များစွာ ပေါ်ထွက်လာစေရန် ရည်ရွယ်ပြီး ယခုကဲ့သို့ တိုင်းဒေသကြီးနှင့် ပြည်နယ်အားကစားပြိုင်ပွဲများကို အားကစားနည်းများအလိုက် ကျင်းပပေးနေခြင်း ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၁၉-၇-၂၀၂၅

ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၉၆၅ | ၃၀၇၅ | ၃၀၄၅ | ၂၉၇၅ | ၃၀၈၅ | ၃၁၀၀ | ၃၁၁၅ | ၃၀၃၅ | ၄၅၀၅ | ၃၃၂၅ | ၃၀၅၀ | ၃၀၅၅ | ၃၁၂၀ | ၃၀၈၅ | ၃၁၁၀ | ၃၃၆၅ |
| 95 Ron | ၃၀၂၀ | ၃၁၃၅ | ၃၁၀၀ | ၃၀၃၅ | ၃၁၄၀ | ၃၁၅၅ | ၃၁၇၀ | ၃၀၉၀ | ၄၅၆၀ | ၃၃၈၅ | ၃၁၀၅ | ၃၁၁၀ | ၃၁၈၀ | ၃၁၄၅ | ၃၁၆၅ | ၃၄၂၅ |
| HSD (500 ppm) | ၂၆၈၅ | ၂၈၀၀ | ၂၇၆၅ | ၂၇၀၀ | ၂၈၀၅ | ၂၈၂၀ | ၂၈၄၀ | ၂၇၆၀ | - | ၃၀၅၀ | ၂၇၇၅ | ၂၇၇၅ | ၂၈၄၅ | ၂၈၁၀ | ၂၈၃၅ | ၃၀၉၀ |
| HSD (50 ppm) | ၃၃၃၀ | ၃၄၄၅ | ၃၄၁၀ | ၃၃၄၅ | ၃၄၅၀ | ၃၄၆၅ | ၃၄၈၅ | ၃၄၀၀ | ၄၈၃၀ | ၃၆၉၅ | ၃၄၂၀ | ၃၄၂၀ | ၃၄၉၀ | ၃၄၅၅ | ၃၄၈၀ | ၃၇၃၅ |
| HSD (10 ppm) | ၃၃၃၀ | ၃၄၄၅ | ၃၄၁၀ | ၃၃၄၅ | ၃၄၅၀ | ၃၄၆၅ | ၃၄၈၅ | ၃၄၀၀ | - | ၃၆၉၅ | ၃၄၂၀ | ၃၄၂၀ | ၃၄၉၀ | ၃၄၅၅ | ၃၄၈၀ | ၃၇၃၅ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၇၉၅ | ၂၈၈၄ |
| 95 Ron | ၂၈၄၉ | ၂၉၄၀ |
| HSD (500 ppm) | ၂၅၂၇ | ၂၆၀၇ |
| HSD (50 ppm) | ၃၀၅၂ | ၃၂၄၄ |
| HSD (10 ppm) | ၃၀၅၂ | ၃၂၄၄ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိတပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၁၁၃၇၃၊ ၀၉-၂၅၄၆၂၅၄၇၇

၀၆၇- ၄၁၁၂၈၂၊ ၀၉-၇၇၅၂၉၃၆၃၂

စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ

## ငပုတောမြို့အတွင်းရှိ ကျေးလက်လမ်းလုပ်ငန်းများ ကွင်းဆင်းစစ်ဆေး

ငပုတော ဇူလိုင် ၁၈

ဧရာဝတီတိုင်းဒေသကြီး ငပုတောမြို့နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန၏ ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် တိုင်းဒေသကြီး(ငွေလုံးငွေရင်း) ရန်ပုံငွေဖြင့် ဌာနက တာဝန်ယူဆောင်ရွက်သော ကျေးလက်လမ်းလုပ်ငန်းများကို ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများကွင်းဆင်းစစ်ဆေးသည်။

ထိုသို့စစ်ဆေးရာတွင် ငပုတောမြို့နယ် ကြောင်တောက်ကုန်းကျေးရွာမှ ပဒ္မဝတီရေနက်ဆိပ်ကမ်းသို့ ဆက်သွယ်သောလမ်းမြေသားတိုးချဲ့ပြုပြင်ခြင်းနှင့် ကျောက်ရောမြေခင်းခြင်းလုပ်ငန်းအား ပုသိမ်ခရိုင်ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ) ဦးကျော်သူမင်းက ကွင်းဆင်းစစ်ဆေးပြီး လုပ်ငန်းခွင်အချိန်မီပြီးစီးရေးနှင့် လိုအပ်သည်များမှာကြားခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)



သစ်တောမှန်လျှင် အသုံးဝင်၊ အစဉ်ထာဝရ ထိန်းသိမ်းကြ

# မုတ်သုံလေဆက်လက်အားကောင်းနိုင်ခြင်းကြောင့် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး နေရာကွက်၍ မိုးကြီးမည်

**နေပြည်တော်  ဇူလိုင်  ၁၈**


ယနေ့ ညနေ ၅ နာရီခွဲ တိုင်းထွာချက်များအရ ဖိလစ်ပိုင်ပင်လယ်ပြင် အရှေ့ပိုင်းတွင်ဖြစ်ပေါ်နေသော အပူပိုင်းမုန်တိုင်း “ဝီဖာ”သည် အနောက်မြောက်ဘက်သို့ ဆက်လက်ရွေ့လျားနိုင်ပြီး တရုတ်နိုင်ငံ ဟိုင်နန်ကျွန်းမှတစ်ဆင့် ဗီယက်နမ်နိုင်ငံ ကုန်းတွင်းပိုင်းဒေသများသို့ ဖြတ်ကျော်နိုင်ကာ မုန်တိုင်း၏ အကြွင်းအကျန်တိမ်တိုက်များသည် မြန်မာနိုင်ငံသို့ ရောက်ရှိလာနိုင်ခြင်းကြောင့်လည်းကောင်း၊ ဇူလိုင် ၂၄ ရက်တွင် ဘင်္ဂလားပင်လယ်အော် မြောက်ပိုင်း၌ ဖြစ်ပေါ်လာနိုင်မည့် လေဖိအားနည်းရပ်ဝန်း၏အရှိန်ကြောင့်လည်းကောင်း၊ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေဆက်လက်အားကောင်းနိုင်ခြင်းကြောင့် လည်းကောင်း ဇူလိုင် ၂၁ ရက်မှ ၂၆ ရက်အတွင်း စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ကချင်ပြည်နယ်နှင့် ချင်းပြည်နယ်တို့တွင် နေရာကျဲကျဲမှ နေရာစိပ်စိပ်နှင့် နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး အချို့ဒေသများတွင် ဒေသအလိုက်နှင့် နေရာကွက်၍ မိုးကြီးမည်။ မြစ်ဝကျွန်းပေါ်၊ မုတ္တမကွေ့၊ မွန်-တနင်္သာရီ ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရံဖန်ရံခါ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းကြီးမည်။ မိုးသက်လေပြင်း ကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြစ်ဝကျွန်းပေါ်၊ မုတ္တမကွေ့၊ မွန်-တနင်္သာရီ ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန် ပင်လယ်ပြင်တို့တွင် ကိုးပေမှ ၁၁ ပေခန့် ရှိနိုင်သည်။

**အကြံပြုချက်**


သို့ဖြစ်ပါ၍ မိုးသည်းထန်စွာရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်း၊ မိုးသီးကြွေခြင်း၊ လျှပ်တစ်ပြက်ရေကြီးခြင်းနှင့် မြေပြိုခြင်းစသည့် သဘာဝဘေးအန္တရာယ်များဖြစ်ပေါ်နိုင်ပါသဖြင့် အဆိုပါဒေသများရှိ ကုန်းမြင့်ဒေသအနီးတွင် နေထိုင်ကြသူများအနေဖြင့် မြေပြိုမှုအန္တရာယ်၊ မြစ်ငယ်၊ ချောင်းငယ်များအနီးတွင် နေထိုင်ကြသူများအနေဖြင့် ရေကြီး၊ ရေလျှံမှုများကို ကြိုတင်သတိပြုရှောင်ရှားနိုင်ပါရန်နှင့် ပြည်တွင်းရေကြောင်းသွားလာရေး၊ လေကြောင်းပျံသန်းရေးနှင့် ဆည်မြောင်းတာတမံများအနေဖြင့် လိုအပ်သည်များ ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားနိုင်ပါရန် သတိပေးနှိုးဆော်အပ်ပါသည်။

မိုး/ဇလ


မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၊ WRF မော်ဒယ်လ်၏ ၁၈-၇-၂၀၂၅ ရက်နေ့ မြန်မာစံတော်ချိန် ၀၆:၃၀ နာရီအချိန်ကို အခြေခံတွက်ထုတ်ထားသည့် ၂၁-၇-၂၀၂၅ ရက်နေ့မှ ၂၂-၇-၂၀၂၅ ရက်နေ့အထိ မိုးရွာသွန်းမှုခန့်မှန်းချက်ပြပုံ




မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၊ WRF မော်ဒယ်လ်၏ ၁၈-၇-၂၀၂၅ ရက်နေ့ မြန်မာစံတော်ချိန် ၀၆:၃၀ နာရီအချိန်ကို အခြေခံတွက်ထုတ်ထားသည့် ၂၃-၇-၂၀၂၅ ရက်နေ့မှ ၂၄-၇-၂၀၂၅ ရက်နေ့အထိ မိုးရွာသွန်းမှုခန့်မှန်းချက်ပြပုံ




မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၊ WRF မော်ဒယ်လ်၏ ၁၈-၇-၂၀၂၅ ရက်နေ့ မြန်မာစံတော်ချိန် ၀၆:၃၀ နာရီအချိန်ကို အခြေခံတွက်ထုတ်ထားသည့် ၂၅-၇-၂၀၂၅ ရက်နေ့မှ ၂၆-၇-၂၀၂၅ ရက်နေ့အထိ မိုးရွာသွန်းမှုခန့်မှန်းချက်ပြပုံ




# ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ပဲခူးခရိုင်အတွင်းရှိ တောင်သူများအား မျိုးစေ့ချကိရိယာများပေးအပ်

**ပဲခူး  ဇူလိုင်  ၁၈**

တိုင်းဒေသကြီးအစိုးရအဖွဲ့က ပဲခူးခရိုင်အတွင်းရှိ တောင်သူများအား မျိုးစေ့ချကိရိယာများ ပေးအပ်ပွဲ အခမ်းအနားကို ပဲခူးမြို့ မြို့တော်ခန်းမ၌ ဇူလိုင် ၁၈ ရက် နံနက်ပိုင်းက ကျင်းပရာ ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်း တက်ရောက်ချီးမြှင့်သည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်က တောင်သူများအတွက် စပါးစိုက်ပျိုးမှု ကုန်ကျစရိတ် လျှော့ချနိုင်စေရန်အတွက် မျိုးစေ့ချကိရိယာများဖြင့် စိုက်ပျိုးခြင်းအားဖြင့် လူတစ်ဦးလျှင် တစ်ရက်လေးဧကကျော် ငါးဧကခန့် ပြီးစီးနိုင်သည့်အပြင် ပုံမှန်စိုက်ပျိုးခြင်းထက် ၁၀ ရက်/ ၁၅ ရက်စော၍ ရိတ်သိမ်းနိုင်မည်ဖြစ်ကာ ပျိုးထောင်စရိတ်၊ ပျိုးနုတ်စရိတ်၊ ပျိုးသယ်စရိတ်၊ ပျိုးချစရိတ်နှင့် ကောက်စိုက်စရိတ်များ လျှော့ချနိုင်မည်ဖြစ်၍ မိသားစုဝင်ငွေများလည်း တိုးတက်လာမည်ဖြစ်ကြောင်း၊ တစ်နှစ် သုံးသီးစိုက်နေရာများအတွက် သီးနှံစိုက် ရာသီစက်ဝန်း အချိန်မီမှန်ကန်စေနိုင်မည်ဖြစ်ကြောင်း၊ တောင်သူများအနေဖြင့် ယခုနှစ်စိုက်ပျိုးရာသီအတွက် စိုက်နည်းစနစ် မှန်ကန်စေရေးအတွက် ပေးအပ်လိုက်သည့် မျိုးစေ့ချကိရိယာများကို အကျိုးရှိရှိစနစ်တကျ စံနမူနာပြသုံးစွဲပြီး မိမိတို့နီးစပ်ရာတောင်သူများ ကျယ်ကျယ်ပြန့်ပြန့် လိုက်ပါသုံးစွဲနိုင်ရေး စည်းရုံးဆောင်ရွက်သွားရန်နှင့် စပါးသီးနှံအပါအဝင် အဓိကသီးနှံများ ပန်းတိုင်အထွက်နှုန်းပြည့်မီကျော်လွန် ထွက်ရှိနိုင်ရေးကြိုးပမ်းဆောင်ရွက်သွားကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းနှင့် စီးပွားရေးရာဝန်ကြီးဦးတင်ဦးတို့က ပဲခူးခရိုင်အတွင်းရှိ ပဲခူးမြို့နယ်၊ ဝေါမြို့နယ်၊ သနပ်ပင်မြို့နယ်နှင့် ကဝမြို့နယ်တို့မှ ဒေသခံတောင်သူများအား တိုင်းဒေသကြီးအစိုးရအဖွဲ့ အစီအစဉ်ဖြင့် ထုတ်လုပ်ခဲ့သော မျိုးစေ့ချကိရိယာ ၁၅၀ ကို ပေးအပ်ချီးမြှင့်သည်။ ယင်းနောက် ပဲခူးတိုင်းဒေသကြီးအတွင်းမှ ထုတ်လုပ်ထားသည့် လက်ဆွဲကောက်စိုက်စက်၊ မျိုးစေ့ချကိရိယာနှင့် လူလိုက်ပါစီးနင်းနိုင်သည့် ကောက်စိုက်စက်တို့ဖြင့် စိုက်ပျိုးခြင်း၊ အသိပညာပေးခြင်း Video Clip ကို ပြသပြီး ဒေသခံတောင်သူတစ်ဦးက တိုင်းဒေသကြီးအစိုးရအဖွဲ့၏ မျိုးစေ့ချကိရိယာပေးအပ်မှုပေါ် စိုက်ပျိုးသီးနှံအလိုက်




ပန်းတိုင်အထွက်နှုန်းရရှိရေး ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကျေးဇူးတင်ကတိပြုစကားပြောကြားသည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများ၊ တက်ရောက်လာသည့် တောင်သူများက မျိုးစေ့ချကိရိယာများနှင့် ပဲခူးတိုင်းဒေသကြီးမှ ထပ်မံထုတ်လုပ်ရောင်းချလျက်ရှိသော လူလိုက်ပါစီးနင်းနိုင်သည့် ကောက်စိုက်စက် သရုပ်ပြသမှုတို့ကို ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

တိုင်းဒေသကြီး(ပြန်/ဆက်)

# တိုက်ကြီးမြို့နယ်၌ မိုးစပါးစိုက်ပျိုးတောင်သူများအား သွင်းအားစုများပေးအပ်

**တိုက်ကြီး  ဇူလိုင်  ၁၈**

ရန်ကုန်တိုင်း ဒေသကြီး တိုက်ကြီးမြို့နယ်တွင် မိုးစပါး စိုက်ပျိုးတောင်သူများအား နိုင်ငံ့စီးပွားမြှင့်တင်ရေး ရန်ပုံငွေဖြင့် အကျိုးတူ လယ်ယာသွင်းအားစုများ ပေးအပ်ခြင်းနှင့် စိုက်ပျိုးရေးဆိုင်ရာ ဆွေးနွေးပွဲကို ယနေ့နံနက်ပိုင်းက ရန်လုံးနိုင်ကျေးရွာ ရွာသာလမ်းဆုံ၌ ကျင်းပသည်။

ဦးစွာ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးသူအောင်က အမှာစကား ပြောကြားပြီး မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးခင်မောင်စိုးက မိုးစပါး ပန်းတိုင်အထွက်နှုန်း ရရှိရေး ဆွေးနွေးသည်။

ဆက်လက်၍ Hlaing Khit Thit Co.,Ltd. မှ တာဝန်ရှိသူများက မိုးစပါးစိုက်ပျိုး တောင်သူများအား အကျိုးတူ လယ်ယာသွင်းအားစု ပေးအပ်ခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားပြီး စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစိုးနိုင်က သတင်းအချက်အလက်နှင့် ဆက်သွယ်ရေး နည်းပညာ ICT ကို တောင်သူများ အသုံးပြုဆောင်ရွက်ရေး ဆွေးနွေး ပြောကြားသည်။



ထို့နောက် Hlaing Khit Thit Co.,Ltd. မှ တာဝန်ရှိသူများက တက်ရောက်လာသည့် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများနှင့် မိုးစပါးစိုက်ပျိုး တောင်သူများအား သွင်းအားစုများ ပေးအပ်ခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

# ဆီဆိုင်မြို့နယ်၌ နွေစပါး စံကွက်ရိတ်သိမ်း

**ဆီဆိုင်  ဇူလိုင်  ၁၈**

ရှမ်းပြည်နယ် (တောင်ပိုင်း) ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဆီဆိုင်မြို့နယ် ဘန်းယဉ်ကျေးရွာတွင် နွေစပါးစံကွက်ရိတ်သိမ်းခြင်းကို ဇူလိုင် ၁၇ ရက် နံနက်ပိုင်းက တောင်သူ ဦးစိုင်းမတ်၏ စံပြကွက်၌ ပြုလုပ်သည်။

ထိုသို့ဆောင်ရွက်ရာတွင် ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသ မြေစာရင်းဦးစီးဌာနမှူး ဦးဝင်းနိုင်ဦး ဦးဆောင်၍ ဆီဆိုင်မြို့နယ် မြေစာရင်းဦးစီးဌာန ဦးစီးမှူး ဦးကျော်သူခိုင်၊ မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးကျော်ကြိုင်၊ ဘန်းယဉ်ကျေးရွာ အုပ်စုအုပ်ချုပ်ရေးမှူးနှင့် စံကွက်ရိတ်သိမ်းရေး အဖွဲ့များက ဘန်းယဉ်ကျေးရွာ တောင်သူ ဦးစိုင်းမတ်၏ အထွက်ကောင်းမျိုး(ရွှေရင်အေး) အမျိုးအစား နွေစပါးစိုက်ခင်းအား စံကွက်ရိတ်သိမ်းရာ တစ်ဧကလျှင် ပျမ်းမျှအထွက်နှုန်း အစို ၁၄၇ ဒသမ ၇၇ တင်း ထွက်ရှိကြောင်း သိရသည်။



မြို့နယ်(ပြန်/ဆက်)

## ကန့်ကွက်နိုင်ပါကြောင်းအများသိစေရန်ကြေညာချက်

ဦးထွန်းဝေ (MMO-၂၂၄၂၆၇)နှင့် ဒေါ်ကုံအဟီ(ခ)ဒေါ်ကျင်ရွှေ (ခ) ဒေါ်ခင်ခင်စိုး [၁၂/လမတ(နိုင်)၀၂၈၉၂၈]တို့ (၂)ဦး ပူးတွဲအမည်ပေါက်ပိုင်ဆိုင်သော -

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ စက်မှုဇုန်(၁)၊ ပဒင်းဝန်ဦးရွှေဘင်လမ်း၊ အမှတ်(၃၃)ဟုခေါ်တွင်သော မြေတိုင်းရပ်ကွက်အမှတ်(စက်မှုဇုန်-၁)၊ မြေကွက်အမှတ် (၃၃)၊ ဧရိယာ(၁.၂၈၈)ကေအနက်မှ တရားဝင် မခွဲမစိတ်ရသေးသော မြေကွက်အမှတ်(၃၄)နှင့် ကပ်လျက်ခြမ်း၊ အကျယ်အဝန်း (အလျား၁၂၆.၅ပေxအနံ ၁၀၇.၅ပေ)၊ ဧရိယာ(၀.၆၄၄)ကေရှိ နှစ်(၆၀) မြေငှားဂရန်မြေ အမျိုးအစား မြေကွက်နှင့် အဆောက်အဦအပါအဝင် ဆက်နွှယ် တွယ်ကပ်လျက်ရှိသည့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို မိမိတို့ (၂)ဦးမှ အမည်ပေါက် ပိုင်ဆိုင်၍ လက်ဝယ်ထားကာ ရောင်းချခွင့်ရှိကြောင်း၊ အရှုပ်အထွေး ကင်းရှင်းသော မြေကွက်ဖြစ်ကြောင်း ဖွင့်ဟဝန်ခံကတိပြု ပြောဆိုပြီး ကျွန်ုပ်၏မိတ်ဆွေသို့ အပြီးအပိုင် လွှဲပြောင်းရောင်းချရာ ကျွန်ုပ်၏မိတ်ဆွေမှ ဝယ်ယူသည့်အတွက် ရောင်းကြေး တန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ရောင်းချသူထံ ပေးချေထားပြီးဖြစ်ပါသည်။

အဆိုပါ အရောင်းအဝယ်ကို ကန့်ကွက်လိုသူ မည်သူမဆို မြေကွက်နှင့် သက်ဆိုင်သည့် ပိုင်ဆိုင်မှုစာချုပ်စာတမ်းမူရင်း၊ စာရွက်စာတမ်းမူရင်းများနှင့်အတူ ကျွန်ုပ်ထံသို့ ဤကြော်ငြာပါသည့်နေ့မှစ၍ (၁၄) ရက်အတွင်း လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်၍ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်ဝေဝေအောင် (LL.B) တရားလွှတ်တော်ရှေ့နေ(စဉ် -၁၂၄၆၈)**
**အမှတ်-၁၂၉၇/အေ၊ ဇာတိဂုဏ်လမ်း၊ မေတ္တာညွန့်ရပ်ကွက်၊ တာမွေမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊**
**ဖုန်း-၀၉-၄၂၀၀၅၇၄၉၈**

## ကန့်ကွက်နိုင်ပါကြောင်းအများသိစေရန်ကြေညာချက်

ဦးနေစိုးအောင် (၁၂/ဥကတ (နိုင်)၁၂၄၃၁၄)(ဘ)ဦးအောင်မြင့် အမည်ပေါက်ပိုင်ဆိုင်သော-

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ (၉)ရပ်ကွက်၊ ကျော်သူ(၂၄)လမ်း၊ အမှတ်(၈၂၆)ဟုခေါ်တွင်သော မြေတိုင်းရပ်ကွက်အမှတ်(၉)၊ မြေကွက်အမှတ် (၈၂၆)၊ ဧရိယာ (၂၄၀၀) စတုရန်းပေ၊ (၀.၀၅၅)ကေရှိ နှစ်(၆၀)မြေငှားဂရန်မြေ အမျိုးအစား မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ ဆက်နွှယ်တွယ်ကပ်လျက်ရှိသည့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို အရောင်းအဝယ်စာချုပ် မှတ်ပုံတင်အမှတ်(၁၃၀၆ /၂၀၁၁)(၂၁-၃-၂၀၁၁) အရ မိမိတစ်ဦးတည်း အမည်ပေါက် ပိုင်ဆိုင်၍ လက်ဝယ်ထားကာ ရောင်းချခွင့်ရှိကြောင်း၊ အရှုပ်အထွေးကင်းရှင်းသော မြေကွက်ဖြစ်ကြောင်း ဖွင့်ဟဝန်ခံကတိပြု ပြောဆိုပြီး ကျွန်ုပ်၏မိတ်ဆွေသို့ အပြီးအပိုင် လွှဲပြောင်းရောင်းချရာ ကျွန်ုပ်၏မိတ်ဆွေမှ ဝယ်ယူသည့်အတွက် ရောင်းကြေးတန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ရောင်းချသူထံ ပေးချေထားပြီးဖြစ်ပါသည်။

အဆိုပါ အရောင်းအဝယ်ကိုကန့်ကွက်လိုသူ မည်သူမဆို မြေကွက်နှင့် သက်ဆိုင်သည့် ပိုင်ဆိုင်မှုစာချုပ် စာတမ်းမူရင်း၊ စာရွက်စာတမ်းမူရင်းများနှင့်အတူ ကျွန်ုပ်ထံသို့ ဤကြော်ငြာပါသည့်နေ့မှစ၍ (၁၄) ရက်အတွင်း လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်၍ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်ဝေဝေအောင် (LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ် -၁၂၄၆၈)**
**အမှတ်-၁၂၉၇/အေ၊ ဇာတိဂုဏ်လမ်း၊ မေတ္တာညွန့်ရပ်ကွက်၊ တာမွေမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊**
**ဖုန်း-၀၉-၄၂၀၀၅၇၄၉၈**

## "ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း"

ရန်ကုန်တိုင်းဒေသကြီး၊ ပန်းဘဲတန်းမြို့နယ်၊ (၈)ရပ်ကွက်၊ လမ်း-၃၀ (အထက်)၊ အမှတ်(၂၃၁)၊ ဒုတိယထပ်၊ ၃-လွှာ၊ (တိုက်အားမျက်နှာမူလျှင် ညာဘက်ခြမ်း)၊ အကျယ်အဝန်း (၁၂ပေခွဲx ၅၀ပေ)ရှိ တိုက်ခန်းအား တရားဝင်ပိုင်ဆိုင်ခွင့်ရှိသူ ဦးသန်းဝင်း [၁၂/မဘန(နိုင်)၀၉၄၉၆၂] ကိုင်ဆောင်သူထံမှ ဦးကျော်သူဝင်း [၁၂/ပဘတ(နိုင်)၀၃၄၃၇၂] ကိုင်ဆောင်သူမှ ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထားမူရင်းများဖြင့် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးကျော်သူဝင်း [၁၂/ပဘတ(နိုင်)၀၃၄၃၇၂]**
**ဖုန်း ၀၉-၅၁၇၃၄၉၃**

## တစ်ဦးတည်းဖြစ်ပါကြောင်း

ရန်ကုန်တိုင်း ဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း) မြို့နယ်၊ (၂၈) ရပ်ကွက်၊ သခင်ဗစိန်လမ်း၊ အမှတ်(၆၁၀)နေ ကျွန်တော် ဦးထင်လင်း [၉/မခန(နိုင်)၂၄၄၈၃၈]၏မိခင် ဒေါ်နန်းအေးအေးသိန်းနှင့် ဒေါ်အေးအေးသိန်းသည် အမည်(၂) မျိုး ကွဲလွဲနေသော်လည်း လူပုဂ္ဂိုလ်တစ်ဦးတည်းဖြစ်ပါကြောင်း။

**ဦးထင်လင်း**

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ထိန်ကုန်းရပ်ကွက်၊ အကွက်အမှတ်(၅၈၉)၊ ဦးပိုင်အမှတ်(၄၆+၄၉/၃+၅၅+၄၈+၄၇) ခဲစင်း၊ ရန်-မန်းလမ်းဟောင်းရှိ ဂရန်မြေကွက် အမည်ပေါက်သူ ဦးကျော်ကျော်ဝင်း(ခ)ရန်ကွေ့ယုံ [၁၃/တယန(နိုင်)၀၀၀၃၀၅]က အမှုတွဲအမှတ် (၁၂၁၈/၂၀၂၅-၂၀၂၆)ဖြင့် ဦးပိုင်ခွဲ လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## တစ်ဦးတည်းဖြစ်ပါကြောင်း

ရန်ကုန်တိုင်း ဒေသကြီး၊ ဒဂုံမြို့သစ် (အရှေ့ပိုင်း) မြို့နယ်၊ (၂) ရပ်ကွက်၊ သီတဂူ (၁) လမ်း၊ အမှတ် (၆၅၀) နေ ကျွန်မ ဒေါ်မေသူအောင် [၁၂/မဂဒ(နိုင်)၁၀၇၃၅၁]၏ ဖခင် ဦးကြည်ဆန်းနှင့် ဦးကြည်စန်းသည် အမည် (၂) မျိုး ကွဲလွဲနေသော်လည်း လူပုဂ္ဂိုလ်တစ်ဦးတည်းဖြစ်ပါကြောင်း။

**ဒေါ်မေသူအောင်**

နေရောင်အောက်က
သက်ရှိတွေကို စောင့်ရှောက်ဖို့
အိုဇုန်းလွှာကို ထိန်းသိမ်းစို့

## အမည်ပြောင်း

အထက(၁) သဃ်န်းကျွန်း Grade-9 တွင် ပညာသင်ကြားနေသော မအေးဂျူလိုင်မိုးအား မဝင့်ဂျူလိုင်မောင်ဟု ပြောင်းလဲခေါ်ဆိုပါရန်။

**မဝင့်ဂျူလိုင်မောင်**

- ❖ အင်တာနက်ပေါ်တွင် သတင်းတု၊ သတင်းမှားများ လွှင့်တင်ခြင်း၊ မြန်မာ့ရိုးရာယဉ်ကျေးမှုနှင့် ကိုက်ညီမှုမရှိသည့် မဖွယ်မရာမှတ်တမ်းပုံများ၊ ဗီဒီယိုများအား ဖြန့်ဝေခြင်း၊ အခကြေးငွေဖြင့် ရောင်းချခြင်းများသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။
- ❖ အွန်လိုင်းလောင်းကစားကြော်ငြာများ လက်ခံကြော်ငြာပေးခြင်းသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-သကမ-၁၅၊ တောင်ငူလမ်း၊ မြေကွက်အမှတ် (၇၉၉/က)ဟုခေါ်တွင်သော အကျယ်အဝန်း (၂၀ x ၆၀)ပေရှိ ပါမစ်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ နေအိမ်အပါအဝင် အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို ရောင်းချသူ ဦးဝင်းစိုး [၁၄/မအပ (နိုင်) ၁၅၉၅၃၇] မှ အရပ်ကတိဆက်စပ်စာချုပ်ဖြင့် တရားဝင် ဝယ်ယူပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိကြောင်းဝန်ခံ၍ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးလေးမြတ် [၁၂/အစန(နိုင်) ၁၇၅၆၁၈]က အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော စာချုပ်စာတမ်းအထောက်အထားမူရင်းများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ ကန့်ကွက်နိုင်ပါသည်။ ထိုရက်မှကျော်လွန်ပါက ဥပဒေနှင့်အညီအရောင်းအဝယ်ကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းကြေညာအပ်ပါသည်။

**ဦးလေးမြတ်၏လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်သူဇာအောင် ( LLB, D.I.L,D.B.L, Dip in HR )**
**တရားလွှတ်တော်ရှေ့နေ (စဉ်- ၁၃၉၅၀)**
**အမှတ်- ၃၄/၄၉၊ အခန်း (၁၄)၊ ပထမထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း (အောက်ဘလောက်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း- ၀၉-၆၉၂၂၂၀၁၀၀၊ ၀၉-၉၄၆၉၄၆၃၂၆**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ အမှတ် (၅၀၀)၊ သုခလမ်း၊ (၃)ရပ်ကွက်၊ ဒဂုံမြို့သစ် (အရှေ့ပိုင်း)မြို့နယ်ဟုခေါ်တွင်သည့် မြေတိုင်းရပ်ကွက်အမှတ် (၃)၊ မြေကွက် အမှတ် (၅၀၀)၊ ဧရိယာ(၄၀ x ၆၀)ပေ အကျယ်အဝန်း ပါမစ်မြေကွက်သည် ဦးဝင်းမောင်(KYN -၀၃၄၁၈၉) အမည်ပေါက်ဖြစ်ပါသည်။ အဆိုပါမြေကွက်ထဲမှ မခွဲမစိတ်ရသေးသည့် ခေါင်းရင်းခြမ်း (၂၀x၆၀)ပေအကျယ်အဝန်း မြေကွက်ကို ယခုရောင်းသူ ဦးသိန်းထွန်းဝင်း [၉/တကန(နိုင်)၁၂၀၆၈၉]မှ အရပ်ကတိစာချုပ်ဖြင့် ဝယ်ယူပိုင်ဆိုင်အကျိုးခံစားလျက်ရှိပြီး၊ အဆိုပါမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိအိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်ကို ၎င်းမှရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုလျက် အပြီးအပိုင် ရောင်းချရန် ကမ်းလှမ်းလာသည့်အလျောက် ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင် ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါ အရောင်းအဝယ်ကိစ္စနှင့် ပတ်သက်၍ ကန့်ကွက်လိုပါက ကျွန်ုပ်တို့ထံသို့ ပိုင်ဆိုင်ကြောင်း အထောက်အထား ခိုင်လုံစွာဖြင့် (၇) ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဦးလှဝေ(စဉ်-၇၁၂၄) ဒေါ်ဘီဘီသိန်း (ခ) ဒေါ်ဘေဘီ (စဉ်-၈၇၉၁)**
**တရားလွှတ်တော်ရှေ့နေများ**
**အမှတ် (၆၀)၊ ပထမထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၇၇၅၁၄၄၄၀၁၊ ၀၉-၇၇၅၁၄၄၄၀၂**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ အမှတ်(၈၁၃)၊ ဗိုလ်မှူးဗထူးလမ်း၊ (၁၃၄) ရပ်ကွက်၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်ဟုခေါ်တွင်သည့် မြေတိုင်းရပ်ကွက်အမှတ်(၃၄)၊ မြေကွက်အမှတ်(၈၃)၊ ဧရိယာ(၄၀ x ၆၀)ပေ အကျယ်အဝန်းရှိ ပါမစ်မြေကွက်သည် ဦးသန်း (EE-၁၁၅၇၇၄) အမည်ပေါက်ဖြစ်ပြီး၊ မြေအမည် ပေါက်ထံမှ ယခုရောင်းသူ ဦးမျိုးဇော်ဇော် [၁၂/ဒဂရ (နိုင်)၀၀၆၉၇၁]မှ အရပ်ကတိစာချုပ် အဆက်စပ်ဖြင့် ဝယ်ယူ ပိုင်ဆိုင်အကျိုးခံစားလျက်ရှိပြီး၊ အဆိုပါ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်ကို ၎င်းမှရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုလျက်၊ အပြီးအပိုင်ရောင်းချရန် ကမ်းလှမ်းလာသည့်အလျောက် ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းဖိုး၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချထားပြီးဖြစ်ပါသည်။ အဆိုပါ အရောင်းအဝယ်ကိစ္စနှင့် ပတ်သက်၍ ကန့်ကွက်လိုပါက ကျွန်ုပ်တို့ထံသို့ ပိုင်ဆိုင်ကြောင်း အထောက်အထားခိုင်လုံစွာဖြင့် (၇) ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဦးလှဝေ(စဉ်-၇၁၂၄) ဒေါ်ဘီဘီသိန်း (ခ) ဒေါ်ဘေဘီ (စဉ်-၈၇၉၁)**
**တရားလွှတ်တော်ရှေ့နေများ**
**အမှတ် (၆၀)၊ ပထမထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၇၇၅၁၄၄၄၀၁၊ ၀၉-၇၇၅၁၄၄၄၀၂**

## ကြော်ငြာစာ

မန္တလေးမြို့၊ အမရပူရမြို့နယ်၊ မှန်တန်းရပ်ကွက်၊ အကွက်အမှတ် (၆၀၃-က)၊ ဦးပိုင်အမှတ်(၃၀)၊ အာရှာဘဏ်လမ်းအနောက်ဘက်၊ မှန်တန်း ဂုဏ်ရည်(၁)လမ်းx(၂)လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ VELLAI YAHMME (ခ) ဒေါ်မလီမာ [၁၂/ပဘတ(ပြု)၀၀၀၁၃၇]၏ အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ်(၈၂၂၅/၂၀၁၁)ဖြင့် လွှဲအပ်ခြင်းခံရသူ KELA PREA (ခ) ကိုမောင်မောင် [၁၂/ပဘတ (ပြု)၀၀၀၅၂၈]က ဂရန်စာချုပ်တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ထွန်းတုံးရပ်ကွက်၊ အကွက်အမှတ်-ဗဗ-၃၊ ဦးပိုင်အမှတ်-၉၅/၁၁၁x၁၁၂ကြား၊ ၄၆x၄၇လမ်းကြားရှိ ဦးတင်လှ အမည်ပေါက် တောဂရန်မြေကွက်အား ဖခင်ဦးတင်လှ၊ မိခင် ဒေါ်ကြည်ခင်တို့ကွယ်လွန်၍ ကျန်ရစ်သူသမီးများဖြစ်ကြသော ဒေါ်ရီရီအောင် [၉/မရတ(နိုင်)၀၅၆၁၅၂]၊ ဒေါ်ထွန်းထွန်းဝေ[၉/မရတ(နိုင်)၀၅၆၁၅၃] တို့က တောဂရန်၊ သေစာရင်း၊ တရားရုံးကျမ်းကျိန်ချက်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးထောက်ခံချက်များ တင်ပြ၍ အမွေဆက်ခံစာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ အောင်ပင်လယ်ရပ်ကွက်၊ အကွက်အမှတ်-စစ-၁၂၊ ဦးပိုင်အမှတ်-၃၅/၄၇x၄၈လမ်းကြား၊ ၁၀၅x၁၀၆ လမ်းကြားရှိ ဂရန်မြေကွက်အား အမည်ပေါက်သူ ဦးသိန်းမြင့် (လူပျိုဘဝ) ကွယ်လွန်၍ ကျန်ရစ်သူ ညီ၊ ညီမအရင်းများဖြစ်ကြသော ဦးမြင့်စိုးအောင်[၅/ဝလန(နိုင်)၁၂၆၃၁၂]၊ ဒေါ်မြင့်မြင့်ခိုင်[၉/ခအဇ(နိုင်)၀၃၉၆၃၀]တို့က ဂရန်စာချုပ်၊ သေစာရင်း၊ တရားရုံးကျမ်းကျိန်ချက်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးထောက်ခံချက်များ တင်ပြ၍ အမွေဆက်ခံစာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## "ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း"

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ လူနေရပ်ကွက်အမှတ် -ပန်းလှိုင်ဂေါက်ကွင်းအိမ်ရာ၊ (Lotus Garden)၊ မြေတိုင်းရပ်ကွက်အမှတ်(၁၂)၊ မြေကွက်အမှတ်(၁၉၃/၃၉)၊ အိမ်အမှတ် Lot -293B (LPV-35) မြေအကျယ်အဝန်း (၄,၇၄၈. ၅၄) စတုရန်းပေ၊ (၀. ၁၀၉)ကေရှိ GROUP SYNERGETIC FORCE COMPANY LIMITED အမည်ပေါက်သည့် နှစ်(၆၀)မြေငှားဂရန်မြေကွက်နှင့်ယင်းမြေကွက်ပေါ်ရှိ အဆောက်အဦအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို GROUP SYNERGETIC FORCE COMPANY LIMITED ကုမ္ပဏီမှတ်ပုံတင်အမှတ် 129538554 ကိုယ်စား ဒေါ်လွဲ့လွဲ့ဝင်း (မှတ်ပုံတင်အမှတ် - [၁၂/မရက(နိုင်)၀၈၁၂၁၉] မှ တရားဝင် လက်ရှိထား ပိုင်ဆိုင်ကာ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူဟု ထုတ်ဖော်ဝန်ခံကတိပြုပြီး ရောင်းချရန် ကမ်းလှမ်းလာရာ ကျွန်ုပ်၏မိတ်ဆွေဖြစ်သော ဦးရဲမင်းသိမ်း [၁၂/စခန(နိုင်) ၀၅၆၂၁၇]က အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှ (၁၄)ရက်အတွင်း စာချုပ်စာတမ်းမူရင်းများ၊ ပိုင်ဆိုင်မှု အထောက်အထားမူရင်းများပြသ၍ ကျွန်ုပ်ထံသို့ လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်ဟိန်းထိုက်စိုး (LL.B)**
**အထက်တန်းရှေ့နေ (စဉ်-၅၁၀၃၃)**
**အမှတ်(၂၉)၊ ဩဘာလမ်း၊ ကျောက်မြောင်း၊ တာမွေမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း - ၀၉-၅၁၆၆၀၇၆, ၀၉-၂၅၄၁၀၆၃၅၂**

## ကြော်ငြာစာ

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ ရဲမွန်တောင်ရပ်ကွက်၊ အကွက်အမှတ်(၁၀)၊ ဦးပိုင်အမှတ်(၇၁)၊ ၃၉(D)လမ်း၊ ၅၆x၅၇လမ်းကြားရှိ ဦးသောင်းဝင်း၊ ဒေါ်အေးစိန်အမည်ပေါက် ဂရန်မြေကွက်အား ခင်ပွန်း ဦးသောင်းဝင်းကွယ်လွန်၍ ကျန်ရစ်သော ပူးတွဲအမည်ပေါက်သူ ဇနီး ဒေါ်အေးစိန် [၁/မစန (နိုင်) ၀၂၂၀၀၈]က ဂရန်စာချုပ်၊ သေစာရင်း၊ တရားရုံးကျမ်းကျိန်ချက်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးထောက်ခံချက်များ တင်ပြ၍ အမွေဆက်ခံစာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄) ရက်အတွင်း ကန့်ကွက် နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ ဟေမာဇလရပ်ကွက်၊ အကွက်အမှတ်(၆၁၄)၊ ဦးပိုင်အမှတ်(၂၅-က)၊ ၂၉လမ်း၊ ၇၉x၈၀လမ်းကြားရှိ ဒေါ်ခင်သန်းစိန်အမည်ပေါက် ဘိုးဘမြေကွက်အား ဖခင် ဦးခင်မောင်ရီ၊ မိခင် ဒေါ်ခင်သန်းစိန်တို့ကွယ်လွန်၍ ကျန်ရစ်သောတစ်ဦးတည်းသော သမီးဖြစ်သူ ဒေါ်မျိုးမျိုး [၉/မရမ(နိုင်)၀၀၄၃၆၂]က ဘိုးဘစာအုပ်၊ သေစာရင်း၊ တရားရုံးကျမ်းကျိန်ချက်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး ထောက်ခံချက်များတင်ပြ၍ အမွေဆက်ခံစာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံး ဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## "ကန့်ကွက်နိုင်ပါသည်"

ရန်ကုန်တိုင်းဒေသကြီး၊ ပုဇွန်တောင်မြို့နယ်၊ အနော်ရထာအိမ်ရာ၊ တိုက်-၈၊ အခန်းအမှတ်(၀၀၃)၊ စုပေါင်းအဆောက်အအုံ တိုက်ခန်းပိုင်ဆိုင်ခွင့် မှတ်ပုံတင်စာအုပ်တွင် ဦးစိုင်းလှကျော် အမည်ပေါက်တိုက်ခန်းအား ကျွန်ုပ်မိတ်ဆွေများ ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်ပါသည်။ မည်သူမဆို ဤကြော်ငြာပါသည့်နေ့မှ (၇)ရက်အတွင်း ခိုင်လုံသော အထောက်အထားများဖြင့် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက ဆက်လက်ငွေချေ အရောင်းအဝယ် ပြုလုပ်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးအောင်နိုင် B.A, R.L, D.L - 317 (WIPO)**
**တရားလွှတ်တော်ရှေ့နေ (စဉ် - ၉၃၅၈)**
**အမှတ် - ၁၄၀ ၊ ဒုတိယထပ်၊ (၃၉) လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-09-255605722**

## ကြော်ငြာစာ

မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ ပုလဲငွေရောင်ရပ်ကွက်၊ အကွက်အမှတ်-၁၅၄၊ ဦးပိုင်အမှတ်-၅/၈၁လမ်း၊ ၂၀x၂၁လမ်းကြားရှိ ဒေါ်ခင်လှထွေး၊ ဒေါ်ခင်သန်းအေးတို့ ၂ ဦး အမည်ပေါက် ဘိုးဘမြေကွက်အား၊ ဒေါ်ခင်သန်းအေး (အပျိုဘဝ)၊ ဖခင် ဦးမောင်လေး၊ မိခင် ဒေါ်ခင်လှထွေးတို့ကွယ်လွန်၍ ကျန်ရစ်သူ သားသမီးများဖြစ်ကြသော ဦးအေးမင်းသန့် [၉/မနမ(နိုင်)၀၀၅၃၂၄]၊ ဦးကိုကိုလေး[၉/မနမ(နိုင်)၁၁၂၀၈၀]၊ ဦးမောင်မောင်အေး [၉/မနမ(နိုင်)၁၁၂၅၃၇] တို့ကအမည်ပေါက်မြေပုံ၊ သေစာရင်း၊ တရားရုံး ကျမ်းကျိန်ချက်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးထောက်ခံချက်များ တင်ပြ၍ အမွေဆက်ခံစာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံး ဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ထွန်းတုံးရပ်ကွက်၊ အကွက်အမှတ်- ဗဗ-၃၊ ဦးပိုင်အမှတ်-၁၀၁/၁၁၁x၁၁၂ လမ်းကြား၊ ၄၆x၄၇ လမ်းကြားရှိ တောဂရန်မြေကွက်အား အမည်ပေါက်သူခင်ပွန်း ဦးသိန်းအောင် ကွယ်လွန်၍ ကျန်ရစ်သူဇနီး ဒေါ်ခင်နွဲ့[၉/မနတ(နိုင်)၀၄၅၇၉၆] က တောဂရန်၊ သေစာရင်း၊ တရားရုံးကျမ်းကျိန်ချက်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးထောက်ခံချက်များ တင်ပြ၍ အမွေဆက်ခံစာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## အထွေထွေကိုယ်စားလှယ်လွှဲစာရုပ်သိမ်းကြောင်း အများသိစေရန် ကြေညာချက်

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ ပီမိုးနင်းလမ်း၊ အမှတ်(၂/၇/၄ခ)နေ ဒေါ်ခင်မာစီ (ဘ) ဦးထွန်းအောင် [၁၂/အစန(နိုင်) ၁၁၇၄၈၁] မှ ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ (၈)ရပ်ကွက်၊ နဝရတ်(၄)လမ်း၊ အမှတ်(-) နေ ဦးအောင်ခန့် (ဘ) ဦးတင်ဦး [၁၄/ဇလန(နိုင်)၀၉၉၅၈၄] အား ရန်ကုန်မြို့ စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၌ (၁၄-၁၀-၂၀၂၁)ရက်တွင် လွှဲအပ်ခဲ့သော အထွေထွေကိုယ်စားလှယ် လွှဲစာအမှတ်(၇၄၇၉/၂၀၂၁) ကို ပြန်လည်ရုပ်သိမ်းကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ဆုနန္ဒာကျော်**
**အထက်တန်းရှေ့နေ (စဉ်-၄၀၇၂၂)**
**အမှတ် (၂၃)၊ နတ်ချောင်း(၂)လမ်း၊**
**နတ်ချောင်းရပ်ကွက်၊ တာမွေမြို့နယ်။ ဖုန်း-၀၉-၄၃၁၄၄၃၂၇**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၄၁၊ စိန်ပန်းမြိုင်လမ်း၊ မြေကွက်အမှတ်-၈၃၂ ဟု ခေါ်တွင်သော ဒေါ်တင်တင်ရှိန်အမည်ပေါက် (၆၀ x ၄၀)ပေ အကျယ်ရှိ နှစ်(၆၀)ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ် အားလုံးတို့ကို တရားဝင်ပိုင်ဆိုင်ထားသော ဒေါ်တင်တင်ရှိန် [၁၂/သဃက(နိုင်)၀၆၄၅၆၆] ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက လက်ရောက်ဝယ်ယူရန်အတွက် စရန်ငွေ တစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်ကို ကန့်ကွက်လိုသူများရှိပါက ပိုင်ဆိုင်မှုအထောက်အထား စာချုပ်စာတမ်းမူရင်းများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဦးအောင်ခိုင်မျိုး [LL.B] တရားလွှတ်တော်ရှေ့နေ (စဉ်-၁၄၁၆၁)**
**အမှတ် (၂၃၁)၊ အင်း၀(၃)လမ်း၊ (၆)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း-၀၉-၂၆၁၇၉၈၁၁၆၊ ၀၉-၄၂၀၀၂၆၈၅၈**

## သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြောင်း ကြေညာခြင်း

ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ ဖော့ကန်ရပ်ကွက်၊ ဝါဦးလမ်း၊ အမှတ်-က/၈၉ နေ (ဦးတင်အောင်)-ဒေါ်ငွေငွေ[၁၂/အစန(နိုင်) ၀၉၆၃၁၄]တို့၏ သမီးဖြစ်သူ ဒေါ်သူဇာလွင်[၁၂/အစန(နိုင်) ၁၈၇၀၁၅]သည် မိခင်၏ ပြောဆိုဆုံးမမှုကို မနာခံဘဲ ခွင့်မလွှတ်နိုင်သော အပြုအမူများကြောင့် သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါကြောင်းနှင့် နောက်နောင်တွင် ဒေါ်သူဇာလွင်နှင့်ပတ်သက်ဆက်နွှယ်သော ငွေရေးကြေးရေးအရှုပ်အရှင်း၊ လူမှုရေးအရှုပ်အရှင်း ပြဿနာများနှင့် အခြားမည်သည့်ကိစ္စများကိုမှ ယနေ့မှစ၍ တာဝန်ယူဖြေရှင်းပေးမည်မဟုတ်တော့ပါကြောင်း ဒေါ်သူဇာလွင် နှင့် အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်ငွေငွေ [၁၂/အစန(နိုင်)၀၉၆၃၁၄]**
**အင်းစိန်မြို့နယ်**

## ဦးသူရိန်စိန်နှင့် အများသိစေရန်ကြေညာခြင်း

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဧရာဝတီတိုင်းဒေသကြီး၊ မအူပင်မြို့နယ်၊ ထနီးကျေးရွာအုပ်စု၊ ကျုံတာကျေးရွာတွင်နေထိုင်သူ ဒေါ်ဝေသဇင်ဖြိုး [၁၄/မအပ(နိုင်)၃၀၀၆၇၄] (ဘ) ဦးစိန်သန်းသည် ရန်ကုန်တိုင်းဒေသကြီး၊ မှော်ဘီမြို့နယ်၊ ဝါးနက်ချောင်းတွင်နေထိုင်သူ ဦးသူရိန်စိန်(ဘ)ဦးမင်းခိုင်နှင့် (၂၀၁၅) ခုနှစ်တွင် အိမ်ထောင်ပြုခဲ့သော်လည်း စိတ်သဘောထားချင်းတိုက်ဆိုင်မှုမရှိသည့်အတွက် ဆက်လက်ပေါင်းသင်းနေထိုင်ခြင်းမရှိဘဲ စင်ကာပူနိုင်ငံတွင် အလုပ်လုပ်ကိုင်နေခဲ့သည်မှာ (၆)နှစ်ကျော်ရှိပြီဖြစ်ပါသည်။ ဦးသူရိန်စိန်နှင့်လည်း ကွာရှင်းရန် သဘောတူညီထားပြီးဖြစ်သည့်အတွက် ဦးသူရိန်စိန်၏ ပြုလုပ်မှုကိစ္စအဝဝသည် ကျွန်ုပ်မိတ်ဆွေနှင့် သက်ဆိုင်ခြင်းမရှိပါကြောင်းနှင့် ၎င်းတစ်ဦးတည်းသာ သက်ဆိုင်ပါကြောင်း၊ ဒေါ်ဝေသဇင်ဖြိုး၏ ဂုဏ်သိက္ခာ ကျဆင်းစေရန် ပြုလုပ်ခြင်းများ၊ အင်တာနက်ပေါ်တွင် အသရေပျက်စေရန် ပြုလုပ်ပါက ပြဋ္ဌာန်းဥပဒေနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးသက်ဇင်ဦး (LL.B, D.B.L)**
**အထက်တန်းရှေ့နေ (စဉ်-၅၁၀၁၈/၃၀-၄-၂၀၁၉)**
**အမှတ်(၇၃)၊ မြေညီ၊ ပန်းဆိုးတန်းလမ်း၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ ၁၀-တိုးချဲ့/၂၁၂၊ ပျူစောထီး(၁)လမ်း၊ (၈၀'x၆၀')ဟုခေါ်တွင်သော ဦးကိုကိုနိုင် [၁၂/ဗဟန(နိုင်)၀၃၈၂၂၈]မှ အမည်ပေါက်ဖြစ်သောမြေကွက်အား ယခုလက်ဝယ်ပိုင်ဆိုင်ထားသူ ဦးကျော်ခိုင်လတ် [၇/ဒဥန(နိုင်)၀၇၈၈၇၆]မှ ယင်းမြေကွက်နှင့် မြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အား တရားဝင်ပိုင်ဆိုင်ရောင်းချခွင့်ရှိကြောင်း ဖွင့်ဟဝန်ခံပြီး အပြီးအပိုင်လွှဲပြောင်းရောင်းချရန် ကမ်းလှမ်းလာရာ ဦးချစ်ဝင်း [၇/ပခန(နိုင်)၃၉၇၄၁၆]ကိုင်ဆောင်သူမှ ဝယ်ယူရန်အတွက် ရောင်းချတန်ဖိုးငွေအချို့အား စရန်အဖြစ် ပေးချေပြီးဖြစ်ပါသဖြင့် ဖော်ပြပါမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့နှင့်ပတ်သက်ပြီး ကန့်ကွက်လိုသူများရှိပါက ကြေညာစာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း ခိုင်လုံသော စာရွက်စာတမ်း(မူရင်း)များဖြင့် လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက မြေကွက်အရောင်းအဝယ်ကို ပြီးမြောက်သည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဦးချစ်ဝင်း**
**ရန်ကုန်တိုင်းဒေသကြီး၊ လှည်းကူးမြို့နယ်၊ ဒရယ်ဘိုကျေးရွာ။**
**Ph: 09-674285230**

## အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ (၃) ရပ်ကွက်၊ အောင်သိဒ္ဓိရိပ်သာလမ်းသွယ်(၁)လမ်း၊ အမှတ်(၃၇)ဟုခေါ်တွင်သော နေအိမ်နှင့်တကွ ယင်းနေအိမ်တည်ရှိရာ မရမ်းကုန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၁၈ သမိုင်း၊ မြေကွက်အမှတ်(၁၀/ဃ)၊ ဧရိယာ (၀.၁၄၇) ဧက၊ မြေအမျိုးအစား-B-လ/န မြေကွက်နှင့်တကွ ယင်းမြေကွက်ပေါ်ရှိ နေအိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အမည်ပေါက်ပိုင်ဆိုင်သူများဖြစ်သော ဦးခင်မောင်သန်း [၁၂/စခန(နိုင်)၀၆၆၉၅၁] နှင့် ဒေါ်သန်းမြင့်(ခ)တန်ရှုက်တီ [၁၂/လသန(ဧည့်)၀၀၀၁၄၂]တို့ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် စရန်ငွေပေးချေပြီးဖြစ်ပါသည်။ ထိုကဲ့သို့ အရောင်းအဝယ်ပြုခြင်းနှင့်စပ်လျဉ်း၍ နစ်နာမှုတစ်စုံတစ်ရာအကြောင်းရှိနိုင်သူ မည်သူမဆို ခိုင်လုံသောအထောက်အထားများဖြင့် ဤကြော်ငြာပါပြီး (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်ချက်မရှိပါက တည်ဆဲဥပဒေများအား မဆန့်ကျင်စေဘဲ အရောင်းအဝယ်ကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဦးမျိုးသူရအောင် (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၇၁၄၈)**
**အမှတ် (၄၆/ပထပ်)၊ မဟာဗန္ဓုလပန်းခြံလမ်း၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၀၉-၄၄၃၁၁၃၂၁၁**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၄၃)၊ မြေကွက်အမှတ်(၁၀၆၀)၊ အကျယ်အဝန်း(၄၁ ပေ x ၆၀ ပေ)ရှိ နှစ်(၆၀)မြေငှားဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်တွင်ဆောက်လုပ်ထားသော အမှတ်(၁၀၆၀)၊ ပုပ္ပါးလမ်း၊ (၄၃)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်ဟုခေါ်တွင်သည့် အဆောက်အဦတစ်လုံးအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို မြေအမည်ပေါက်သူ ဦးညွှန့်အောင်ထံမှ အရပ်ကတိအရောင်းအဝယ်စာချုပ်ဖြင့် ဒေါ်သီတာဝင်း [၁၄/ဟသတ(နိုင်)၀၀၃၄၈၅]မှ ဝယ်ယူပိုင်ဆိုင်ထားပြီး မိခင် ဒေါ်သီတာဝင်း၏ကိုယ်စားလက်မှတ်ရေးထိုး ရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုသူ သမီးအရင်း-ဒေါ်ဟန်နီအောင် [၁၄/ဟသတ(နိုင်)၂၄၂၅၃၂]ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန်အတွက်(၁၂-၇-၂၀၂၅)ရက်နေ့က ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေခဲ့ပြီးဖြစ်ပါသည်။ ဤအရောင်းအဝယ်နှင့်စပ်လျဉ်း၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း စာရွက်စာတမ်းအထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ထက်ကျော်လွန်၍ ကန့်ကွက်မည့်သူ မရှိပါက ဤအရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ပြီးမြောက်အောင် ဆက်လက်ဆောင်ရွက်မည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ခင်ပြုံးလှိုင်**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၉၃၁၉)**
**ဖုန်း - ၀၉-၄၂၃၆၅၄၀၄၀**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာချက်

ရန်ကုန်တိုင်းဒေသကြီး၊ တွံတေးခရိုင်၊ တွံတေးမြို့၊ ဂရက်လမီးကျေးရွာအုပ်စု၊ ဆိပ်ကြီးကျေးရွာတွင်နေထိုင်သော ဦးဇော်လင်းအောင် (ဘ) ဦးကျော်ဝင်း၊ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်[၁၂/တတန(နိုင်)၁၅၀၅၉၇] ကိုင်ဆောင်သူ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည် -

ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူ ဦးဇော်လင်းအောင်သည် ရန်ကုန်တိုင်းဒေသကြီး၊ တွံတေးခရိုင်၊ တွံတေးမြို့နယ်၊ ကွင်းအမှတ်-၈၃၊ ကွင်းအမည်-မူးလမန်းကွင်း၊ ဦးပိုင်အမှတ်-၇၈၊ မြေအမျိုးအစား-ဥယျာဉ်ခြံမြေ၊ ဒေါ်စောသောင်း အမည်ပေါက် ဧရိယာ (၁.၂၀)ဧကထဲမှ ကျွန်းတောရပ်ကွက်၊ ကန်သာယာ(၁၂)လမ်း၊ လမ်းသွယ်(၃)ဟုခေါ်တွင်သော အလျားပေ(၆၀)x အနံပေ(၄၀)ရှိ ခြံမြေအား တရားဝင်လွှဲပြောင်းရောင်းချခွင့်ရှိသူ မလင်းလင်းစိုး (ဘ) ဦးပု၊ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်[၁၂/တတန(နိုင်)၁၆၄၄၉၀] ကိုင်ဆောင်သူထံမှ အပြီးအပိုင်ဝယ်ယူရန်အတွက် ဦးဇော်လင်းအောင်မှ ရောင်းဖိုးငွေများထဲမှ တစ်စိတ်တစ်ဒေသအား စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသောကြောင့် ရောင်းချခြင်းကို ကန့်ကွက်လိုပါက ယခုကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ခိုင်လုံသော စာရွက်စာတမ်းမူရင်းအထောက်အထားများနှင့်အတူ ကျွန်ုပ်တို့ထံတွင် လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကိစ္စအား ပြီးမြောက်အောင် ဆောင်ရွက်မည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**

| | |
|---|---|
| **ဒေါ်ကေသွယ်မြတ်သန့် (LL.B)** | **ဒေါ်ရောစီးမိုး(LL.B)** |
| **အထက်တန်းရှေ့နေ** | **တရားလွှတ်တော်ရှေ့နေ** |
| **(စဉ်-၅၅၅၀၁)(၁၇-၅-၂၀၂၃)** | **(စဉ်-၁၂၁၉၈)(၂၈-၂-၂၀၁၇)** |
| **အမှတ်(၁၅၈)၊ ဂန္ဓမာလမ်း၊** | **ရွှေဆံတော်(၅)လမ်း၊ ရွှေဆံတော်ရပ်ကွက်** |
| **အုန်းပင်စုရပ်ကွက်၊ တွံတေးမြို့** | **တွံတေးမြို့၊ ရန်ကုန်တိုင်းဒေသကြီး။** |
| **၀၉-၄၂၀၀၉၂၈၇၁** | **၀၉- ၄၂၀၁၉၃၇၆၃** |

## (၁၁-၇-၂၀၂၅)ရက်နေ့ထုတ် ကြေးမုံသတင်းစာ၊ စာမျက်နှာ(၂၃) တွင်ဖော်ပြပါရှိသည့် မြတ်ကုဋေ-၁ ငါးသယ်ရေယာဉ်နှင့်ပတ်သက်၍ ကန့်ကွက်နိုင်ပါကြောင်းကြော်ငြာအား စာသားများကို အစားထိုးပြောင်းလဲပြင်ဆင်ကြေညာခြင်း

တနင်္သာရီတိုင်းဒေသကြီး၊ မြိတ်မြို့၊ ဆိပ်ငယ်ရပ်၊ ဗိုလ်ချုပ်လမ်း၊ အမှတ်(၆၉) နေ ဦးသန်းဦး [၆/မအရ(နိုင်)၀၆၁၆၆၅] ကိုင်ဆောင်သူမှ အမည်ပေါက်ပိုင်ဆိုင်ပြီး လက်ဝယ်ထားရှိသော "မြတ်ကုဋေ-၁" T-၁၃၉၈၊ ဂရန်အမှတ်-ON-၇၅၅၆(A)/၁၀၂၄၀ ပိုင်းချုပ်ငါးဖမ်းရေယာဉ်ကို ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ (၁)ရပ်ကွက်၊ အောင်ချမ်းသာ(၄)လမ်း၊ အမှတ်(၁၇)နေ ဦးနေဇော်ဦး [၆/ထဝန(နိုင်)၀၇၇၅၂၉] ကိုင်ဆောင်သူမှ အပြီးအပိုင်ဝယ်ယူခဲ့ပြီး ငါးလုပ်ငန်းဦးစီးဌာနနှင့် ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနတို့၏ ခွင့်ပြုချက်ဖြင့် ပိုင်းချုပ်ငါးဖမ်းလုပ်ငန်းမှ ငါးသယ်လုပ်ငန်းအဖြစ်သို့ (မြတ်ကုဋေ-၁ YCNF-၂၃၀၇၊ ဂရန်အမှတ်-ON-၇၅၅၆(A)/၁၀၂၄၀)အား ပြောင်းလဲလုပ်ကိုင်ခဲ့ပြီး ရေယာဉ်ပိုင်ရှင်အမည်နေရာတွင် ညီအရင်းဖြစ်သူ ဦးကျော်မျိုးဦး [၆/ထဝန(နိုင်)၀၈၇၂၁၃]အမည်သို့ ရေယာဉ်ပိုင်ရှင်၏အမည်အား ပြောင်းလဲလုပ်ကိုင်ရန်အတွက် ငါးလုပ်ငန်းဦးစီးဌာနနှင့် ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနတို့တွင် ရေယာဉ်ပိုင်ရှင်အမည်ပြောင်းလဲခြင်းကိစ္စအဝဝအား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသောကြောင့် ယခုအရောင်းအဝယ်ပြုလုပ်သည့်ရေယာဉ်နှင့်ပတ်သက်၍ ကန့်ကွက်ရန်ရှိပါက ခိုင်လုံသော စာရွက်စာတမ်းမူရင်းများနှင့်တကွ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ဖြစ်စေ (သို့) ကျွန်ုပ်တို့၏မိတ်ဆွေထံသို့ဖြစ်စေ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်သူမရှိပါက ရေယာဉ်ပိုင်ရှင်အမည်ပြောင်းလဲခြင်းကိစ္စအား တရားဥပဒေနှင့်အညီ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူမှ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်စိန်းစိန်းမော် (LL.B) (စဉ်-၆၄၈၇/၉၇) ဒေါ်ငုဝါလှိုင် (LL.B) (စဉ်-၅၀၉၀၅)**
**တရားလွှတ်တော်ရှေ့နေ အထက်တန်းရှေ့နေ**
**အမှတ်-၅၀၊ပ-ထပ်၊အခန်း (D-2)၊ ဘဏ်လမ်း၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၅၁၉၃၈၈၄**

## ဖခင်အမည်မှန်

ရန်ကုန်တိုင်း ဒေသကြီး၊ တိုက်ကြီးခရိုင်၊ တိုက်ကြီးမြို့နယ်၊ ရှမ်းစုရပ်ကွက်၊ သုခမြိုင်(၃) လမ်းနေ မသွယ်သွယ်ငြိမ်း၏ ဖခင် နိုင်ငံသားကတ်အမှတ် [၁၂/တကန(နိုင်)၁၂၈၈၃၇] ကိုင်ဆောင်သူ၏ အမည်မှန်မှာ ဦးလှမျိုးထွန်း ဖြစ်ပါကြောင်း။

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံမြို့သစ် (မြောက်ပိုင်း) မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၃၆၊ မြေကွက်အမှတ်-၆၄၇၊ မြေကွက်တည်နေရာ အမှတ်-၆၄၇၊ မြတ်မွန်လမ်း၊ (၃၆) ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း) မြို့နယ်၊ ဦးငြိမ်းချမ်းထက် [၁၂/သဃက(နိုင်)၁၄၀၄၅၉] အမည်ပေါက် နှစ်(၆၀)မြေငှားစာချုပ်(ဂရန်)မြေအား မြေအမည်ပေါက် ဦးငြိမ်းချမ်းထက် (ခင်ပွန်း)ကွယ်လွန်သဖြင့် ဒေါ်ဆုမိုးအောင်ခိုင် [၁၂/လမန(နိုင်)၁၄၆၃၅၆] မှ တစ်ဦးတည်းသော တရားဝင်ဇနီးဖြစ်ကြောင်းနှင့် ၎င်းမှလွဲ၍ အခြားဇနီး လုံးဝမရှိပါကြောင်း၊ တရားဝင်အမွေဆက်ခံပိုင်ဆိုင်ကြောင်း ကျမ်းကျိန်လွှာ၊ ထောက်ခံကျမ်းကျိန်လွှာ (၂)စောင်၊ သေဆုံးမှုလက်မှတ်၊ အိမ်ထောင်စုလူဦးရေစာရင်း၊ နှစ်(၆၀) မြေငှားစာချုပ်(ဂရန်)တို့တင်ပြ၍ ပိုင်ဆိုင်ကြောင်းစာချုပ် ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာခြင်းအား တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး**
**(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်**
**စည်ပင်သာယာရေးကော်မတီ**

## မိဘအမည်မှန်

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ပိုင်းခရိုင်၊ ဒလမြို့နယ်၊ အမှတ် (၇) အခြေခံပညာမူလတန်းကျောင်း၊ Grade-5 မှ ကျောင်းဝင်အမှတ်(၀၃၂၈) မောင်စိုးနိုင်လင်း၏ ဖခင်အမည်မှန်မှာ ဦးတင်နိုင်ဝင်းနှင့် မိခင်အမည်မှန်မှာ ဒေါ်လဲ့လဲ့စိုး ဖြစ်ပါကြောင်း။

## ကန့်ကွက်နိုင်ပါကြောင်း

